The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

### လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်၊ သောကြာနေ့။ Friday, 15 April 2022 ၁၀၇၀၅

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။
၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။
၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ပြင်ဦးလွင်တပ်နယ်ရှိ မိသားစုရေသဘင်မဏ္ဍပ်သို့ သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဧပြီ ၁၄

မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ် မြန်မာ့ရိုးရာမဟာအတာသင်္ကြန် အကျနေ့ဖြစ်သည့် ယနေ့ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ပြင်ဦးလွင်တပ်နယ်ရှိ မိသားစု ရေသဘင်မဏ္ဍပ်များ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဗိုလ်လောင်းများ၏ ပျော်ရွှင်စွာ ရေသဘင်ပွဲတော် ဆင်နွှဲနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။



### ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် စစ်တက္ကသိုလ်မိသားစု အတာရေသဘင်မဏ္ဍပ်သို့ရောက်ရှိကြရာ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ နှင့် ဗိုလ်လောင်းများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် မိသားစု သင်္ကြန်ယိမ်းအကအဖွဲ့များ၏ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂



### ကြည့်ရှုအားပေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တို့ စစ်တက္ကသိုလ်မိသားစု အတာရေသဘင်မဏ္ဍပ်၌ မိသားစုသင်္ကြန်ယိမ်းအကအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးစဉ်။


---

**ယနေ့** *ဖတ်စရာ*

**မိဿရာသီ ခါသင်္ကြန်နှင့် တော်ဝင်ပန်းကံ့ကော်**

ဆောင်းပါး

စာမျက်နှာ » ၆



**မဟာသင်္ကြန်(အကျနေ့)တွင် နေပြည်တော်၌ အေးချမ်းပျော်ရွှင်စွာ ရေကစားကြသူများ၊ အပန်းဖြေစခန်းများ၌ လာရောက်အပန်းဖြေသူများဖြင့် စည်ကား**

စာမျက်နှာ » ၈

**လူစုဝေးခြင်းအတွက် ကန့်သတ်ချက်အမိန့်အား ဧပြီ ၁၇ ရက်မှ စတင်၍ ပယ်ဖျက်**

စာမျက်နှာ » ၁၀

# လားရှိုးမြို့နယ် နောင်မွန်နယ်မြေရဲစခန်းရှိ တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးပြုလုပ်

နေပြည်တော် မေ ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ နောင်မွန်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် စောနိုင်နှင့် တပ်ဖွဲ့ဝင်များက မေ ၁၃ ရက် နံနက်ပိုင်းတွင် ရွာဦးကျောင်းစေတီကုန်းရှိ ဘုရားစေတီများကို ထုံးသင်္ကန်း၊ ရွှေသင်္ကန်းကပ်လှူပြီး ရေသပ္ပာယ်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား



# ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် မေ ၁၄

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချီလျက်ရှိသည်။




**မေ ၁၆ ရက် (စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄)၊ အမှတ် (၁၆) ၌** သူတစ်ပါးအကျိုးယုတ်စေမည့် မမှန်သတင်းများကို မပြောသင့်ကြောင်းနှင့် သူငယ်ချင်းအချင်းချင်း ချစ်ချစ်ခင်ခင် နေသင့်ကြောင်းကို တင်ဆက်ထားသည့် "မုန်းလို့" မျက်နှာဖုံးကာတွန်း၊ ရွက်ပြတ်ပင်နှင့် အမြစ်မြဲ စိမ်းများအကြောင်းကို တင်ဆက်ထားသည့်သုတဆောင်းပါး၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ"ကဏ္ဍ၊ သူငယ်ချင်းအချင်းချင်း မွေးနေ့လက်ဆောင်ပေးကြပုံအကြောင်း ရေးဖွဲ့ထားသည့်"ကီးကီး၊ ဂျိုးဂျိုး-အံ့သြခြင်းလက်ဆောင်" နှစ်မျက်နှာကာတွန်း၊ ထင်းခွေယောက်ျားဇနီးမောင်နှံတို့၏ စိတ်မကောင်းစရာအဖြစ်နှင့် ဆင်ဆရာ၏ ဘဝအပြောင်းအလဲအကြောင်းကို ရေးဖွဲ့ထားသည့် "မြေခံကောင်းက အပင်ရမည်" ပုံပြင်ကဏ္ဍ၊ ပြောစကားနားထောင်သည်ဆိုသော တာတေအကြောင်းကို ဟာသ ဖြစ်ဖွယ်ရေးဖွဲ့ထားသည့် "တာတေနှင့် သူ၏ညီမလေး" တစ်မျက်နှာကာတွန်း၊ လူကြီးမိဘတို့၏ ပြောစကားကို နားထောင်ပြီး တစ်ယောက်တည်း အပြင်မထွက်တော့ဘူး ဆိုသော သဲသဲအကြောင်း တင်ဆက်ထားသည့် "သူတို့သားအမိ" ဝတ္ထုကဏ္ဍအပါအဝင် အင်္ဂလိပ်စာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ကဗျာကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# မဟာသင်္ကြန်အကျနေ့ မုဒုံမြို့နယ်၌ ဘုရားစေတီများတွင် စည်ကားလျက်ရှိ

မုဒုံ မေ ၁၄

မဟာသင်္ကြန်အကျနေ့တွင် မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်းရှိ ဘုရားစေတီများတွင် ဘုရားဖူးသူများ၊ တရားဘာဝနာပွားများသူများနှင့် မြို့နယ်အတွင်းရှိ ရေကစားမဏ္ဍပ်များ၌ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားကြသူများဖြင့် စည်ကားလျက်ရှိသည်။

နှစ်သစ်ကူး မဟာသင်္ကြန်အချိန်ကာလတွင် မြို့နယ်အတွင်းရှိ အထင်ကရဘုရားများဖြစ်သော အတောင်(၄၀၀)ပြည့်လျောင်းတော်မူဘုရားကြီး၊ ခပ်ရခပ်ယူထိုင်တော်မူဘုရားကြီး၊ သမိုင်းဝင်ဆံတော်ရှင်ကန်ကြီးစေတီတော်၊ ကန်ကလေးစေတီတော်စသည့် ဘုရားစေတီပုထိုးများတွင် ဒေသခံပြည်သူများက ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် ရွှေသင်္ကန်းတို့ ကပ်လှူပူဇော်ကြသည်။

ထို့ပြင် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် စတုဒိသာများ ဧည့်ခံကျွေးမွေးလျက်ရှိရာ ဒေသခံများနှင့် ရေပက်ခံပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ရိုးရာမပျက်နှစ်စဉ်ကျင်းပလျက်ရှိကြောင်း သိရသည်။ **အောင်မိုးသူ(ပြန်/ဆက်)**



ကြေးမုံ

# အတာကူးသော နှစ်သစ်ကူး ကောင်းမှုအထူးပွားများ

အတာကူးသော တန်ခူးလတွင် မြေပြင်တွင် ရင်ခတ်ပန်းများပွင့်ကြသည်။ ကောင်းကင်တွင် စိတြကြယ် ထွန်းလင်းသည်။ နှစ်သစ်ကူးသော သင်္ကြန်အခါဖြစ်၍ ပြည်သူတို့ အတာရေသွန်းလောင်းကြသည်။ အတာရေသွန်းလောင်းခြင်းအစဉ်အလာသည် ကပိလဝတ်ပြည် သာကီဝင်မင်းတို့မှအစပြု၍ ပုဂံခေတ်တွင် စတင်ပေါ်ပေါက်လာခဲ့သည်။ တန်ခူးလအခါတွင် အတာကူးခြင်း၊ သင်္ကြန်ကျခြင်းတို့၏ အသွင်သဏ္ဌာန်ကို ရှေးဆရာတို့က အဓိပ္ပာယ်ဖော်ညွှန်းဖွင့်ဆိုခဲ့သည်။

အတာကူးပြောင်းခြင်း ဝေါဟာရအဓိပ္ပာယ်ကို "နှစ်ပြောင်းသည်၊ နှစ်ပြောင်းလ၊ တန်ခူးလ၊ မိဿရာသီ"ဟု ဖွင့်ဆိုထားသည်။ "တာ"မှာ အချိန်ဟူသည့် လ၊ ရာသီ၊ နှစ်ဖြစ်၏။ "ကူး"မှာ ပြောင်းခြင်းဟုဆို၏။ နက္ခတ်အလိုအားဖြင့် တနင်္ဂနွေနေမင်းသည် ရက်ပေါင်း ၃၀ ရှိ တစ်လအတွင်း နက္ခတ်နှစ်လုံးနှင့်ယှဉ်သွားပြီးမှ တစ်ရာသီသို့ ကူးပြောင်း၏။ တစ်ရာသီမှ တစ်ရာသီသို့ တနင်္ဂနွေဂြိုဟ် ကူးပြောင်းသည်ကို သင်္ကြန်ဟူ၍ ခေါ်၏။ ရက်ပေါင်း ၃၀ တစ်ရာသီ ၁၂ လစေ့၍ တစ်နှစ်ကြာလျှင် မိန်ရာသီမှ မိဿရာသီသို့ ကူးပြောင်းသည်ကို သင်္ကြန်ကျသည်ဟုဆိုသည်။

စင်စစ် နေ့နာရီ ၃၀၊ ညဥ့်နာရီ ၃၀ ရှိ ရက်ပေါင်း ၃၆၅ ရက်၊ ၁၅ နာရီ၊ ၃၁ ဗီဇနာ၊ ခရာ ၃၀ ပြည့်မှ မိန်ရာသီမှ မိဿရာသီသို့ တနင်္ဂနွေပြောင်း၍ မဟာသင်္ကြန်ကျ၏။ တစ်နှစ်မည်၏။ ဤကား တန်ခူးလသင်္ကြန်ကျခြင်းနှင့်စပ်လျဉ်း၍ ရှေးအစဉ်အလာရ သာမညမှတ်ချက်ဖြစ်၏။ အကျယ်ကိုကား မဟာသင်္ကြန်စာတို့၌ လေ့လာကြည့်နိုင်ပါ၏။ သို့ပါ၍ အတာကူးပြောင်းခြင်းသည် နက္ခတ်အလိုအရ နှစ်တစ်နှစ်ပြောင်းသည်ကို အကြောင်းပြု၍ ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာအရ နှစ်ဟောင်းမှ အညစ်အကြေးတို့ကို ဆေးကြောခြင်းအားဖြင့် အတာသင်္ကြန်သဘင် ဖြစ်ပေါ်လာသည်။ ရေသဘင်ပွဲတော် ပေါ်ပေါက်လာသည်။

အတာရေသဘင်ပွဲတော် ဆင်နွှဲရာ၌ အပျော်လွန်ကဲမှုများကို ယခုကာလမှသာ တွေ့ရသည်မဟုတ်၊ မြတ်စွာဘုရားရှင် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည်၌ အပျော်အရွှင်နက္ခတ်သဘင် ကျင်းပလေ့ရှိ၏။ ထိုပွဲမှာ ခုနစ်ရက်တိုင်တိုင်ကြာမြင့်ပြီး လူငယ်လူရွယ်တို့သည် လွန်စွာရမ်းရမ်းကားကား ပျော်ပါးကြသည်။ ထို့ကြောင့် လူကြီးလူကောင်းများ အပြင်သို့ မထွက်ကြဘဲ ခုနစ်ရက်ပတ်လုံး အိမ်တွင်းအောင်းနေကြရသည်။ မြတ်စွာဘုရားရှင်နှင့် သံဃာတော်တို့အားလည်း ထိုရက်အတွင်း၌ ဆွမ်းခံမထွက်ရန် လျှောက်ကြားပြီး ကျောင်းတိုက်အတွင်းမှာပင် ဆွမ်းအလုပ်အကျွေးပြုကြ၏။

ထိုအခါ မြတ်စွာဘုရားရှင်က "ပညာမဲ့သော လူမိုက်တို့သည် မေ့လျော့မှုကို အားထုတ်ကြ၏။ ပညာရှိသည်ကား မမေ့မလျော့ခြင်းကို အမြတ်ဆုံး ဥစ္စာကဲ့သို့ စောင့်ရှောက်၏။ ထို့ကြောင့် သင်တို့သည် မေ့လျော့ခြင်းကို အားမထုတ်ကုန်လင့်၊ အကြောင်းကား မမေ့မလျော့ ဈာန်ဝင်စားသူသည် ပြန့်ပြောသော ချမ်းသာသို့ ရောက်နိုင်သောကြောင့်တည်း"ဟု ဟောကြားတော်မူ၏။ ထိုနက္ခတ်ပွဲကို ဓမ္မပဒ၌ "ဗာလနက္ခတ္တ"ဟု ခေါ်၏။ လူမိုက်နက္ခတ်ပွဲဟုလည်း ဆိုကြ၏။ ကျွန်ုပ်တို့၏ အစဉ်အလာမပျက် ယဉ်ကျေးမှုသင်္ကြန်ကိုလည်း ထိုသို့ ဗာလမဖြစ်စေရန် စောင့်ထိန်းသင့်၏။ နှစ်တစ်နှစ်မှနှစ်တစ်နှစ်သို့ ကူးပြောင်းချိန်တွင် ကုန်လွန်ခဲ့သော နှစ်များအတွင်း မိမိတို့ကောင်းကျိုးများကို ပွားများခဲ့သည်လော၊ မကောင်းမှုများကို ပြုခဲ့ကြသည်လောဟု နှစ်သစ်ကူးပြောင်းသည့် ဤကာလတွင် ဆင်ခြင်သုံးသပ်သင့်၏။

အကယ်၍ နှစ်ဟောင်းတွင် မကောင်းမှုအကုသိုလ်အမှုများ၊ ညစ်နွမ်းသော ကိုယ်စိတ်နှစ်ပါးကြောင့် အကုသိုလ်အမှုများရှိခဲ့ပါက ယခုနှစ်သစ်ကူးပြောင်းသော အခါကာလတွင် မိမိတို့၏ ညစ်နွမ်းမှုများကို သင်္ကြန်ရေဖြင့် ဆေးကြောသန့်စင်ခြင်းကို အသွင်သဏ္ဌာန်အားဖြင့် ဆောင်ကြဉ်းခြင်းသည် အနှစ်သာရအားဖြင့် မိမိတို့၏ ကိုယ်စိတ်နှစ်ပါးရှိ ညစ်နွမ်းမှုများ၊ အကုသိုလ်အမှုများကို အမှန်တကယ် ဆေးကြောသန့်စင်ရန်အတွက် ဤကာလတွင် ကောင်းမှုကုသိုလ်များ မပြတ်ပွားများ အားထုတ်လုပ်ကိုင်ကြရမည်ဖြစ်သည်။ ထို့ကြောင့် မဟာသင်္ကြန်နှစ်သစ်ကူးကာလတွင် အစဉ်အလာအားဖြင့် ကောင်းမှုကုသိုလ်များ ပွားများအားထုတ်ကြခြင်းဖြစ်သည်။

သို့ဖြစ်ရာ မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်မှ ၁၃၈၄ ခုနှစ်သို့ ကူးပြောင်းသော မဟာသင်္ကြန်ကာလတွင် တိုင်းရင်းသားပြည်သူ မိဘညီအစ်ကိုမောင်နှမများ ပျော်ရွှင်စွာဖြင့် အတာသွန်းလောင်းပြီး ကောင်းမှုကုသိုလ်များ အထူးပွားများနိုင်ကြမည်ဟု မျှော်လင့်ပါကြောင်း။ ။

ကြေးမုံ
စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်အိအိမွန်
စာပြင် - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တက္ကသိုလ်မိသားစုအတာရေသဘင်မဏ္ဍပ်၌ အတာရေပက်ဖျန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်နည်းပညာတက္ကသိုလ် မိသားစုအတာရေသဘင်မဏ္ဍပ်၌ အတာရေပက်ဖျန်းစဉ်။



စစ်တက္ကသိုလ်မိသားစုအတာရေသဘင်မဏ္ဍပ်၌ ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲနေကြစဉ်။



တပ်မတော်နည်းပညာတက္ကသိုလ် မိသားစုအတာရေသဘင်မဏ္ဍပ်၌ ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲနေကြစဉ်။

❂ ရှေ့ဖုံးမှ

သီဆိုကပြဖျော်ဖြေမှုများ၊ ဗိုလ်လောင်းများ၏ တေးသီချင်းများ သီဆိုဖျော်ဖြေမှုများ၊ တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများနှင့်အတူ ဗိုလ်လောင်းများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲနေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲနေကြသည့် ဗိုလ်လောင်းများနှင့် စစ်တက္ကသိုလ်မှ အရာရှိကြီးများကို အတာရေများ ပက်ဖျန်းကြပြီး သီဆိုကပြဖျော်ဖြေကြသည့် ယိမ်းအဖွဲ့များနှင့် အရာရှိ၊ စစ်သည်မိသားစုများအား ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည်။

**ကြည့်ရှုအားပေး**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် တပ်မတော်နည်းပညာတက္ကသိုလ်မိသားစု အတာရေသဘင်မဏ္ဍပ်သို့ ရောက်ရှိကြပြီး မိသားစုသင်္ကြန်ယိမ်းအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများ၊ ဗိုလ်လောင်းများ၏ တေးသီချင်းများ သီဆိုဖျော်ဖြေမှုများနှင့် ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲနေကြသည့် ဗိုလ်လောင်းများနှင့် နည်းပြအရာရှိကြီးများကို အတာရေများပက်ဖျန်းကြပြီး သီဆိုကပြဖျော်ဖြေခဲ့ကြသည့် ယိမ်းအဖွဲ့များနှင့် အရာရှိ၊ စစ်သည်မိသားစုများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**သတင်းစဉ်**

# မဟာသင်္ကြန်(အကျနေ့)တွင် မန္တလေးမြို့၌ အေးချမ်းပျော်ရွှင်စွာ ရေကစားကြသူများဖြင့် စည်ကား

မန္တလေး ဧပြီ ၁၄

ယနေ့ကျရောက်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်(အကျနေ့)တွင် မန္တလေးမြို့အတွင်းရှိ ဘုရားစေတီပုထိုးများတွင် ဘုရားဖူးလာပြည်သူများ၊ ရေကစားမဏ္ဍပ်များတွင် ပျော်ရွှင်စွာရေကစားကြသူများ၊ ရေပက်ခံထွက်ကြသူများနှင့် စတုဒိသာကျွေးမွေးသူများဖြင့် သင်္ကြန်ပွဲတော်ကို ဆင်နွှဲကြသည်။

နံနက်ပိုင်းမှစတင်၍ မန္တလေးမြို့ကျုံးတောင်ဘက်ခြမ်းရှိ ရေကစားမဏ္ဍပ်များနှင့် မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်တွင် လာရောက်ရေကစားကြသူများဖြင့် စည်ကားလျက်ရှိပြီး တေးသံရှင်များနှင့် အနုပညာရှင်များက အတာသင်္ကြန် တေးသီချင်းများဖြင့် ဖျော်ဖြေကြပြီး ဝန်ကြီးဌာနများနှင့် အနုပညာဦးစီးဌာနမှ ယိမ်းအကအဖွဲ့များက အကအလှများဖြင့် ကပြဖျော်ဖြေကြသည်။

ထို့ပြင်မန္တလေးမြို့ ကျုံးတောင်ဘက်တစ်လျှောက်ရှိ ဝန်ကြီးဌာနအသီးသီးမှ ရေကစားမဏ္ဍပ်များ၌ စတုဒိသာကျွေးမွေးလှူဒါန်းသူများဖြင့် စည်ကားလျက်ရှိသည်။

ထိုသို့ မဟာသင်္ကြန်ကာလအတွင်း ပြည်သူများ စိတ်လက်ချမ်းသာ အေးချမ်းပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်စေရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ပူးပေါင်းအဖွဲ့များဖွဲ့စည်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မောင်အေးချမ်း**



မန္တလေးမြို့ကျုံးတောင်ဘက်ခြမ်းရှိ ရေကစားမဏ္ဍပ်များတွင် ပျော်ရွှင်စွာရေကစားနေကြသူများကို တွေ့ရစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ စိန်ပန်းရိပ်သာမိသားစု မဟာသင်္ကြန်မဏ္ဍပ်၌ မိသားစုသင်္ကြန်ယိမ်းအကအဖွဲ့များ၏ သီဆိုကပြ ဖျော်ဖြေနေမှုများကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုရေကစားမဏ္ဍပ်၌ အတာရေပက်ဖျန်းစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စခန်းမှူးရုံး မိသားစုမဟာသင်္ကြန်မဏ္ဍပ်၌ ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲနေကြစဉ်။

❖ ကျောဖုံးမှ

ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဇနီးများနှင့်အတူ တက်ရောက်ကြည့်ရှု အားပေးကြပြီး သီဆိုကပြ ဖျော်ဖြေကြသည့် အနုပညာရှင်များနှင့် ယိမ်းအဖွဲ့များကို ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။

**ကြည့်ရှုအားပေး**

အလားတူ ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဝင်းအတွင်း အိမ်ထောင်သည်လိုင်းများအနီးရှိ စိန်ပန်းရေကစားမဏ္ဍပ်၊ မကျည်းရိပ် ရေကစားမဏ္ဍပ်များသို့ သွားရောက်၍ မဏ္ဍပ်များတွင် နိုင်ငံကျော် အနုပညာရှင်များနှင့် တေးသံရှင်များ၊ မိသားစုသင်္ကြန်ယိမ်းအကအဖွဲ့များက တေးသီချင်းများ၊ ယိမ်းအကများဖြင့် သီဆိုကပြ ဖျော်ဖြေနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး စစ်သည်မိသားစုများနှင့်အတူ သင်္ကြန်ရေကစားခဲ့ကြောင်းနှင့် လာရောက်ရေကစားကြသူများကို စတုဒိသာအကျွေးအမွေးများဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



စိန်ပန်းရိပ်သာမိသားစု မဟာသင်္ကြန်မဏ္ဍပ်၌ ပျော်ရွှင်စွာ ရေကစားနေကြသူများကိုတွေ့ရစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ ၂၀၂၂ခုနှစ် ပြည်ထဲရေးဝန်ကြီးဌာနမိသားစု မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်သို့တက်ရောက်

**နေပြည်တော် ဧပြီ ၁၄**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် Jean Phang နော်တောင်၊ စောဒန်နီယယ်နှင့် ဒေါက်တာဗညားအောင်မိုး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီးဦးချစ်နိုင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဧည့်သည်တော်များနှင့်ဇနီးများသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ပြည်ထဲရေးဝန်ကြီးဌာန မိသားစုမြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ်သို့ သွားရောက်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့်ဇနီး၊ ဒုတိယဝန်ကြီးဗိုလ်ချုပ်စိုးတင့်နိုင်နှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန်နှင့်ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့်ဇနီးများ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများက ကြိုဆိုခဲ့ကြသည်။

**ပျော်ရွှင်စွာရေကစား**

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာနမိသားစု မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ဝန်ထမ်းမိသားစုယိမ်းအဖွဲ့များက မြန်မာ့ရိုးရာသင်္ကြန်အကများဖြင့် တီးမှုတ်ကပြဖျော်ဖြေကြပြီး သင်္ကြန်ကာလစားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံကျွေးမွေးကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် ဇနီးများက ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသော ကိုဗစ် - ၁၉ရောဂါကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ပျော်ရွှင်စွာ ရေကစားကြကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန် စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာ သင်္ကြန်မဏ္ဍပ်ဖွင့်ပွဲနှင့် ဌာနဆိုင်ရာ ရေကစားမဏ္ဍပ်များ၊ စစ်တွေတပ်နယ်ရေကစားမဏ္ဍပ်များသို့ လှည့်လည်ကြည့်ရှုအားပေး

**စစ်တွေ ဧပြီ ၁၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်သည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ဝါဝါထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာသင်္ကြန်ဖျော်ဖြေရေးမဏ္ဍပ်ဖွင့်ပွဲနှင့် ဌာနဆိုင်ရာ မဏ္ဍပ်များ၊ စစ်တွေတပ်နယ်လေးဝတီ ရေကစားမဏ္ဍပ်များသို့ လှည့်လည်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်နှင့်အဖွဲ့သည် စစ်တွေမြို့ မိဇ်ရပ်ကွက် ကမ်းနားလမ်း၌ ကျင်းပသော (၈)ကြိမ်မြောက် စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာသင်္ကြန်ပွဲတော် ဖျော်ဖြေရေးမဏ္ဍပ်အား ရခိုင်မင်္ဂလာစည်တော်ရွှမ်းကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးကိုလေးနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ရခိုင်မင်္ဂလာစည်တော်ဝိုင်းမှ ဦးလှဝင်းက မျိုးဟန်ထင်ရှား ရခိုင်သား ဇကေပိုဒ်ရတုဖြင့် သီဆိုဖျော်ဖြေသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်က နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားပြောကြားပြီး ပွဲတော်ကျင်းပရေး ကော်မတီဥက္ကဋ္ဌက ပွဲတော်ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကျင်းပရေးကော်မတီသို့ ထောက်ပံ့ငွေကျပ် သိန်း ၂၅၀ ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ပေးအပ်ချီးမြှင့်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ပြည်နယ်ဝန်ကြီးများနှင့် အလှူရှင်များက ရခိုင်ရိုးရာ သင်္ကြန်ပွဲတော်ကျင်းပရေးကော်မတီနှင့် ယိမ်းအကအဖွဲ့များသို့ ထောက်ပံ့ငွေနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းမှူးနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ဝါဝါထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများသည် ပန်းမြတ်သဇင်ရခိုင်ရိုးရာရေလောင်းမဏ္ဍပ်မှ မဏ္ဍပ်ရှင်မများနှင့်အတူ ရခိုင်ရိုးရာအစဉ်အလာမပျက် လောင်းလှေများဖြင့် ရေပက်ကစားကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မဟာသင်္ကြန်မဏ္ဍပ်သို့ သွားရောက်ပြီး မဟာသင်္ကြန်မဏ္ဍပ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။





ဆက်လက်၍ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ယိမ်းအကအဖွဲ့များက ကပြဖျော်ဖြေကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အတာရေများဖြင့် ပက်ဖျန်းကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းမှူးနှင့် ဇနီးတို့က ကပြဖျော်ဖြေကြသော ယိမ်းအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်နှင့် အဖွဲ့သည် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ရေကစားမဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ စစ်တွေမြို့ပေါ်ရှိ ရေကစားမဏ္ဍပ်များတွင် ပြည်သူများ ပျော်ရွှင်စွာ ရေကစားနေမှု၊ မော်တော်ယာဉ်များဖြင့် ရေပက်ခံထွက်နေမှု၊ အတာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲနေမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်နှင့်အဖွဲ့သည် စစ်တွေတပ်နယ်ရှိလေးဝတီရေကစားမဏ္ဍပ်သို့သွားရောက်ကြပြီး ယိမ်းအကအဖွဲ့များ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြကာ ယိမ်းအကအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြပြီး ယိမ်းအဖွဲ့များနှင့်အတူ အတာရေ ပက်ဖျန်းကစားကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန ရေကစားမဏ္ဍပ်၊ ဦးဥတ္တမပန်းခြံရှိမဟာသင်္ကြန်ဗဟိုမဏ္ဍပ်များသို့ သွားရောက်ပြီး ယိမ်းအကအဖွဲ့များ၊ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များ၏ ကပြသီဆိုဖျော်ဖြေမှုများကိုသွားရောက်ကြည့်ရှုအားပေးကြကာ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

စစ်တွေမြို့ရှိ ဌာနဆိုင်ရာ ရေကစားမဏ္ဍပ်များ၊ စစ်တွေတပ်နယ်ရေကစားမဏ္ဍပ်နှင့် ရခိုင်ရိုးရာ ရေကစားမဏ္ဍပ်များတွင် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် နေထက်လင်း၊ ဘုန်းလျှံနှင့် ရခိုင်အဆိုတော်များ၊ ဌာနဆိုင်ရာ ယိမ်းအကအဖွဲ့များနှင့် စစ်တွေတပ်နယ်မှ ယိမ်းအကအဖွဲ့များက ကပြသီဆိုဖျော်ဖြေလျက်ရှိရာ သင်္ကြန်အကျနေ့တွင် ကားများဖြင့် ရေပက်ခံထွက်သူများ၊ ရေကစားကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)တွင် မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**နေပြည်တော် ဧပြီ ၁၄**

နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (စစ်ကိုင်း)တွင် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက အဆိုပါကျောင်းဝင်း အတွင်း၌ ကျင်းပသည်။

ဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (စစ်ကိုင်း)ရှိ ကျောင်းအုပ်ဆရာကြီးက အဖွင့်အမှာစကားပြောကြားပြီး ဝန်ထမ်းနှင့် မိသားစုဝင်များ၏ သင်္ကြန်ယိမ်းအက၊ အလှအဖွဲ့များက မြူမှောင်ဝေကင်း သီချင်းဖြင့် ဖွင့်လှစ်သီဆို ကပြဖျော်ဖြေကြပြီး ပျော်ရွှင်စွာ ရေပက်ဖျန်းကစားကြသည်။

သင်္ကြန်ကာလအတွင်း တရားနာ ဥပုသ်သီလ ဆောက်တည်ခြင်း၊ ကျောင်းတွင်းရှိ သက်ကြီးရွယ်အိုများကို ကိုယ်လက်သန့်စင်ပေးခြင်း၊ လက်သည်း၊ ခြေသည်းညှပ်ပေးခြင်း၊ ရေကစားမဏ္ဍပ်တွင် သီဆိုကပြဖျော်ဖြေခြင်း၊ ရေကစားခြင်းနှင့် စတုဒိသာကျွေးမွေးခြင်းတို့ကို ရိုးရာမပျက် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

မြန်မာ့ရိုးရာ မဟာသင်္ကြန်ဖွင့်ပွဲအခမ်းအနားသို့ ဒီဂရီကောလိပ်ရှိ ကျောင်းအုပ်ဆရာကြီး၊ ညွှန်ကြားရေးမှူးများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



**ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# မိဿရာသီခါသင်္ကြန်နှင့် တော်ဝင်ပန်းကံ့ကော်

ရှေးစာဆိုများက ဆယ့်နှစ်လရာသီတွင် အရေးကြီးသည့်ပွဲတော် ၁၂ မျိုးကို “သင်္ကြန်တာကူး၊ နှစ်ဦးညောင်ရေ၊ စာပလွှေခင်း၊ ပဉ္စင်းတော်ခံ၊ စာရေးတံနှင့် မြစ်ယံပွဲကြီး၊ ဆီမီးထွန်းချိန်၊ ကထိန်နတ်ကျင်း၊ မြင်းခင်းထွက်ဝင်၊ သဘင်မီးဖုံး၊ ဂူလုံးသဲပုံ၊ စေ့စုံစီလျဉ်၊ ဤသို့ယှဉ်သား၊ လစဉ်စမြဲ၊ ဆယ့်နှစ်ပွဲ” ဟု စပ်ဆိုခဲ့သည်ကို မှတ်သားရဖူးပါသည်။

## သင်္ကြန်အဓိပ္ပာယ်

သင်္ကြန်ဟူသောဝေါဟာရသည် သင်္ကန္တ (ခေါ်) ပါဠိဘာသာ၊ သင်္ကြန္တ (ခေါ်) သက္ကတဘာသာတို့မှ ဆင်းသက်လာသောဝေါဟာရ ဖြစ်ပါသည်။ သင်္ကန္တ၊ သင်္ကြန္တဟူသည် ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ရသည်။ တပေါင်းလတွင် မြန်မာနှစ်တစ်နှစ်ကုန်ဆုံးကာ နှစ်ဟောင်းကုန်၍ တန်ခူးလတွင် နှစ်သစ်ကြုံရသောကာလ၊ နှစ်သစ်ကူးပြောင်းသောကာလဟု ဆိုလိုခြင်းဖြစ်ပါသည်။ နွေရာသီ၏ အပူဒဏ်ကို သင်္ကြန်ရေဖြင့် အေးမြစေသည် (ဝါ) နှစ်ဟောင်းမှ အညစ်အကြေးများကို သင်္ကြန်ရေဖြင့် ဆေးကြောသစ်လွင်တောက်ပသန့်စင်လာစေပါသည်။

## မဟာသင်္ကြန်နှင့် ခေါင်းဆေးမင်္ဂလာ

တန်ခူးလတွင် ရှေးမြန်မာမင်းများလက်ထက်က သင်္ကြန်ခေါ်ပွဲ၊ ခေါင်းဆေးမင်္ဂလာ ဆင်ယင်ကျင်းပပွဲ၊ ရေဖျန်းသဘင်ခံယူပွဲတို့ကို အလေးအမြတ်ထားကျင်းပခဲ့ကြသည်။ ဦးခေါင်းဆေးမင်္ဂလာပြုရခြင်းမှာ မိမိတို့ကိုယ်အင်္ဂါတွင် ဦးခေါင်းသည် အမြင့်မြတ်ဆုံးဖြစ်ပြီး ဦးခေါင်းတွင် နှစ်ဟောင်းမှ ကပ်ငြိသော အညစ်အကြေး၊ ကံဆိုးကံညံ့နှင့် မကောင်းမှုဒုစရိုက်အားလုံး နှစ်သစ်တွင်ပါမလာစေရန် ဦးခေါင်းကို စင်ကြယ်စွာဆေးကြောခြင်းဖြင့် နှစ်သစ်ကို ကုသိုလ်စိတ်ဖြင့် ကြိုဆိုကြခြင်း ဖြစ်ပါသည်။ လူအများစုက နှစ်ဆန်းတစ်ရက်နေ့မှာ ခေါင်းလျှော်ရမည်ဟု အစွဲရှိကြသည်။ သို့သော် မဟာသင်္ကြန်နှင့် ခေါင်းဆေးမင်္ဂလာ ရက်မြတ်သတ်မှတ်ရွေးချယ်နည်းကို သိသူနည်းသည်။ မဟာသင်္ကြန် သုံးမျိုးရှိပါသည်။ ၎င်းတို့မှာ ဗသျှုးသင်္ကြန်၊ အာရာမသင်္ကြန်နှင့် သမန္တသင်္ကြန်တို့ ဖြစ်ကြသည်။ ဗသျှုးသင်္ကြန်တွင် သင်္ကြန်မဝင်မီ ဦးခေါင်းဆေးရမည်ဖြစ်ပြီး အာရာမသင်္ကြန်တွင် သင်္ကြန်ဝင်ဆဲတွင် ဦးခေါင်းဆေးမင်္ဂလာကို ပြုရမည်ဖြစ်ကာ သမန္တသင်္ကြန်သည် သင်္ကြန်ကျအပြီး ၂၄ နာရီအတွင်း ဦးခေါင်းဆေးမင်္ဂလာကိုပြုရမည်ဟု ရှေးပညာရှိကဝိများက သတ်မှတ်ထားသည်။

## ခါသင်္ကြန်ရိုးရာ အစားအစာများ

သင်္ကြန်ကာလတွင် တစ်ဦးနှင့်တစ်ဦး မြူးထူးပျော်ရွှင်စွာ ရေစင်ဖျန်းပက်ကစားကြရာ၌ မငြူစူကြည်ဖြူစွာ ရေကစားကြခြင်းက ချစ်စရာကောင်းလှသည့် မြန်မာ့ရိုးရာဓလေ့တစ်ရပ် ဖြစ်ပါသည်။ ထို့အတူ ရပ်တကာ၊ နယ်တကာတွင် သူသူငါငါ လူတကာကို စတုဒိသာ ကျွေးမွေးဧည့်ခံကြသည်ကလည်း ကြည်နူးစရာ ရှေးအစဉ်အလာ ဒါနတစ်ခုဖြစ်သည်။ သင်္ကြန်အခါသမယတွင် အုန်းလက်နှင့်တမာခက်များ မိုးကာထားသော သင်္ကြန်မဏ္ဍပ်အတွင်း ဒါနအမှုပြုလေ့ရှိကြသည့် သင်္ကြန်ထမင်း၊ မုန့်လက်ဆောင်း၊ ရွှေရင်အေး၊ မုန့်လုံးရေပေါ်၊ ပေါင်မုန့်အုန်းနို့ဆမ်း စသည့်မြန်မာ့ရိုးရာ အစားအစာများက ခါသင်္ကြန်ဖြင့် လိုက်လျောညီထွေရှိလှသည်။ ဝါသနာပါသူများကလည်း အစဉ်အလာမပျက် မိမိနေအိမ်တွင် သင်္ကြန်အစားအစာများကို ပြုလုပ်၍ အိမ်နီးချင်းမိတ်ဆွေများကို ဝေငှလှူဒါန်းကြသည်က အရိုးပေါ် အရွက်မဖုံးသည့် ချစ်စရာ့ဓလေ့ဖြစ်ပါသည်။ အကယ်၍ မုန့်လုံးရေပေါ်ထဲတွင် အပျော်သဘောအနေဖြင့် ငရုတ်သီးစိမ်းတောင့်ဝါးမိခဲ့လျှင် “ကံဆိုးသူမောင်ရှင်”လို့ မယူဆဘဲ Capsaicin၊ Capsanthin နှင့် Capsorubin စသည့် အယ်လ်ကာလီဓာတ်ပေါင်းစုများ ရရှိစေသည့်အတွက် ဦးနှောက်ကို တက်ကြွလန်းဆန်းစေသည်၊ တစ်နှစ်ပတ်လုံး ကျန်းမာရေးကောင်းစေသည်ဟု အကောင်းမြင်ဘက်က ရှုကြစေလိုပါသည်။

## တန်ခူးလရာသီ ကံ့ကော်ပန်း

တန်ခူးလသည် ရှေးကာလ ပေါရာဏဝေါဟာရအဆိုအရ အညာဒေသ၌ ထန်းဖူးသည်ကို အကြောင်းပြု၍ ထန်းခူးလမှ တန်ခူးလဟု ပြောင်းလဲလာခဲ့ကြောင်း လေ့လာသိရှိရသည်။ တန်ခူးလ၌ ကျီးတာရာနက္ခတ်သောက်ရှူးတောက်ပပြီး ရာသီပန်းမှာ ကံ့ကော်ပန်း ဖြစ်ပါသည်။ ရှေးအခါက နန်းတွင်းသူများသည် ကံ့ကော်ပန်းကို တယုတယပန်ဆင်ကြသဖြင့်လည်း တန်ခူးလ တော်ဝင်ပန်းအဖြစ် သတ်မှတ်ခဲ့ကြောင်း မှတ်သားရပါသည်။ စွယ်တော်ပန်းနှင့် ရင်ခတ်ပန်းတို့ကလည်း တန်ခူးလကို အားဖြည့်ပေးကြသလို ပိတောက်ပန်းနှင့် ငုပန်း ဝါဝါထိန်ထိန်တို့ကလည်း ရာသီခွင်တွင် အားပြိုင်ထားကြသည်။ ထို့ကြောင့် မြန်မာ့ ဆယ့်နှစ်လ၏ ပထမဆုံးလဖြစ်သော တန်ခူးလကို ပန်းမျိုးစုံဖူးငုံပွင့်သောလ၊ သာယာကြည်နူးဖွယ်ကောင်းသောလဟူ၍ ကဗျာလင်္ကာအမျိုးမျိုး ဖွဲ့ဆိုကြသည်။ တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်း၏ သက်ကြီးပူဇော်ခံ စာရေးဆရာမကြီး ရွှေကူနန်းနွဲ့နွဲ့၏ ရသမွေးထုံ စာပန်းရဂုံစာအုပ်ထဲတွင် နှောင်းလူများသိစေရန်အတွက် သာယာလှပ ဆယ့်နှစ်လရာသီမှ “တန်ခူးလ” အကြောင်းကို ယခုလို ကဗျာဖွဲ့သီထားပါသည်။

**ပထမဆုံးလအမည် တန်ခူးမည်ပါသည်**
**နှစ်ဟောင်းကုန်ပြီ နှစ်သစ်သို့**
**ကူးပြောင်းကြပါစို့။**
**သင်္ကြန်ရက်မို့ ရေပက်ပျော်**
**ငုပန်းပိတောက်၊ ရွှေကံ့ကော်**
**မုန့်လုံးရေပေါ် ရွှေရင်အေး**
**လာပါစားပါ ယဉ်ယဉ်ကျေး**



## တင်ထက်ထက်ဇော်

**မြန်မာတို့ရဲ့ နှစ်ကူးတေး**
**တူးပို့ဟစ်ခါကြွေး၊ အေး ... အပေးပေး၊**
**အေး ... အပေးပေး။**

## ကံ့ကော်အကြောင်း သိကောင်းစရာ

ကံ့ကော်ကို အင်္ဂလိပ်အမည်အားဖြင့် Cobra’s Saffron ဟု ခေါ်သည်။ Guttiferae ကံ့ကော်မျိုးရင်းဖြစ်ပြီး ရုက္ခဗေဒအမည်မှာ Mesua ferrea Linn ဖြစ်သည်။ အမြဲစိမ်းပင်ကြီးမျိုးဖြစ်သည်။ ပင်စည်ဖြောင့်မတ်၍ အခေါက်ကြမ်းသည်။ အကိုင်းအခက်များစွာဖြာသည်။ အပွင့်မှာ တစ်ပွင့်တည်း (သို့မဟုတ်) စုပွင့်သည်။ အချင်း ၁-၃ လက်မထိရှိပြီး ပွင့်ဖတ်အဖြူရောင် ရှိသည်။ အလယ်တွင် ဝါ၍ မွှေးသော ဝတ်ဆံတို့သည် တစုတဝေးတည်း လုံးထွေးနေသည်။ တပို့တွဲလမှ တန်ခူးလအတွင်း ပွင့်သည်။ အသီးသည် အနည်းငယ်ထိပ်ချွန်၍ လုံးဝိုင်းသည်။ အရွယ်အစားအမျိုးမျိုးရှိသည်။ အခြေကိုတည်မြဲနေသော ပွင့်ဖတ်ဖြင့် ဝန်းရံထားသည်။ ကဆုန်နှင့် နယုန်လတွင် သီးသည်။ အစေ့မှာ ၁-၄ စေ့အထိပါရှိသည်။ ကံ့ကော်ပင်တို့ကို မြန်မာနိုင်ငံအနှံ့အပြားတွင် တွေ့ရတတ်ပြီး အထူးသဖြင့် တနင်္သာရီတိုင်းဒေသကြီးတွင် တွေ့နိုင်သည်။ သဘာဝအလျောက်ပေါက်ရောက်သည်။ အမြဲစိမ်းလန်းသောသစ်တောများတွင် အမြင့်ပေ ၃၅၀၀ အထိ ပေါက်ရောက်သည်။ ဥယျာဉ်ခြံများတွင်လည်း အလှစိုက်ပျိုးကြသည်။

အဖြူရောင်ပွင့်ချပ်လေးပေါ် ရွှေမှုန်ရောင်ဝတ်ဆံလေးများနှင့် ကံ့ကော်ပန်းက နှစ်သက်စရာကောင်းလှသလို ရနံ့သင်းလှသည့်အတွက် အမျိုးသမီးတိုင်း နှစ်သက်ကြသည်။ ပန်းခြောက်သွားသောအခါတွင်လည်း ကံ့ကော်ဝတ်ဆံလေးများကို တခုတ်တရသိမ်းထားကာ သနပ်ခါးသွေးရာတွင် ၎င်းဝတ်ဆံလေးများ ထည့်၍ သနပ်ခါးလိမ်းကြသည်။ အပွင့်၊ ဝတ်ဆံ၊ အစေ့၊ အမြစ်၊ အခေါက်၊ အဆီအားလုံး ဆေးဖက်ဝင်သည်။ မြန်မာ့ဆေးကျမ်းများအလိုအရ ကံ့ကော်သည် အစာကိုကြေစေသည်၊ အရောင်အဆင်းကို ဖြစ်စေသည်။ သွေးဖောက်ပြန်ခြင်း၊ နှလုံးနာကျင်ခြင်း၊ အဆိပ်သင့်ခြင်း၊ ဆီးအိမ်နာကျင်ကိုက်ခဲခြင်း၊ ရောင်ရမ်းခြင်းတို့ကို ပျောက်စေ၍ အားကြွစေသည်ဟု ဆိုထားသည်။

အချုပ်အားဖြင့်ဆိုသော် သင်္ကြန်မိုးကိုကြိုဆိုသည့် ရေသဘင်ပွဲသည် မြန်မာတို့အတွက် ဂုဏ်ယူဖွယ်ရာ “ဒြပ်မဲ့ယဉ်ကျေးမှု”တစ်ခု ဖြစ်ပါသည်။ နှစ်သစ်ကူးမင်္ဂလာအခါတော်တွင် တစ်ဦးနှင့်တစ်ဦး ကြည်ကြည်နူးနူး ရေပက်ကစားကြကာ သင်္ကြန်ရေက အေးမြကြည်လင်စေခြင်း၊ အညစ်အကြေးကို ဆေးကြောပေးခြင်းနှင့် ရေကိုသား၍ အကြားမထင်ဘဲ ဆက်စပ်နေခြင်း ဖြစ်ပါသည်။ ထို့ပြင် ဗုဒ္ဓဘာသာနွယ်ဝင် မြန်မာလူမျိုးတို့သည် အတာသင်္ကြန်တွင် ရိုးရာယဉ်ကျေးမှု စရိုက်လက္ခဏာကို စောင့်ထိန်းကာ ပျော်ရွှင်စွာရေကစားကြရင်း၊ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ကျန်းမာပျော်ရွှင်စွာ မင်္ဂလာနှစ်သစ်ကို ကြိုဆိုကြပါစို့။ ။

**“သင်္ကြန်မိုးကိုကြိုဆိုသည့် ရေသဘင်ပွဲသည် မြန်မာတို့အတွက် ဂုဏ်ယူဖွယ်ရာ “ဒြပ်မဲ့ယဉ်ကျေးမှု”တစ်ခု ဖြစ်ပါသည်။ နှစ်သစ်ကူးမင်္ဂလာအခါတော်တွင် တစ်ဦးနှင့်တစ်ဦး ကြည်ကြည်နူးနူး ရေပက်ကစားကြကာ သင်္ကြန်ရေက အေးမြကြည်လင်စေခြင်း၊ အညစ်အကြေးကို ဆေးကြောပေးခြင်းနှင့် ရေကိုသား၍ အကြားမထင်ဘဲ ဆက်စပ်နေခြင်း ဖြစ်ပါသည်။ ထို့ပြင် ဗုဒ္ဓဘာသာနွယ်ဝင် မြန်မာလူမျိုးတို့သည် အတာသင်္ကြန်တွင် ရိုးရာယဉ်ကျေးမှုစရိုက်လက္ခဏာကို စောင့်ထိန်းကာ ပျော်ရွှင်စွာ ရေကစားကြရင်း ကျန်းမာပျော်ရွှင်စွာ မင်္ဂလာနှစ်သစ်ကို ကြိုဆိုကြပါစို့”**

# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သင်္ကြန်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဧပြီ ၁၄**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ဇနီးတို့သည် ယမန်နေ့က ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဝန်ကြီးဌာနလက်အောက်မှ ဌာနအကြီးအမှူးများ၊ ၎င်းတို့၏ ဇနီးများနှင့်အတူ နေပြည်တော်ရှိ ဝန်ကြီးဌာန၏ ရုံးဌာနများနှင့် မြန်မာ့မီးရထားရုံးချုပ်တို့၌ ကျင်းပသည့် ၁၃၈၃ ခုနှစ် ဝန်ကြီးဌာန၏ မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။





**သင်္ကြန်ရေပက်ဖျန်း**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး ရုံးအမှတ်(၅) ခန်းမဆောင်၌ ကျင်းပသည့် မြန်မာ့ရိုးရာ မဟာသင်္ကြန်ရေသဘင်အကြို ပျော်ပွဲရွှင်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဝန်ထမ်းများက သင်္ကြန်ယိမ်းအကများ၊ သီချင်းများဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကာ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က ကပြဖျော်ဖြေသော ဝန်ထမ်းများကို ဂုဏ်ပြုဆုချီးမြှင့်၍ သင်္ကြန်ရေပက်ဖျန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး ရုံးအမှတ်(၂)သို့လည်းကောင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး ရုံးအမှတ် (၂၉) ခန်းမဆောင်ကြီးသို့လည်းကောင်း၊ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ မြန်မာ့မီးရထားရုံးချုပ် နေပြည်တော်ဘူတာကြီးနယ်မြေ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၁၃၈၃ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန် ရေကစားမဏ္ဍပ်ဖွင့်ပွဲသို့လည်းကောင်း ရောက်ရှိပြီး ဝန်ကြီးဌာန၏ ဝန်ထမ်းအမျိုးသမီးငယ်များ၏ ယိမ်းအကအဖွဲ့များက သင်္ကြန်ယိမ်းအကများ၊ သင်္ကြန်သီချင်းများဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကာ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က အကအဖွဲ့များကို ဂုဏ်ပြုဆုများ ချီးမြှင့်သည်။ ထို့နောက် ဧည့်သည်တော်များနှင့် ဝန်ထမ်းမိသားစုများသည် သင်္ကြန်အကြိုနေ့ အထိမ်းအမှတ်အဖြစ် ပျော်ရွှင်စွာ ရေကစားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ၁၃၈၃ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန် အခမ်းအနား ကျင်းပ

**နေပြည်တော် ဧပြီ ၁၄**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ၁၃၈၃ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန် အခမ်းအနားကို ယနေ့ သင်္ကြန်အကျနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ရုံးအမှတ်(၂၇) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၌ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။





**ပါဝင်ဆင်နွှဲ**

ရိုးရာမဟာသင်္ကြန်အခမ်းအနားကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးသန့်စင်နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် အရာထမ်း/အမှုထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြပြီး ဦးစီးဌာနများနှင့် လုပ်ငန်းများကိုယ်စားပြု သင်္ကြန်အလှမယ် ယိမ်းအကအဖွဲ့များက ယိမ်းအကများ၊ တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

**ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာသူ ဧည့်သည်တော်များက အတာရေများ အပြန်အလှန် ပက်ဖျန်းကြပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဦးစီးဌာနများနှင့် လုပ်ငန်းများကိုယ်စားပြု ယိမ်းအကအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ် ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဧပြီ ၁၄**

ဆောက်လုပ်ရေးဝန်ကြီးဌာန မြန်မာ့ရိုးရာ အတာသင်္ကြန် ရေကစားမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာနရုံး ပရဝဏ်အတွင်း၌ ကျင်းပဆောင်ရွက်သည်။



**တက်ရောက်**

အခမ်းအနားသို့ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ ဒုတိယဝန်ကြီး ဦးမင်းထိန်၊ ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာဦးစီးဌာနများမှ အရာထမ်း/အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများတက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဆောက်လုပ်ရေး ဝန်ကြီးဌာန မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဦးစီးဌာနများမှ ယိမ်းအကအလှအဖွဲ့များ၏ ကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ပြီး ယိမ်းအကအလှအဖွဲ့များနှင့် တက်ရောက်လာသည့် အရာထမ်း/အမှုထမ်းများကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်း၍ မြန်မာ့ရိုးရာ အတာသင်္ကြန်အား ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ဝန်ကြီးဌာနရှိ စုဝေးခန်းမကြီးတွင် ဦးစီးဌာနများမှ ယိမ်းအကအလှ အဖွဲ့များ၏ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေး၍ အခမ်းအနားသို့ တက်ရောက်လာသည့် ဝန်ထမ်းများနှင့် မိသားစုဝင်များအား စတုဒိသာ အစားအစာများဖြင့် ဧည့်ခံကျွေးမွေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြဝတီမြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်အကျနေ့ ဗဟိုမဏ္ဍပ်နှင့် ရပ်ကွက်များအတွင်း ရေကစားသူများဖြင့် ပျော်ရွှင်စွာဆင်နွှဲ

**မြဝတီ ဧပြီ ၁၄**

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် မြစန္ဒီပန်းခြံရှိ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်တွင် ယနေ့ သင်္ကြန်အကျနေ့ နံနက်ပိုင်းနှင့် ညနေပိုင်းများက ယိမ်းအကအဖွဲ့များ၊ တေးသီချင်းသီဆိုသူများ၊ လာရောက်ကြည့်ရှုသူများနှင့် လမ်းလျှောက် သင်္ကြန်ပါဝင်ဆင်နွှဲသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

အဆိုပါ ယိမ်းအကအဖွဲ့များနှင့် တေးသီချင်း သီဆိုဖျော်ဖြေနေမှုများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစိန်သောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရဲမင်းသူ၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးရဲဇင်လတ်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးမင်းဇော်တို့က ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အလားတူ ရပ်ကွက်များအတွင်းတွင်လည်း ရေကစားသူများ ရေပတ်ခံထွက်သူများဖြင့် မဟာသင်္ကြန်အကျနေ့ကို ပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

# မဟာသင်္ကြန်(အကျနေ့)တွင် နေပြည်တော်၌ အေးချမ်းပျော်ရွှင်စွာ ရေကစားကြသူများ၊ အပန်းဖြေစခန်းများ၌ လာရောက်အပန်းဖြေသူများဖြင့် စည်ကား





နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၌ ပျော်ရွှင်စွာရေကစားနေသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

**နေပြည်တော် ဧပြီ ၁၄**

ယနေ့ကျရောက်သည့် မြန်မာ့ရိုးရာမဟာသင်္ကြန်( အကျနေ့)တွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ဘုရားစေတီပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုကြသူများ၊ စတုဒိသာကျွေးမွေးလှူဒါန်းကြသူများ၊ အေးချမ်းပျော်ရွှင်စွာ ရေကစားကြသူများနှင့် အပန်းဖြေစခန်းများ၌ လာရောက်အပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိသည်။

**စည်ကားလျက်ရှိ**

ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ဓာတုစယဓာတ်ပေါင်းစုစေတီတော်၊ လေ့ခွင်းတောင်ဘုရား၊ အခြားတန်ခိုးကြီးဘုရားများနှင့် ဘုန်းတော်ကြီးကျောင်းများတွင် တရားဘာဝနာပွားများအားထုတ်ကြသူများ၊ ဥပုသ်သီလဆောက်တည်ကြသူများ၊ တရားစခန်းများတွင် တရားဘာဝနာ ရှုမှတ်ပွားများကြသူများနှင့် ဘုရားရေသပ္ပာယ်ကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မဟာသင်္ကြန်ရေကစားမဏ္ဍပ်များတွင်လည်း နိုင်ငံကျော်အနုပညာရှင်များနှင့်တေးသံရှင်များက တေးသီချင်းများဖြင့်လည်းကောင်း၊ ဝန်ကြီးဌာနများနှင့် နေပြည်တော်မြို့နယ်အတွင်းရှိ မြို့နယ်များမှ ယိမ်းအဖွဲ့များက ယိမ်းအကအလှများဖြင့်လည်းကောင်း ဖျော်ဖြေကြပြီး ရေပက်ခံကားများ၊ ရေကစားကြသူများဖြင့် စည်ကားလျက်ရှိသည့်အပြင် စတုဒိသာမဏ္ဍပ်တွင်လည်း လာရောက်ရေပက်ကစားကြသူများကို အကျွေးအမွေးများဖြင့် ဧည့်ခံကြသည်ကိုလည်း တွေ့ရသည်။



**လမ်းလျှောက်သင်္ကြန်**

ထို့အတူ နေပြည်တော်ရေပန်းဥယျာဉ်အတွင်းရှိ လမ်းလျှောက်သင်္ကြန်ပွဲတော်တွင်လည်း သင်္ကြန်ချစ်သူများ၊ လာရောက်ရေပက်ခံသူများ၊ ရေကစားကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်း အထင်ကရနေရာများဖြစ်သော ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအုပ်စုအတွင်းရှိလေ့ခွင်းတောင်ကမ်းခြေအပန်းဖြေစခန်း၊ ကျည်တောင်ရေဆိပ်နှင့် ပျဉ်းမနားမြို့နယ်ရှိ အဝေရာကမ်းခြေအပန်းဖြေစခန်းတို့တွင်လည်း လာရောက်အပန်းဖြေအနားယူကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထိုသို့ မဟာသင်္ကြန်ကာလအတွင်း အပန်းဖြေကမ်းခြေစခန်းများတွင် ပြည်သူများ စိတ်လက်ချမ်းသာအေးချမ်းပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်စေရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ပူးပေါင်းအဖွဲ့များဖွဲ့စည်း၍ လှည့်ကင်းများဖြင့် စောင့်ရှောက်မှုပေးခြင်း၊ အပန်းဖြေအနားယူနေကြစဉ်အတွင်း အန္တရာယ်မရှိစေရေးအတွက်သတိပေးနှိုးဆော်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

**ကျေးဇူးအထူးတင်ရှိ**

ကျည်တောင်ရေဆိပ်သို့ လာရောက်အပန်းဖြေသူတစ်ဦးက “ဒီနှစ်သင်္ကြန်ကို အခုလို စည်စည်ကားကားနဲ့ ကျင်းပခွင့်ပေးတဲ့ တာဝန်ရှိသူတွေကို ကျေးဇူးအထူးတင်ရှိပါတယ်။ တစ်နှစ်ပတ်လုံး အလုပ်လုပ်လာခဲ့ပြီး အခုလိုအချိန်မှာ စိတ်အေးလက်အေးနဲ့ အပန်းဖြေခွင့်ရတဲ့အတွက်လည်း ဝမ်းသာမိပါတယ်။ ကျွန်တော်ကတော့ မိသားစုနဲ့အတူ လေ့ခွင်းတောင်ခြေမှာရှိတဲ့ လေ့ခွင်းတောင်ကမ်းခြေနဲ့ ကျည်တောင်ရေဆိပ်တွေမှာ လာရောက်အပန်းဖြေတာ ဖြစ်ပါတယ်။ နောက်ရက်တွေမှာ တခြားလည်ပတ်လို့ကောင်းတဲ့နေရာတွေကို သွားရောက်လည်ပတ်ဦးမှာပါ။ မိတ်ဆွေတို့အနေနဲ့လည်း ဒီနှစ်သင်္ကြန်မှာ နေပြည်တော်ကို လာရောက်လည်ပတ်ကြဖို့ ဖိတ်ခေါ်လိုပါတယ်”ဟု ပြောသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌လည်း မဏ္ဍပ်ငယ်များဆောက်လုပ်၍ ရေပက်ကြသူများ၊ စတုဒိသာကျွေးမွေးလှူဒါန်းကြသူများ၊ မိသားစုလိုက်ရေပက်ကစားကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်သည် မြန်မာသက္ကရာဇ်နှစ်တစ်နှစ်ကုန်ဆုံးပြီး နှစ်သစ်၏ အေးချမ်းမှုကိုရရှိစေရန်၊ နှစ်ဟောင်းမှ အညစ်အကြေးများ ကင်းစင်လွင့်ပျောက်စေပြီး နှစ်သစ်သို့မပါလာစေရန် ရည်ရွယ်၍ ရေစင်သွန်းလောင်းကြခြင်းဖြစ်သည်နှင့်အညီ နှစ်ဟောင်းမှ အညစ်အကြေးများကို သင်္ကြန်အတာရေဖြင့် တစ်ဦးကိုတစ်ဦး ကြည်နူးသိမ်မွေ့စွာ ပက်ဖျန်းဆေးကြောပျော်ရွှင်စွာ ရေကစားကြသည့် ရိုးရာယဉ်ကျေးမှုပွဲတော်တစ်ခုလည်းဖြစ်သည်။

**သတင်း-မျိုးဆက်သစ်**
**ဓာတ်ပုံ-ကိုကြီးကျော်**

**စည်ကားလျက်ရှိ**

နေပြည်တော် လေ့ခွင်းတောင်ကမ်းခြေ အပန်းဖြေစခန်း၌ လာရောက်အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



# ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ၁၃၈၃ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲနှင့် စတုဒိသာကျွေးမွေးလှူဒါန်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၁၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)က ကြီးမှူးကျင်းပသည့် ၁၃၈၃ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲနှင့် စတုဒိသာကျွေးမွေးလှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် ယာဉ်ရပ်နားနေရာ၌ ကျင်းပသည်။



တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ မိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ဥက္ကဋ္ဌ ဦးစိန်သန်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ဘာသာမတူ၊ လူမျိုးမတူ၊ မတူကွဲပြား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးသော အခါသမယတွင် မဟာသင်္ကြန်နှင့်အတူ အေးအေးချမ်းချမ်းဖြင့် ရောဂါများ ကင်းဝေးပြီး နိုင်ငံတော်အေးချမ်းသာယာ ဖွံ့ဖြိုးစေရန်အတွက် အတူလက်တွဲ၍ စိတ်တူကိုယ်တူဖြင့် လျှောက်လှမ်းနိုင်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ဥက္ကဋ္ဌ ဦးစိန်သန်း၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်ဇော်နိုင် (ဟိန္ဒူဘာသာ)၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ဇော်ဝင်း (အစ္စလာမ်ဘာသာ)နှင့် တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်ခင်မေ (ခရစ်ယာန်ဘာသာ) တို့က မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများကို သပြေခက်ဖြင့် ရေပက်ဖျန်းပေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက မဟာသင်္ကြန်အကျနေ့တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသူများကို သီးစုံသက်သတ်လွတ် ဒံပေါက်ထမင်း၊ ရွှေရင်အေး၊ ရေသန့်ဘူးတို့ကို အာဟာရဒါနပေးအပ်လှူဒါန်းကြသည်။

ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)သည် ဧပြီ ၁၅ ရက် မဟာသင်္ကြန်အကြတ်နေ့တွင် ပဲထောပတ်ထမင်း၊ ရွှေရင်အေး၊ ရေသန့်ဘူးတို့ကိုလည်းကောင်း၊ ဧပြီ ၁၆ ရက် မဟာသင်္ကြန်အတက်နေ့တွင် ဒံပေါက်ထမင်း၊ ရွှေရင်အေး၊ ရေသန့်ဘူးတို့ကိုလည်းကောင်း၊ ဧပြီ ၁၇ ရက် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် မြန်မာရိုးရာ မုန့်ဟင်းခါး၊ ရွှေရင်အေး၊ ရေသန့်ဘူးများဖြင့်လည်းကောင်း ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာပြည်သူများကို အာဟာရဒါနဖြင့် လှူဒါန်းကျွေးမွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ကိုကိုဇော်၊ ကျော်စိုးဝင်း**

**ဓာတ်ပုံ- လင်းလတ်ကြယ်**

# ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်အပါအဝင် နေရာအနှံ့အပြား၌ ရေလောင်းရေပက်ခံသူများဖြင့် စည်ကားလျက်ရှိ

ရန်ကုန် ဧပြီ ၁၄

ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်အပါအဝင် ရန်ကုန်မြို့ နေရာအနှံ့အပြား၌ ယနေ့မဟာသင်္ကြန် (အကျနေ့) နံနက်ပိုင်းမှစတင်ကာ ရေလောင်းရေပက်ခံသူများဖြင့် စည်ကားလျက်ရှိသည်။



ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်တွင်လည်း နံနက်ပိုင်း၊ ညနေပိုင်းနှင့် ညပိုင်းတို့တွင် ရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များနှင့် ယိမ်းအဖွဲ့များကလည်း လာရောက်သီဆို ကပြဖျော်ဖြေတင်ဆက်ကြသည်။

ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်အနီးရှိ မဟာဗန္ဓုလပန်းခြံဘေးလမ်းလျှောက်သင်္ကြန်တွင်လည်း ဖျော်ဖြေရေးမဏ္ဍပ်၊ စတုဒိသာမဏ္ဍပ်၊ ရေလောင်းရေပက်ရန် လောင်းလှေများစီစဉ်ထားပြီး ရေလောင်းရေပက်သူများ၊ ရေပက်ခံလာသူများဖြင့် စည်ကားလျက်ရှိသည့်အပြင် ခရိုင်၊ မြို့နယ်တို့ရှိ ရေကစားမဏ္ဍပ်များတွင်လည်း မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ဆင်နွှဲကြကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် တန်ခိုးကြီး ဘုရားများတွင်လည်း ဘုရားဖူးလာရောက်သူများဖြင့် စည်ကားလျက်ရှိပြီး အလှူရှင်များကလည်း သီးစုံသက်သတ်လွတ်ဒံပေါက်၊ ရွှေရင်အေးနှင့် သောက်ရေသန့်ဘူးတို့ကို အာဟာရဒါန ပေးအပ်လှူဒါန်းကြသည်။

**ကိုသိုက်**





# လူစုဝေးခြင်းအတွက် ကန့်သတ်ချက်အမိန့်အား ဧပြီ ၁၇ ရက်မှ စတင်၍ ပယ်ဖျက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**အမိန့်အမှတ်၊ ၈၃/၂၀၂၂**
၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်
(၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၄ ရက်)

ကျန်းမာရေးဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရန်အတွက် ၁၅-၃-၂၀၂၂ ရက်စွဲပါ အမိန့်အမှတ်၊ ၅၆/၂၀၂၂ ဖြင့် ခြွင်းချက်ပြု ဖော်ပြထားသော ကိစ္စရပ်များမှအပ လူ ၄၀၀ ဦးအထိ ၁၆-၃-၂၀၂၂ ရက်နေ့မှစ၍ စုဝေးခွင့်ပြုကြောင်း ပြင်ဆင်ထုတ်ပြန်ခဲ့ပါသည်။

၂။ ယခုအခါတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေများအပေါ် သုံးသပ်ချက်များအရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်တွေ့ရှိမှု၊ ပိုးတွေ့နှုန်းနှင့် သေဆုံးမှုနှုန်းတို့မှာ သိသာစွာ ကျဆင်းလာခြင်းတို့ကြောင့် အဆိုပါလူစုဝေးခြင်းအတွက် ကန့်သတ်ချက်အမိန့်အား ၁၇-၄-၂၀၂၂ ရက် (မြန်မာနှစ်ဆန်းတစ်ရက်)၊ ၀၀:၀၀ နာရီအချိန်မှစတင်၍ ပယ်ဖျက်ကြောင်း ထုတ်ပြန်လိုက်သည်။

၃။ ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များကို ဆက်လက်လိုက်နာရန် လိုအပ်ပြီး လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

**ဒေါက်တာသက်ခိုင်ဝင်း**
**ပြည်ထောင်စုဝန်ကြီး**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန မိသားစုသင်္ကြန် ရေသဘင်ပွဲတော် ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဧပြီ ၁၄**

၁၃၈၄ ခုနှစ် မြန်မာနှစ်သစ်ကို ကြိုဆိုသောအားဖြင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန မိသားစုသင်္ကြန် ရေသဘင်ပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပရဝဏ်အတွင်း၌ ကျင်းပသည်။



အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် ဇနီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးနှင့် ဒုတိယဝန်ကြီးများ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများနှင့် မိသားစုများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ရေသဘင်ပွဲတော်တွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က မိမိတို့ဌာနသည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနဖြစ်သည့်အတွက် တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို ဝိုင်းဝန်းကြိုးစားဖော်ဆောင်ကြစေလိုပါကြောင်းနှင့် မိသားစုသင်္ကြန်တွင် တစ်နှစ်ပတ်လုံး ပင်ပန်းခဲ့သည်များကို သင်္ကြန်ရေဖြင့် ဆေးကြော၍ နှစ်သစ်တွင် စိတ်သစ်လူသစ် အားမာန်သစ်ဖြင့် အလုပ်တာဝန်များကို ကြိုးစားကြစေလိုပါကြောင်း၊ တက်ရောက်လာကြသော အရာထမ်း၊ အမှုထမ်းများနှင့် မိသားစုဝင်များ ကပ်ရောဂါအန္တရာယ်များမှ ကင်းဝေးပါစေကြောင်းနှင့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာ ထမ်းရွက်နိုင်ပါစေကြောင်း ပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က မိသားစုသင်္ကြန် ရေသဘင်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ လုပျိုဖြူများက သင်္ကြန်ယိမ်းအကများဖြင့် ကပြဖျော်ဖြေကြရာ ဧည့်သည်တော် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ယိမ်းအကအဖွဲ့များအား ဆုငွေများ ချီးမြှင့်ကြသည်။

ယင်းနောက် ရေသဘင်ပွဲတော်တွင် ပါဝင်ဆင်နွှဲကြသူများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဦးစီးဌာနများက မြန်မာ့ရိုးရာအစားအစာများဖြင့် တည်ခင်း ဧည့်ခံခဲ့ကြသည်။ အဆိုပါ ရေသဘင်ပွဲတော်ကို ဧပြီ ၁၄ ရက်မှ ၁၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဘားအံမြို့၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အကျနေ့ ရေကစားသူများဖြင့် စည်ကား

**ဘားအံ ဧပြီ ၁၄**

ကရင်ပြည်နယ် ဘားအံမြို့၌ ယနေ့ မဟာသင်္ကြန်အကျနေ့တွင် ဘားအံမြို့ပေါ်ရှိ ပြည်နယ်အဆင့်ဌာနဆိုင်ရာ ရေကစားမဏ္ဍပ်များနှင့် ရပ်ကွက်အလိုက် ရေကစားမဏ္ဍပ်များတွင် သင်္ကြန်ရေကစားကြသူများ၊ ရေပက်ခံထွက်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။



မဟာသင်္ကြန်အကျနေ့ နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများသည် ဘားအံမြို့ သီရိကွင်းရှိ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်တွင် သင်္ကြန်ယိမ်းအကအဖွဲ့များ၊ တပင်တိုင်အကများ၊ အနုပညာရှင်များ၏ တေးသီချင်းဖြင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး အောင်သပြေခက်ဖြင့် အတာရေအေး ပက်ဖျန်းပေးကြကာ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့ ကမ်းနားလမ်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေကစားမဏ္ဍပ်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ရေကစားမဏ္ဍပ်၊ ပိတောက်အချစ်ဆုံး အမှတ်(၃) ရေကစားမဏ္ဍပ်၊ သယံဇာတရေးရာဝန်ကြီးဌာန ရေကစားမဏ္ဍပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ရေကစားမဏ္ဍပ်၊ လူမှုရေးရာဝန်ကြီးဌာန မိသားစုရေကစားမဏ္ဍပ်၊ မွေးပုံ့ချိုအေးအမှတ်(၄) ရေကစားမဏ္ဍပ်၊ စီးပွားရေးရာဝန်ကြီးဌာန ရေကစားမဏ္ဍပ်၊ ဘားမဲတောင် သဘာဝဥယျာဉ် ရေကစားမဏ္ဍပ်များသို့ လှည့်လည်၍ ရေပက်ခံထွက် ရေကစားကြပြီး အဆိုပါမဏ္ဍပ်များ၌ သင်္ကြန်ယိမ်းအဖွဲ့များ၊ တပင်တိုင်အကအလှများ၊ တေးသံရှင်များ၏ သီဆိုကပြ ဧည့်ခံဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ အောင်သပြေခက်ဖြင့် အတာရေအေးပက်ဖျန်းပေးပြီး ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။ **ပြည်နယ်(ပြန်/ဆက်)**

# မိုင်းယောင်းမြို့၌ တန်ခိုးကြီးဘုရား လှည့်လည်ရေသပ္ပာယ် ကြည်ညိုပူဇော်ခံ

**မိုင်းယောင်း ဧပြီ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်၌ တန်ခိုးကြီးဘုရားဖြစ်သည့် "ရှဲန်တောင်း" ဘုရား၊ "ဖကျောက်တစ်" ဘုရားအား မြို့တွင်းလှည့်လည် ရေသပ္ပာယ်ကြည်ညိုခံခြင်းကို ယနေ့တွင် ပင့်ဆောင်ပူဇော်ကြောင်း မြို့နယ်ဂေါပကအဖွဲ့မှ သိရသည်။

ဓာတ်လုံစွမ်ယောင်း(ထပ်လုံ)စေတီတွင် တန်ခိုးကြီးသော ဥဏ်တော် ၄၅ လက်မခန့်ရှိ ရှဲန်တောင်းဘုရား(ကြေးဖြင့်သွန်းလုပ်ထားသော သိန်းဘုရား)နှင့် ဥဏ်တော်၂၇လက်မရှိဖကျောက်တစ်(ဆုတောင်းပြည့်)ဘုရား နှစ်ဆူရှိသည်။

ဒေသခံတိုင်းရင်းသားပြည်သူများသည် မိမိတို့၏ကျေးရွာများသို့ တစ်နှစ်မှ တစ်ကြိမ်သာ လှည့်လည်ပူဇော်ခံလာသော တန်ခိုးကြီးဘုရားဖြစ်သည့် "ရှဲန်တောင်း"ဘုရား၊ "ဖကျောက်တစ်" ဘုရားနှင့် ဘုရားဆင်းတုတော်များကို ဓလေ့ရိုးရာများနှင့်အညီ ကင်ပွန်းရည်၊ အမွှေးနံ့သာရည်များဖြင့် ရေသပ္ပာယ်ကြည်ညိုပူဇော်ကြသည်။

သင်္ကြန်အကျနေ့တွင် ရှေးဟောင်းသမိုင်းဝင် ဓာတ်လုံစွမ်ယောင်းစေတီတော်၊ ဗောဓိရွှေညောင်ပင်၊ ဈာန်ရကိုရင်ကြီးတောရကျောင်း၊ စွန်ဟိန်းဂူ၊ ထပ်ပူခမ်း၊ မဟာမြတ်မုနိဘုရားကြီး စသော တန်ခိုးကြီးဘုရားများ၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **စိုင်းအောင်ဇော်လင်း**

## သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

# သည်အချိန်မှာ ချွေတာခြင်းဖြင့် လျှပ်စစ်ဒါနပြုကြပါ

**မောင်မောင်ကျော်**

ဆောင်းပါးခေါင်းစဉ် ဖတ်မိလျှင် "လျှပ်စစ်မီးတွေ သည်လောက်ပျက်နေတာ၊ အလှည့်ကျမီးပေးနေတာ၊ ဘယ်လိုလုပ်ချွေတာရမှာလဲ"ဟုလည်းကောင်း၊ "ဒါနပြုတယ်ဆိုမှ(လှူမှ) ငွေကုန်မှာပေါ့၊ ဘယ်လို ချွေတာရာရောက်မှာလဲ"ဟုလည်းကောင်း စာဖတ်သူတို့အနေဖြင့် တွေးကောင်းတွေးမိပါလိမ့်မည်။

စင်စစ် ယခုကဲ့သို့ လျှပ်စစ်ဓာတ်အားမလုံလောက်ချိန်၊ လျှပ်စစ်ဓာတ်အားလိုအပ်နေချိန်မှသာ လျှပ်စစ်ဒါနပြုခွင့်ရသည်ဖြစ်၍ "ကာလဒါန"အစစ်ဖြစ်ပေသည်။

လျှပ်စစ်ဓာတ်အား ပုံမှန်ပြန်ရချိန်တွင်မူ လျှပ်စစ်ဒါနပြုရာမရောက်တော့ပါ။ သို့သော်လည်း လျှပ်စစ်ဓာတ်အား ချွေတာသုံးစွဲခြင်းဖြင့် ကျသင့်သည့်ဓာတ်အားခ(မီတာခ)လျော့နည်းသွားမည်ဖြစ်၍ ချွေတာခြင်းကြောင့် ငွေကြေးကုန်ကျမှုသက်သာမည်ဖြစ်ရာ အကျိုးရှိပါပေသည်။ အစစအရာရာ ရှားပါးနေချိန်ဝယ် ငွေပိုငွေလျှံထွက်လာမည် ဖြစ်ပေသည်။

**၉၇၀ မဂ္ဂါဝပ်ခန့် လျော့နည်း**

ယခုလောလောဆယ် အခြေအနေတွင် လျှပ်စစ်ဓာတ်အား ၉၇၀ မဂ္ဂါဝပ်ခန့် လျော့နည်းနေသည့်အပြင် ပြီးခဲ့သောမိုးရာသီ၌ မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများရှိ ရေလှောင်တမံများသို့ ရေဝင်ရောက်မှုနည်းပါးခဲ့သည်။

ရေလှောင်တမံများ၌ ရေဝင်ရောက်မှုနည်းပါးသဖြင့် မူလစက်စွမ်းအားပြည့် လျှပ်စစ်ဓာတ်အား မထုတ်လုပ်နိုင်ပေ။ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများက လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု လျော့နည်းချိန်ဝယ် ဓာတ်အားလိုအပ်ချက် များပြားလေရာ ထွက်ရှိသမျှလျှပ်စစ်ဓာတ်အားဖြင့် အဆင်ပြေစေရန်အတွက် လောလောဆယ် "အလှည့်ကျ" ဓာတ်အားပေးစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးလျက်ရှိသည်။ "ယာယီ" "ခေတ္တ"၊ ခဏမျှသာဖြစ်သဖြင့် စိုးရိမ်ပူပန်ရန်မလို။ ချွေတာသုံးစွဲခြင်းဖြင့်သာ ဝိုင်းဝန်းကူညီကြရန် လိုပါသည်။

**အပူတပြင်း ပြင်ဆင်ဆောင်ရွက်**

ဖျက်ဆီးခံရသော တာဝါတိုင် ၂၂ တိုင်ကို ပြုပြင်၍ လျှပ်စစ်ဓာတ်အား ပြန်လည်ပို့လွှတ်နိုင်ရန် အပူတပြင်း ပြင်ဆင်ဆောင်ရွက်နေသလိုတည်ဆောက်ဆဲ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းများ၊ အခြားအစီအမံများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက လျှပ်စစ်ဓာတ်အား အပြည့်အဝမပေးနိုင်သောအချိန်တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူများ နားလည်သဘောပေါက်ပြီး "ပိုသူလှူ လိုသူယူ"ဆိုသကဲ့သို့ လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်ရသူများက မိမိတို့သုံးစွဲခွင့်ရသည့်အချိန်တွင် လျှပ်စစ်ဓာတ်အားလိုအပ်နေသူများသို့ အထောက်အကူပြုရန်အတွက် လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို လျှော့ချသုံးစွဲ(ချွေတာ)သင့်ပါသည်။

"နှမ်းတစ်စေ့နဲ့ ဆီမဖြစ်ပါဘူး"ဟု ဆိုငြားသော်လည်း တစ်စေ့ချင်းသောနှမ်းများ စုပေါင်းကြိတ်ခွဲရာမှ လိုအပ်သော "ဆီ"ရသကဲ့သို့ လျှပ်စစ်ဓာတ်အားသုံးစွဲသူများအနေဖြင့် တစ်အိမ်ထောင်စီ ချွေတာသုံးစွဲလိုက်သော လျှပ်စစ်ဓာတ်အားများကို စုပေါင်းလိုက်ပါက လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှု လျော့ကျနေချိန်တွင် များစွာအထောက်အကူပြုနိုင်ပါသည်။

ယခုခေတ်တွင် တစ်အိမ်တည်း၌ တီဗွီသုံးလုံး၊ လေးလုံး၊ ရေခဲသေတ္တာ (တချို့အိမ်ဆိုလည်း ရေခဲသေတ္တာ အနည်းဆုံး နှစ်လုံး)၊ အဝတ်လျှော်စက်၊ Air con တစ်လုံးမှ လေးလုံးလောက်၊ Air cooler ၊ ရေစုပ်စက်၊ ရေပန့် စသည်ဖြင့် လျှပ်စစ်ဓာတ်အားသုံးပစ္စည်းအမျိုးမျိုးတို့ကို ငွေကြေးတတ်နိုင်လျှင် တတ်နိုင်သလောက် စိတ်တိုင်းကျသုံးစွဲနေကြပေသည်။

**အလျှံအပယ်၊ ပေါပေါများများ သုံးနေကြ**

စတိုးဆိုင်ကြီးများ၊ ကုန်တိုက်ကြီးများ၊ မီနီမားကတ်များ၊ ဟိုတယ်ကြီးများ၊ စားသောက်ဆိုင်ကြီးများဆိုလျှင် လျှပ်စစ်ဓာတ်အားများကို အလျှံအပယ်၊ ပေါပေါများများ၊ လင်းလင်းထိန်ထိန် သုံးနေကြရာ အိမ်သာမှာပင် ခေတ်မီလျှပ်စစ်ပစ္စည်းများ မလွတ်ပါ။

ဤကဲ့သို့ အလျှံပယ်သုံးနေကြသော လျှပ်စစ်ဓာတ်အားသုံး ပစ္စည်းများကို ယခုလောလောဆယ် လျှပ်စစ်ဓာတ်အား လိုအပ်နေချိန်တွင် "ဓာတ်အားမျှပေး–ကုသိုလ်ရေး"ဟူသော စိတ်စေတနာဖြင့်၊ မေတ္တာစိတ်ဖြင့် တတ်နိုင်သရွေ့ လျှော့သုံးကြပါက နိုင်ငံတော်တွင် လက်ရှိကြုံတွေ့နေရသော၊ ရင်ဆိုင်နေရသော "လျှပ်စစ်ဓာတ်အားမလုံလောက်မှု" သို့မဟုတ် "လျှပ်စစ်ဓာတ်အား လျော့နည်းမှု"ကို အထိုက်အလျောက် အထောက်အကူ ပြုမည်သေချာပါသည်။

> **"ညောင်စေ့လောက် လှူပေမယ့် ညောင်ပင်လောက်ရသည်" ဟူသောစကားကဲ့သို့ မိမိတို့သုံးစွဲခွင့်ရသောအချိန်တွင် မိမိတို့သုံးစွဲနေသော လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများကို လိုမှသုံးခြင်း၊ မီးလုံး၊ မီးချောင်းများကို LED မီးလုံးများဖြင့် လဲလှယ်သုံးစွဲခြင်း၊ မလိုအပ်သည့်နေရာများတွင် သုံးစွဲထားသည့်လျှပ်စစ်မီးများကို ပိတ်ထားခြင်း၊ လိုသလောက်သာသုံးခြင်းဖြင့် ပိုလျှံလာမည့် လျှပ်စစ်ဓာတ်အားများကို ဓာတ်အားလိုအပ်သူများသို့ ခွဲဝေလှူဒါန်းရာရောက်သဖြင့် သည်အချိန်မှာ ချွေတာခြင်းဖြင့် လျှပ်စစ်ဒါနပြုကြပါ**

**လျှပ်စစ်ဓာတ်အား ချွေတာရာရောက်**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုနှင့်ပတ်သက်၍ ချုပ်ချယ်ကန့်သတ်မှုမရှိဘဲ "ကြိုက်သလောက်သုံး–ကျသလောက်ပေးစနစ်"ဖြင့် လွတ်လွတ်လပ်လပ် စိတ်ကြိုက်သုံးစွဲခွင့်ပြုထားသော်လည်း ယခုအခါ လျှပ်စစ်ဓာတ်အားမလုံလောက်ခြင်းကြောင့် လျှပ်စစ်ဓာတ်အား ချွေတာသုံးစွဲကြရန် မလိုအပ်သည့်မီးများ၊ လူမရှိသော အခန်းများတွင် လျှပ်စစ်မီးထွန်းထားခြင်းများ၊ လူမရှိဘဲ လေအေးပေးစက်များဖွင့်ထားခြင်းများ၊ မလိုအပ်ဘဲ တစ်ညလုံး မီးထွန်းထားခြင်းများ၊ ရေတင်ရန် ရေစက်မောင်းထားပြီး မေ့နေ၍ ရေလျှံမှရေမော်တာပိတ်ရခြင်းများကို သတိထားပြီး ရှောင်ရှားကြခြင်းဖြင့်လည်း လျှပ်စစ်ဓာတ်အား ချွေတာရာရောက်ပါသည်။

လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနေသူတို့က မိမိတို့ ရရှိသုံးစွဲနေသည့် လျှပ်စစ်ဓာတ်အားကို တတ်နိုင်သည့်ဘက်မှ လျှော့သုံးခြင်းဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲလိုသူများသို့ မျှဝေရာ၊ လှူဒါန်းရာရောက်ပါသည်။ ထို့အပြင် အလင်းရောင်ပိုရပြီး မီးအား အစားနည်းသည့် ခေတ်ပေါ် LED မီးလုံးများ၊ မီးကွေးများကို လဲလှယ်သုံးစွဲရုံဖြင့် လျှပ်စစ်ဝန်အားလျော့ပါးလာရုံမျှမက လျှပ်စစ်မီတာခပါ သက်သာလာမည်ဖြစ်ပါသည်။

**ခွဲဝေလှူဒါန်း**

"ညောင်စေ့လောက် လှူပေမယ့် ညောင်ပင်လောက်ရသည်" ဟူသောစကားကဲ့သို့ မိမိတို့သုံးစွဲခွင့်ရသောအချိန်တွင် မိမိတို့သုံးစွဲနေသော လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများကို လိုမှသုံးခြင်း၊ မီးလုံး၊ မီးချောင်းများကို LED မီးလုံးများဖြင့် လဲလှယ်သုံးစွဲခြင်း၊ မလိုအပ်သည့်နေရာများတွင် သုံးစွဲထားသည့် လျှပ်စစ်မီးများကိုပိတ်ထားခြင်း၊ လိုသလောက်သာသုံးခြင်းဖြင့် ပိုလျှံလာမည့် လျှပ်စစ်ဓာတ်အားများကို ဓာတ်အားလိုအပ်သူများသို့ ခွဲဝေလှူဒါန်းရာရောက်သဖြင့် သည်အချိန်မှာချွေတာခြင်းဖြင့် လျှပ်စစ်ဒါနပြုကြပါဟု တိုက်တွန်းကာ "လျှပ်စစ်နိဗ္ဗာန်ဆော်" လုပ်လိုက်ရပါတော့သတည်း။ ။

ကျမ်းကိုး – ၆.၄.၁၉၉၄ ရက်နေ့ထုတ် ကြေးမုံ သတင်းစာပါ "ချွေတာခြင်းဖြင့် လျှပ်စစ်ဒါနပြုကြပါ" ဆောင်းပါး
– ၂၃.၃.၂၀၂၂ ရက်နေ့ထုတ် ကြေးမုံ သတင်းစာပါ လျှပ်စစ်သတင်း









# တောင်အာဖရိကနိုင်ငံ၌ ဘီအေ-၄ နှင့် ဘီအေ-၅ အမျိုးအစားဗီဇပြောင်းပိုင်းရပ်စ်ကူးစက်မှုများတွေ့ရှိ

ဂျိုဟန်နက်စ်ဘာ့ဂ်   မေ ၁၄

တောင်အာဖရိကနိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းပိုင်းရပ်စ်၏ မျိုးကွဲများဖြစ်သည့် ဘီအေ-၄ နှင့် ဘီအေ-၅ အမျိုးအစား ဗီဇပြောင်းပိုင်းရပ်စ်ကူးစက်မှုများတွေ့ရှိရကြောင်း တောင်အာဖရိက အမျိုးသားကျန်းမာရေးဌာနက ယမန်နေ့တွင် ပြောကြားသည်။

ကမ္ဘာတစ်ဝန်းတွင် လက်ရှိအချိန်၌ အိုမီခရွန်ဗီဇပြောင်းပိုင်းရပ်စ် မျိုးကွဲ ငါးမျိုးကို တွေ့ရှိနေရပြီး ၎င်းတို့အနက် ဘီအေ-၄ နှင့် ဘီအေ-၅ အမျိုးအစား ဗီဇပြောင်းပိုင်းရပ်စ်များအား တောင်အာဖရိကနိုင်ငံတွင် တွေ့ရှိနေရကြောင်း တောင်အာဖရိကကျန်းမာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဖော်စတာမိုဟေးစ်က ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။

လက်ရှိအချိန်တွင် တောင်အာဖရိကနိုင်ငံအပြင် ဘောက်စ်ဝါနာ၊ ဘယ်လ်ဂျီယံ၊ ဂျာမနီ၊ ဒိန်းမတ်နှင့် ဗြိတိန်နိုင်ငံများတွင် အဆိုပါ ဗီဇပြောင်းပိုင်းရပ်စ်ကူးစက်မှုများတွေ့ရှိရသော်လည်း လူအများအပြား ကူးစက်ခြင်းနှင့် သေဆုံးခြင်းများကို မတွေ့ရှိရသေးကြောင်း ကွာဇာလူနာတာတက္ကသိုလ်မှ ပါမောက္ခတူလီယိုဒီက ပြောကြားသည်။ တောင်အာဖရိကနိုင်ငံတွင် ယခင်က ဘီတာ၊ ဒယ်လ်တာနှင့် အိုမီခရွန် ဗီဇပြောင်းပိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်ခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

■

# အစ္စရေးနိုင်ငံ၌ မောင်းသူမဲ့မော်တော်ယာဉ်များအား အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍတွင် စမ်းသပ်အသုံးပြုမည်

ဂျေရုဆလင် မေ ၁၄



အစ္စရေးနိုင်ငံသည် နိုင်ငံအတွင်း အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ခေတ်မီတိုးတက်စေရန်ရည်ရွယ်၍ ကွန်ပျူတာစနစ်ဖြင့် အလိုအလျောက်မောင်းနှင်သည့် မောင်းသူမဲ့မော်တော်ယာဉ်များအား အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်တွင် တစ်နှစ်ကြာ စမ်းသပ်အသုံးပြုသွားမည်ဖြစ်ကြောင်း အစ္စရေး ပို့ဆောင်ရေးဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားသည်။

အဆိုပါမောင်းသူမဲ့ မော်တော်ယာဉ်စနစ် တည်ထောင်ရန် အစ္စရေးနိုင်ငံက အမေရိကန်ဒေါ်လာ ၆ ဒသမ ၂၁ သန်း ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပြီး အဆိုပါမော်တော်ယာဉ်များကို အသုံးပြုခြင်းဖြင့် လေထုညစ်ညမ်းမှု မဖြစ်စေကြောင်းနှင့် ယာဉ်ကြောပိတ်ဆို့မှုကို လျှော့ချနိုင်သည့်အားသာချက်များရှိကြောင်း သိရသည်။

အစ္စရေးအစိုးရသည် ယခုအစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံအတွင်းရှိ ကုမ္ပဏီပေါင်း ၆၀၀ ခန့်အား ပဏာမရွေးချယ်ထားပြီး အဆိုပါ ကုမ္ပဏီများအနက်မှ သတ်မှတ်ထားသည့် နည်းပညာဆိုင်ရာ သတ်မှတ်ချက် ပြည့်မီသည့် ကုမ္ပဏီအား စိစစ်ရွေးချယ်ပြီး အများပြည်သူဆိုင်ရာ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အဆိုပါ မောင်းသူမဲ့ မော်တော်ယာဉ်ပြေးဆွဲရန် လုပ်ငန်းလိုင်စင် ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# စင်ကာပူနိုင်ငံ၌ ကိုဗစ်လူနာ ၃၅၃၅ ဦးထပ်မံတွေ့ရှိ

စင်ကာပူ   မေ ၁၄

စင်ကာပူနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်- ၁၉ ရောဂါကူးစက်ခံရသူ ၃၅၃၅ ဦးထပ်မံစစ်ဆေးတွေ့ရှိခဲ့သည့်အတွက် ရောဂါကူးစက်ခံရသူပေါင်း ၁၁၄၈၆၅၆ ဦးအထိမြင့်တက်လာကြောင်း သိရသည်။

အဆိုပါရောဂါထပ်မံကူးစက်ခံရသူများအနက် ၃၄၁၀ သည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ပြီး ၁၂၅ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် နှစ်ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၃၀၉ ဦးရှိပြီဖြစ်သည်။

လက်ရှိတွင် ဆေးရုံများ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသည့် ကိုဗစ်လူနာ ၃၀၅ ဦးရှိပြီး လူနာ ၁၃ ဦးသည် ရောဂါအခြေအနေဆိုးရွားစွာခံစားနေရကြောင်း စင်ကာပူကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

စင်ကာပူအစိုးရက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်အထိ စင်ကာပူနိုင်ငံလူဦးရေ၏ ၉၅ ရာခိုင်နှုန်းသည် ကာကွယ်ဆေးအပြည့်အဝထိုးနှံမှုခံယူပြီးဖြစ်သည်။

ထို့ပြင် လူဦးရေ၏ ၇၂ ရာခိုင်နှုန်းသည် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၀၁၂ ဦးထပ်မံတွေ့ရှိ

ဟနွိုင်း   မေ ၁၄

ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၃၀၁၂ ဦးထပ်မံတွေ့ရှိခဲ့ကြောင်း ဗီယက်နမ် ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ အဆိုပါ ကူးစက်ခံရသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၀၃၂၀၅၉၉ ဦးရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၄၂၉၀၁ ဦးရှိကြောင်းနှင့် ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံမှဆင်းခွင့်ရရှိသူစုစုပေါင်း ၈၈၅၆၄၂၇ ဦးရှိပြီး ယင်းအရေအတွက်သည် ကူးစက်ခံရသူစုစုပေါင်း၏ ၈၅ ရာခိုင်နှုန်းရှိကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၁၉ သန်းအသုံးပြုပြီးဖြစ်ကြောင်းနှင့် အဆိုပါနိုင်ငံအတွင်း အသုံးပြုခဲ့သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအနက် အသက် ၁၈ နှစ်နှင့်အထက် အသက်အရွယ်ရှိသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၉၁ ဒသမ ၇ သန်း ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း ဗီယက်နမ် ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# တရုတ်နိုင်ငံ၌ ဟိုက်ဒရိုဂျင်လောင်စာဖြည့်ဆိုင်ပေါင်း ၂၅၀ ကျော် တည်ဆောက်ပြီးစီး

ပေကျင်း မေ ၁၄

တရုတ်နိုင်ငံက နိုင်ငံအတွင်း၌ ဟိုက်ဒရိုဂျင်လောင်စာဖြည့်ဆိုင်ပေါင်း ၂၅၀ ကျော် တည်ဆောက်ပြီးဖြစ်၍ အဆိုပါအရေအတွက်သည် ကမ္ဘာတစ်ဝန်းရှိ ဟိုက်ဒရိုဂျင်လောင်စာဖြည့်ဆိုင် အားလုံး၏ ၄၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

တရုတ်အစိုးရက ယင်းသို့ ဟိုက်ဒရိုဂျင်စွမ်းအင် ထုတ်လုပ်မှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခြင်းမှာ ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်လာသည့် ဘေးထွက်ဆိုးကျိုးများကို ကိုင်တွယ်ဖြေရှင်းရန် အဓိကရည်ရွယ်ခြင်းဖြစ်ကြောင်း တရုတ်အမျိုးသားစွမ်းအင်အာဏာပိုင်အဖွဲ့က ပြောသည်။

ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်မှ ဟိုက်ဒရိုဂျင်စွမ်းအင် ထုတ်လုပ်ရေးနှင့် ရေအားလျှပ်စစ်ထုတ်လုပ်မှု ကုန်ကျစရိတ်တို့ကို လျှော့ချပြီး သိုလှောင်မှုနှင့် သယ်ယူပို့ဆောင်ရေးတို့အတွက် စီမံကိန်းများကိုလည်း အရှိန်မြှင့်ဆောင်ရွက်လျက် ရှိကြောင်း တရုတ်အမျိုးသား စွမ်းအင်အာဏာပိုင်အဖွဲ့မှ လီယာဖန်က ဆိုသည်။

ဟိုက်ဒရိုဂျင်စွမ်းအင်ကို အသုံးပြုပြီး မော်တော်ယာဉ်များ၊ ဘတ်စ်ကားများနှင့် ကုန်တင်ကားများ မောင်းနှင်နိုင်သည်။ လက်ရှိအချိန်တွင် တရုတ်နိုင်ငံ၌ ဟိုက်ဒရိုဂျင်စွမ်းအင် သုံးစွဲမောင်းနှင်လျက်ရှိသည့် မော်တော်ယာဉ်ပေါင်း ၆၀၀၀ ကျော်ရှိပြီး အဆိုပါအရေအတွက်သည် ကမ္ဘာတစ်ဝန်းရှိ အဆိုပါ စွမ်းအင်သုံးမော်တော်ယာဉ်အရေအတွက်၏ ၁၂ ရာခိုင်နှုန်းရှိကြောင်း လီယာဖန်က ဆက်လက်ပြောသည်။

တရုတ်အစိုးရက ဟိုက်ဒရိုဂျင်စွမ်းအင်ဖွံ့ဖြိုးမှုဆိုင်ရာ အစီအစဉ် (၂၀၂၁-၂၀၃၅) ကို မတ်လနှောင်းပိုင်းတွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

■

# တရုတ်နိုင်ငံ မြို့တော်ပေကျင်း၌ အသက် ၆၀ နှင့်အထက်ပြည်သူ ၃ ဒသမ ၄၄ သန်းနီးပါး ကာကွယ်ဆေးထိုးနှံမှုခံယူပြီးဖြစ်

ပေကျင်း   မေ ၁၄

တရုတ်နိုင်ငံ မြို့တော်ပေကျင်း၌ အသက် ၆၀ နှင့်အထက် ပြည်သူ ၃ ဒသမ ၄၄ သန်းနီးပါး (မြို့တော်အတွင်းရှိသက်ကြီးလူဦးရေ၏ ၈၀ ရာခိုင်နှုန်း) သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း ဒေသန္တရအာဏာပိုင်များက ဆိုသည်။

ယင်းတို့အနက် ၂ ဒသမ ၄၆ သန်းကျော်သည် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း ပေကျင်းမြို့တော်၏ ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ဆိုသည်။

ပေကျင်းမြို့တော်၌ လက်ရှိအချိန်အထိ ကာကွယ်ဆေးအလုံးရေ ၆၀ ဒသမ ၇၆ သန်းကျော် သုံးစွဲပြီးဖြစ်၍ ပြည်သူ ၂၃ သန်းကျော်အား ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်သည်။ ၎င်းတို့အနက် ၁၅ ဒသမ ၄ သန်းကျော်သည် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း အဆိုပါရောဂါ ကာကွယ်ထိန်းချုပ်ရေးစင်တာက ဆိုသည်။

ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုခံယူခြင်းသည် ရောဂါခုခံနိုင်စွမ်းပိုမိုရှိလာသည့်အပြင် ရောဂါကူးစက်မှုနှုန်း၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် သေဆုံးမှုနှုန်းတို့ကိုပါ လျှော့ချပေးကြောင်း သိရသည်။

သက်ကြီးရွယ်အိုအများစုသည် နာတာရှည်ရောဂါများခံစားနေရကြောင်း အဆိုပါရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ပြောကြားသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**



## ဗီယက်နမ်နိုင်ငံ၌ အသက်ငါးနှစ်မှ ၁၁ နှစ်အရွယ်ရှိ ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံ




ဟန္နိုင်း မေ ၁၄

ဗီယက်နမ်နိုင်ငံ၌ အသက် ငါးနှစ်မှ ၁၁ နှစ်အရွယ်ရှိ ကလေးငယ်များအား ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည့်အစီအစဉ်ကို ယနေ့စတင်ဆောင်ရွက်ခဲ့ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက သတင်းဖော်ပြသည်။

နိုင်ငံမြောက်ပိုင်းရှိ ကွမ်နိုင်းပြည်နယ်တွင် အဆိုပါအသက်အရွယ်ရှိကလေးငယ်များအား စတင်၍ ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး အဆိုပါကာကွယ်ဆေးထိုးနှံရေးအစီအစဉ်တွင် Moderna ကိုဗစ်–၁၉ ကာကွယ်ဆေးကို အသုံးပြုခဲ့ကြောင်း သိရသည်။ အဆိုပါပြည်နယ်၌ အသက်ငါးနှစ်မှ ၁၁ နှစ်အရွယ် ကလေးငယ်ဦးရေ ၁၈၁၂၀၀ ရှိပြီး ယနေ့တွင် ကလေးငယ် ၁၅၀ ကို စတင်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံအနေဖြင့် ယခုကဲ့သို့ ငါးနှစ်မှ ၁၁ နှစ်အသက်အရွယ်ရှိ ကလေးငယ်များအား ကိုဗစ်–၁၉ ကာကွယ်ဆေး စတင်ထိုးနှံပေးနိုင်ခဲ့ခြင်းသည် ယခုနှစ်အတွင်းနိုင်ငံ၏ ကျန်းမာရေးကဏ္ဍအတွက် အရေးကြီးသည့်တာဝန်ကို အောင်မြင်စွာစတင် ထမ်းဆောင်လိုက်ခြင်းပင်ဖြစ်ကြောင်း ဗီယက်နမ်ကျန်းမာရေး ဒုတိယဝန်ကြီး ငုယင်ထရောင်ဆွန်က ပြောကြားသည်။ နိုင်ငံတစ်ဝန်းတွင် အသက်ငါးနှစ်မှ ၁၁ နှစ်အရွယ်ကလေးငယ် ၁၁ ဒသမ ၈ သန်းခန့်ရှိပြီး ၎င်းတို့အနက် ၈ ဒသမ ၂ သန်းမှာ ကိုဗစ်–၁၉ ရောဂါကူးစက်ခံနေရကြောင်း သိရသည်။ ယခုနှစ် ဒုတိယလေးလအတွင်း အဆိုပါအသက်အရွယ်ရှိ ကလေးငယ်အားလုံး ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးနှံပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရန် ရည်မှန်းချက်ထားရှိဆောင်ရွက်နေကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**

## မလေးရှားနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ လေးသန်းကျော်ရှိလာ

ကွာလာလမ်ပူ မေ ၁၄

မလေးရှားနိုင်ငံ၌ လွန်ခဲ့သောတစ်ရက်တာအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၁၀၀၅၂ ဦး ထပ်မံတွေ့ရှိခဲ့ရာ ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူပေါင်း ၄၃၅၂၆၁၁ ဦးရှိပြီဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အဆိုပါ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၂၁ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ၁၀၀၃၁ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်လူနာ ၂၂ ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၃၅၃၆၃ ဦး ရှိပြီဖြစ်သည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း လူနာ ၁၅၈၉၃ ဦး ရောဂါမှ ပြန်လည်သက်သာလာသည့်အတွက် ဆေးရုံများမှ ဆင်းသွားခဲ့ရာ ကျန်းမာရေး အခြေအနေပြည်လည်ကောင်းမွန်လာသူပေါင်း ၄၁၉၆၆၅၆ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၂၀၅၉၂ ဦးရှိပြီး ၁၆၁ ဦးသည် ရောဂါပြင်းထန်စွာ ခံစားနေရသည်။ ၎င်းတို့အနက် ၉၉ ဦးသည် အသက်ရှူအထောက် အကူပြုကိရိယာများ တပ်ဆင်ထားရကြောင်း သိရသည်။

နိုင်ငံလူဦးရေ၏ ၈၄ ဒသမ ၅ ရာခိုင်နှုန်းသည် ကာကွယ်ဆေးအနည်းဆုံးတစ်ကြိမ်၊ ၇၉ ဒသမ ၈ ရာခိုင်နှုန်းသည် ကာကွယ်ဆေးနှစ်ကြိမ်နှင့်၄၈ ဒသမ ၈ ရာခိုင်နှုန်းသည် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုခံယူပြီးဖြစ်သည်။

**ကိုးကား– ဆင်ဟွာ**
**ဘာသာပြန်– အောင်ကျော်ကျော်**

## တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၈၄၄၃ ဦး ထပ်မံတွေ့ရှိ

ဆိုးလ် မေ ၁၄

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၁၄၈၄၄၃ ဦး ထပ်မံစစ်ဆေးတွေ့ရှိရာ ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၇၉၇၉၀၆၁ ဦး ရှိလာကြောင်း ကျန်းမာရေးအာဏာပိုင်များက ယနေ့ပြောသည်။

မတ်လလယ်ပိုင်းမှစပြီး လက်ရှိအချိန်အထိ မြို့တော်ဆိုးလ်၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်နှင့် BA.2 မျိုးကွဲဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုတို့ မြင့်တက်လျက်ရှိကြောင်း ကိုရီးယားရောဂါကာကွယ်ထိန်းချုပ်ရေး အေဂျင်စီက ပြောသည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် ၂၄၉၇၆ ဦးသည် မြို့တော်ဆိုးလ်မှဖြစ်ပြီး ၃၇၉၉၄ ဦးသည် ဂျောင်ဂီစီရင်စုနှင့် ၇၆၃၁ ဦးသည် အင်ချွန်းမြို့မှဖြစ်ကြောင်းနှင့် ကျန် ၃၅ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်အထိ နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသည့် ရောဂါကူးစက်ခံရသူ အရေအတွက် ၃၁၅၂၄ ဦးရှိသည်။

လက်ရှိတွင် ရောဂါပြင်းထန်စွာ ခံစားနေရသူ ၉၆၂ ဦး ရှိကြောင်း ကျန်းမာရေးအာဏာပိုင်များက ဆိုသည်။

ကိုဗစ်–၁၉ ရောဂါကူးစက်မှုကြောင့် ၃၁၈ ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၀၃၅၂ ဦး ရှိပြီဖြစ်သည်။

တောင်ကိုရီးယားအစိုးရက ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမှုအစီအစဉ်ကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်အထိ ပြည်သူ ၄၄၅၁၉၈၄၂ ဦး (နိုင်ငံလူဦးရေ၏ ၈၆ ဒသမ ၈ ရာခိုင်နှုန်း) အား ကာကွယ်ဆေး အပြည့်အဝ (နှစ်ကြိမ်) ထိုးနှံပေးပြီးဖြစ်သည်။

ထို့ပြင် ပြည်သူ ၃၂၉၅၉၁၂၂ ဦး (နိုင်ငံလူဦးရေ၏ ၆၄ ဒသမ ၂ ရာခိုင်နှုန်း) သည် အပိုဆောင်းကာကွယ်ဆေး ထိုးနှံမှုခံယူပြီးဖြစ်သည်။

**ကိုးကား– ဆင်ဟွာ**
**ဘာသာပြန်– အောင်ကျော်ကျော်**






## တောင်အာဖရိကနိုင်ငံ၌ ရေကြီးရေလျှံမှုများကြောင့် ၂၅၃ ဦး သေဆုံး

ဂျိုဟန်နက်စ်ဘာ့ဂ် မေ ၁၄

တောင်အာဖရိကနိုင်ငံ ကွာဇူးလူ–နာတာပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ ၂၅၃ ဦးသေဆုံးပြီး အများအပြားပျောက်ဆုံးလျက်ရှိကြောင်း တောင်အာဖရိကအာဏာပိုင်အဖွဲ့က ယမန်နေ့တွင် ပြောကြားသည်။

ကွာဇူးလူ–နာတာပြည်နယ်၏ ကျန်းမာရေးအမှုဆောင်ကောင်စီအဖွဲ့ဝင် နိုမာဂူဂူဆီမီလန်က ရေကြီးရေလျှံမှုကြောင့် သေဆုံးသူအရေအတွက်ကို ယမန်နေ့က ရုပ်သံလိုင်းမှတစ်ဆင့် ကြေညာခဲ့ခြင်းဖြစ်သည်။

သမ္မတရာမာဖိုဆာက ရေဘေးသင့်ဒေသများသို့ သွားရောက်ကာ ရေကြီးရေလျှံမှုကြောင့် သေဆုံးသွားသည့် မိသားစုဝင်များအတွက် ဝမ်းနည်းပါကြောင်းနှင့် ပျောက်ဆုံးလျက်ရှိသူများကိုလည်း ရှာဖွေကယ်ဆယ်လျက်ရှိကြောင်း ရေဘေးသင့်ပြည်သူများအား ပြောကြားသည်။

အစိုးရအဖွဲ့အနေဖြင့်လည်း ကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရေဘေးသင့်ပြည်သူများအား လိုအပ်သည်များ ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သမ္မတ ရာမာဖိုဆာက ဆိုသည်။

ရေကြီးရေလျှံမှုများကြောင့် ဒေသခံပြည်သူများ အိုးမဲ့အိမ်မဲ့ဖြစ်ကာ အသက်ဆုံးရှုံးမှုများနှင့်ရင်ဆိုင်ခဲ့ရသည်။ လမ်းမများ၊ တံတားများအပါအဝင် ခရစ်ယာန်ဘုရားကျောင်းများလည်း ပျက်စီးဆုံးရှုံးခဲ့ရပြီး စာသင်ကျောင်းများကိုလည်း ယာယီပိတ်သိမ်းထားကြောင်း သိရသည်။

**ကိုးကား– ဆင်ဟွာ**
**ဘာသာပြန်– အောင်ကျော်ကျော်**

## ဗြိတိန်နိုင်ငံက သိုလှောင်ထားရှိရန်လွယ်ကူသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်မျိုးကို သုံးစွဲခွင့်ပြု

လန်ဒန် မေ ၁၄

ပြင်သစ်ဆေးဝါးကုမ္ပဏီ Valneva မှ ထုတ်လုပ်သည့် သိုလှောင်ထားရှိရန်လွယ်ကူသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးတစ်မျိုးကို ဗြိတိန်နိုင်ငံက နိုင်ငံအတွင်း အရေးပေါ်သုံးစွဲရန် အတည်ပြုပေးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါကာကွယ်ဆေးသည် ဗြိတိန်နိုင်ငံက သုံးစွဲခွင့် အတည်ပြုပေးခဲ့သည့် ခြောက်ခုမြောက် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးဖြစ်လာသည်။

ယင်းကာကွယ်ဆေးသည် ရောဂါကာကွယ်နိုင်စွမ်းနှင့် အရည်အသွေးကောင်းမွန်မှုတို့တွင် အဆင့်မီသည့်အတွက် အဆိုပါဆေးအား သုံးစွဲခွင့်ပေးခဲ့ခြင်းဖြစ်သည်ဟု ဆေးဝါးနှင့် ကျန်းမာရေးစောင့်ရှောက်မှုထုတ်ကုန်များဆိုင်ရာ အေဂျင်စီက ပြောသည်။

အဆိုပါကာကွယ်ဆေးကို အပူချိန် ၂ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်အထိသာရှိသော အိမ်သုံးရေခဲသေတ္တာများတွင် သိုလှောင်ထားရှိအသုံးပြုနိုင်သည့်အတွက် အခြားသော ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးများ သိမ်းဆည်းမှုအတွက် အခက်အခဲရှိသည့်နိုင်ငံများအတွက် များစွာအကျိုးကျေးဇူးပြုမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား– စီအင်န်အေ၊ ဘာသာပြန်– အောင်ကျော်ကျော်**

## တရုတ်နိုင်ငံရှိ တက္ကသိုလ်များနှင့် စာသင်ကျောင်းများ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်မည်

ပေကျင်း မေ ၁၄

တရုတ်နိုင်ငံရှိတက္ကသိုလ်များနှင့် မူလတန်းကြိုကျောင်းအပါအဝင် စာသင်ကျောင်းများ၌ ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ ကျန်းမာရေးဌာနနှင့် ပညာရေးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

ယင်းအစီအစဉ်အရ တက္ကသိုလ်များနှင့် ကျောင်းများတွင် ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် ရောဂါပိုးစစ်ဆေးတွေ့ရှိသူများအား ကုသမှုပေးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနနှင့် တရုတ်အမျိုးသားကျန်းမာရေးကော်မရှင်တို့မှ တာဝန်ရှိသူများ၏ပြောကြားချက်အရ သိရသည်။ နိုင်ငံအတွင်းရှိကျောင်းအသီးသီးတွင်လည်း ကိုဗစ်–၁၉ တုံ့ပြန်ကုသရေးအစီအစဉ်များကို ဆောင်ရွက်ထားမည်ဖြစ်ကြောင်း သိရသည်။ နိုင်ငံအတွင်း အသက်သုံးနှစ်အထက်ရှိ ကျောင်းသားများအား ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံရန် သတ်မှတ်ထားပြီး ၁၈ နှစ်နှင့်အထက်ရှိသူများအား အပိုဆောင်း ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်သည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ကျောင်းထိုင်ဆရာတော်တစ်ပါးနှင့် ဒုလ္လဘရဟန်းနှစ်ပါးအား သေနတ်များဖြင့် ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်

နေပြည်တော် မေ ၁၄

နိုင်ငံရေး အစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ဌာနဆိုင်ရာအဆောက်အအုံများ၊ လမ်းတံတားများနှင့် စာသင်ကျောင်းများအား အကြမ်းဖက်ဖောက်ခွဲမှုများပြုလုပ်ခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများအား ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၏ အထွတ်အမြတ်ထားရာ သာသနာပိုင် အဆောက်အအုံများကိုပါ အကြမ်းဖက် ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် ရဟန်းသံဃာတော်များအား ဖမ်းဆီးခေါ်ဆောင် သတ်ဖြတ်ခြင်းများကို စိတ်နှလုံးညှိုးနွမ်းဖွယ် ရက်စက်စွာ လုပ်ဆောင်လျက်သည်ကို တွေ့ရှိရသည်။

**ဝိုင်းဝန်းပစ်ခတ်သတ်ဖြတ်**

ထိုသို့ လုပ်ဆောင်လျက်ရှိရာ မေ ၁၃ ရက် နံနက် ၉ နာရီခွဲခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ရွာကုန်းကြီးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျောင်းထိုင် ဆရာတော်အား PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြစ်စဉ်အား စိစစ်ခဲ့ရာ အဆိုပါဘုန်းတော်ကြီးကျောင်းရှိ ကျောင်းထိုင် ဆရာတော် ဦးပညာသာရ(ခ) ဦးဆန်းမောင်(၅၃)နှစ် (၃၃)ဝါ(ဘ) ဦးဖိုးရှင်းသည် ဘုန်းတော်ကြီးကျောင်းအတွင်း ရှိနေစဉ် PDF အကြမ်းဖက်အဖွဲ့အင်အား ငါးဦးခန့်က သေနတ်များ ကိုယ်စီကိုင်ဆောင်ကာ ကျောင်းဝင်းအတွင်းသို့ ဝင်ရောက်လာပြီး ကျောင်းထိုင်ဆရာတော် ဦးပညာသာရ(ခ) ဦးဆန်းမောင်အား ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းရှိ ဆွမ်းချက်ဆောင်သို့ ဖမ်းဆီးခေါ်ဆောင်၍ သေနတ်ဖြင့် ဝိုင်းဝန်း ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် ကျောင်းထိုင်ဆရာတော် ဦးပညာသာရ(ခ)ဦးဆန်းမောင်တွင် ကျည်ထိမှန်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။

အလားတူ ယနေ့နံနက် ၉ နာရီခန့်တွင် ထီးချိုင့်မြို့နယ် တုံလုံကျေးရွာရှိ ရွှေသုဝဏ် ဘုန်းကြီးကျောင်း၌ ဒုလ္လဘရဟန်းနှစ်ပါးအား PDF အမည်ခံ အကြမ်းဖက်အဖွဲ့က သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း သတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ ဘုန်းတော်ကြီး ကျောင်းတွင် ဒုလ္လဘရဟန်းဝတ်နေသူ တုံလုံကျေးရွာနေ ဦးမြင့်ဦး(၅၃)နှစ် (ဘ) ဦးပြည်ကျော်နှင့် ဦးစိုးတင့်(၅၃)နှစ် (ဘ) ဦးမောင်ဝင်းတို့သည် ကျောင်းအတွင်းရှိနေစဉ် သေနတ်များကိုယ်စီ ကိုင်ဆောင်ထားသည့် PDF အကြမ်းဖက်အဖွဲ့ အင်အား ၁၀ ဦးခန့်က ဆိုင်ကယ်ငါးစီးဖြင့် ရောက်ရှိလာပြီး ၎င်းတို့နှစ်ဦးကို ဘုန်းတော်ကြီးကျောင်းအောက်သို့ ဖမ်းဆီးခေါ်ဆောင်၍ ဦးမြင့်ဦးကို ကျောင်းလှေကားရင်း၌ လည်းကောင်း၊ ဦးစိုးတင့်ကို ဘုန်းကြီးကျောင်း မုခ်ဝတွင် သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် ဦးမြင့်ဦးနှင့် ဦးစိုးတင့်တို့တွင် သေနတ်ထိမှန်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။

**ဖမ်းဆီးရမိနိုင်ရေး**

ထိုကဲ့သို့ သာသနာ့အနွယ်ဝင် သံဃာတော်များအား သေနတ်ဖြင့် ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေး တပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော်စစ်ကြောင်းများနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အကြမ်းဖက် သမားများ၏ ရက်စက်စွာ သတ်ဖြတ်မှုကြောင့် ယနေ့ထိ ဒဏ်ရာရရှိသူ ရဟန်းသံဃာတော် ၁၂ ပါး၊ သေဆုံးသူ ရဟန်းသံဃာတော် ၃၃ ပါးနှင့် သီလရှင်တစ်ပါးတို့ ရှိပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်၌ PDF အကြမ်းဖက်အဖွဲ့က သေနတ်ဖြင့် ပစ်ခတ်၍ ဒုလ္လဘရဟန်းနှစ်ပါး သေဆုံးမှု။

# မင်္ဂလာဒုံနှင့် သီပေါမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၁၄

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ည ၈ နာရီခွဲတွင် မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းရပ်ကွက် အောင်မင်္ဂလာ အဝေးပြေး ယာဉ်ရပ်နားစခန်းဝင်းတွင် ဇော်ရဲနိုင်ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၄၀၊ ကတ်တမင်း သုည ဒသမ ဝဝ၈ ကီလိုကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့နံနက် ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သီပေါမြို့နယ် စံဖိတ်ကျေးရွာအုပ်စု စံဖိတ်ကျေးရွာအနီး လားရှိုး-မန္တလေးသွား ပြည်ထောင်စုကားလမ်းတွင် AD VAN အမျိုးအစား ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၁ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



စိုးသန်း(ခ)ရခိုင်နှင့် စိုင်းအိုက်ဟုန်တို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။


**အိုဇုန်းလွှာနှင့် ရာသီဥတု ကောင်းမွန်ဖို့**
**လက်တွဲညီညီ ဆောင်ရွက်စို့**



## ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် ကမ္ဘာအေးဘုရားလမ်းနှင့် စက်မှု(၁)လမ်းထောင့် မြန်မာပလာဇာ မြေညီထပ်ရှိ Harry's Bar အား လက်ပစ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့သည့် တရားခံများ၏ မှတ်တမ်းဓာတ်ပုံ


ခန့်ကြည်သာ (၂၅)နှစ်


ဟိန်းထက်နိုင် (၁၇)နှစ်


တင့်ထူးနိုင်(ခ)ဂူးဂူး (၁၈)နှစ်

*** သကြိန်ကာလမှ**

ယင်းသို့ ဆောင်ရွက်လျက်ရှိရာ မေ ၁၁ ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် ကမ္ဘာအေးဘုရားလမ်းနှင့် စက်မှု(၁) လမ်းထောင့် မြန်မာပလာဇာ မြေညီထပ်ရှိ Harry's Bar ဝင်/ထွက်ပေါက်အနီးတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် တရားခံများကို အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ မေ ၁၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် နတ်မောက်ရပ်ကွက် ဖိုးစိန်လမ်းတွင် မသင်္ကာဖွယ် လူသုံးဦးကို တွေ့ရှိသဖြင့် စစ်ဆေးမေးမြန်းရန် ရပ်တန့်ခိုင်းစဉ် ၎င်းတို့က အသင့်ယူဆောင်လာသော သေနတ်ဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပြန်လည်ပစ်ခတ် ထွက်ပြေးသွားခဲ့ကြောင်း၊ သို့ဖြစ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားခံများကို လိုက်လံပစ်ခတ်ဖမ်းဆီးခဲ့ရာ **ခန့်ကြည်သာ** (၂၅)နှစ်၊ **ဟိန်းထက်နိုင်** (၁၇) နှစ်နှင့် **တင့်ထူးနိုင်(ခ)ဂူးဂူး** (၁၈)နှစ်တို့ သုံးဦးကို Sig Sauer အမျိုးအစား ပစ္စတိုနှစ်လက်၊ ကျည်အိမ်နှစ်ခု၊ ၉ မမကျည် ၁၆ တောင့်၊ လက်ပစ်ဗုံးသုံးလုံးတို့နှင့်အတူ ဒဏ်ရာများဖြင့် ဖမ်းဆီးရမိခဲ့ကြောင်း၊ ဒဏ်ရာရရှိထားသော တရားခံ **တင့်ထူးနိုင်(ခ)ဂူးဂူး**ကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်စဉ် ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိ တရားခံ ဟိန်းထက်နိုင်၏ ထွက်ဆိုချက်အရ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် သီတာလမ်းသွယ်(၅)ရှိ ၎င်း၏နေအိမ်၌ လက်လုပ်မိုင်းများ သိမ်းဆည်းထားကြောင်း ဖော်ထုတ်သိရှိရသဖြင့် သွားရောက်ရှာဖွေခဲ့ရာ Remote လက်လုပ်မိုင်း သုံးလုံးကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံနှစ်ဦးကို Sig Sauer အမျိုးအစား ပစ္စတိုနှစ်လက်၊ ကျည်အိမ်နှစ်ခု၊ ၉ မမကျည် ၁၆ တောင့်၊ လက်ပစ်ဗုံး သုံးလုံး၊ Remote လက်လုပ်မိုင်း သုံးလုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ **ဟိန်းထက်နိုင်**သည် အစ်မဖြစ်သူ ဖမ်းဆီးရန်ကျန် တရားခံ **ဟန်နီဝင်း**နှင့်အတူ KNLA တပ်မဟာ(၇)၊ ရင်း(၁၀၁)၌ ဧပြီလတွင် တစ်ကြိမ်၊ ဇွန်လတွင် တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ် အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းများ တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ CRPH၊ NUG အကြမ်းဖက်အဖွဲ့များ၏ စေခိုင်းမှုဖြင့် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်နှင့် မဟာသင်္ကြန်ပွဲတော် အကြိုကာလ






၂၀၂၂ ခုနှစ် မေ ၁၁ ရက်တွင် ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် ကမ္ဘာအေးဘုရားလမ်းနှင့် စက်မှု(၁)လမ်းထောင့် မြန်မာပလာဇာ မြေညီထပ်ရှိ Harry's Bar တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

အတွင်း အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှုဖြစ်စေရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အများပြည်သူနှင့်သက်ဆိုင်သောနေရာ သုံးနေရာတွင် အကြမ်းဖက်ဖောက်ခွဲမှုများနှင့် မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် မတ် ၂၃ ရက်တွင် အလုံမြို့နယ် သခင်မြပန်းခြံအနီး၌ YBS ယာဉ်တစ်စီးအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ မတ် ၂၅ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ KBZ ဘဏ်ခွဲ(၃)မှ ATM စက်တစ်လုံးကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ မေ ၁၁ ရက်တွင် ဗဟန်းမြို့နယ် ဆရာစံရပ်ကွက် ကမ္ဘာအေးဘုရားလမ်းနှင့် စက်မှု(၁)လမ်းထောင့် မြန်မာပလာဇာ မြေညီထပ်ရှိ Harry's Bar အား လက်ပစ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှုဖြစ်စေရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အများပြည်သူနှင့် သက်ဆိုင်သောနေရာ သုံးနေရာတွင် အကြမ်းဖက်ဖောက်ခွဲမှုများ ပြုလုပ်ရန် စီစဉ်ထားကြောင်း၊ မြောက်ဥက္ကလာပမြို့နယ်ရှိ အောင်မင်္ဂလာအဝေးပြေးကားဝင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၊ တာမွေမြို့နယ် ဖိုးစိန်လမ်းရှိ လျှပ်စစ်ရုံးတို့အား အကြမ်းဖက်ဖောက်ခွဲရန် စီစဉ်ထားကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ပေးအပ်ချီးမြှင့်လျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**သတင်းစဉ်**


အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် သီတာလမ်းသွယ်(၅)ရှိ ဟိန်းထက်နိုင်၏ နေအိမ်၌ သိမ်းဆည်းရမိခဲ့သည့် Remote လက်လုပ်မိုင်းများ မှတ်တမ်းဓာတ်ပုံ။




တရားခံ သုံးဦးနှင့်အတူ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။


၂၀၂၂ ခုနှစ် မတ် ၂၅ ရက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ KBZ ဘဏ်ခွဲ(၃)မှ ATM စက် တစ်လုံးအား မီးရှို့ဖျက်ဆီးခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ။

# ၁၃၈၃ ခုနှစ် မဟာသင်္ကြန်ပွဲတော် အကျနေ့ ပုံရိပ်များ



မြစ်ကြီးနားမြို့ ဗဟိုမဏ္ဍာပ်၌ အတာရေသဘင်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ဆင်နွဲနေစဉ်။ ပြည်နယ်(ပြန်/ဆက်)



တောင်ကြီးမြို့ ဗဟိုမဏ္ဍာပ်၌ တိုင်းရင်းသားရိုးရာအကများဖြင့် ကပြဖျော်ဖြေနေစဉ်။ ဇော်နိုင်လင်း



ဗဟန်းမြို့နယ် ရေကစားမဏ္ဍာပ်၌ ယိမ်းအဖွဲ့များ ကပြဖျော်ဖြေနေမှုနှင့်အတူ ပျော်ရွှင်အေးချမ်းစွာ ပါဝင်ဆင်နွဲနေသူများကို တွေ့ရစဉ်။ အောင်မြင့်(ပြန်/ဆက်)



ဇေယျာသီရိမြို့နယ် နေပြည်တော်သတင်းစာတိုက်မိသားစု ရေကစားမဏ္ဍာပ်၌ အေးချမ်းပျော်ရွှင်စွာ ရေကစားနေကြသူများကို တွေ့ရစဉ်။ ကောင်းမြတ်ကျော်



ရန်ကုန်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍာပ်၌ ရေပက်ခံသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။ လင်းရာမ



ကျောင်းကုန်းမြို့နယ် ဗဟိုမဏ္ဍာပ်၌ အဆိုအကများဖြင့်ဖျော်ဖြေကာ ရေကစားသူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။ ဝင်းကြိုင်(ပြန်/ဆက်)



ဟိုပုံးမြို့နယ် မဟာသင်္ကြန်မဏ္ဍာပ်၌ အေးချမ်းစွာ ရေကစားနေကြစဉ်။ ပအိုဝ်းဒေသ(ပြန်/ဆက်)



ကျောက်ဖြူမြို့ ဗဟိုမဏ္ဍာပ်၌ အတာရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွဲနေစဉ်။ တင်ထွန်းဦး(ပြန်/ဆက်)



မုံရွာမြို့ ကန်သာယာ ဗဟိုမဏ္ဍာပ်၌ အတာရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွဲနေစဉ်။ တိုင်းဒေသကြီး(ပြန်/ဆက်)

# မဟာသင်္ကြန်ပွဲတော် အကျနေ့တွင် ရေကစားသူများ၊ အပန်းဖြေသူများဖြင့် စည်ကား



ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံဘေးရှိ လမ်းလျှောက်သင်္ကြန်တွင် ပါဝင်ဆင်နွှဲသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ လင်းရာမ



ဧရာဝတီတိုင်းဒေသကြီး ငရုတ်ကောင်းမြို့ ဂေါ်ရန်ဂျီကျွန်းကမ်းခြေသို့ လာရောက်အပန်းဖြေသူများကို တွေ့ရစဉ်။ ပြုံးမောင်မောင်(ငရုတ်ကောင်း)



ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့ရှိ ချောင်းသာကမ်းခြေတွင် လာရောက်အပန်းဖြေသူများကို တွေ့ရစဉ်။ ကျော်ကျော်(ပြန်/ဆက်)



နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ ပေါင်းလောင်းမြစ်ကမ်းတစ်လျှောက် လာရောက်အပန်းဖြေလည်ပတ်သူများအား တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ရှိ ငွေဆောင်ကမ်းခြေသို့ စိတ်အေးချမ်းသာစွာ လာရောက်အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ငွေဆောင်(ပြန်/ဆက်)

# မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အကျနေ့တွင် ပုသိမ်မြို့၌ရေကစားသူများ၊ ရေပက်ခံထွက်သူများနှင့် စည်ကားလျက်ရှိ

ပုသိမ် ဧပြီ ၁၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အကျနေ့တွင် ကမ်းနားလမ်း ရှုခင်းသာရင်ပြင် ဗဟိုမဏ္ဍပ်ရှေ့၌ ရေပက်ခံထွက်သူ၊ လာရောက်ရေကစားသူများဖြင့် ယနေ့တွင် စည်ကားလျက်ရှိကြောင်း သိရသည်။ သင်္ကြန်အကျနေ့တွင် မြို့ပေါ်ရှိ ရေကစားမဏ္ဍပ်များသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများက ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်များသို့ သွားရောက်၍ ယိမ်းအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများအား ကြည့်ရှုအားပေးခဲ့ပြီး ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီး မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အား ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ် ၁၀ ခု၊ ပြိုင်ယိမ်းအဖွဲ့ ၁၈ ဖွဲ့၊ ဖျော်ဖြေရေးယိမ်းအဖွဲ့(၁၁)ဖွဲ့တို့ဖြင့် သင်္ကြန်ကာလအတွင်း ကျင်းပသွားမည်ဖြစ်ပြီး ပြည်သူများ အန္တရာယ်ကင်းရှင်းစွာ ရေဆော့ကစားနိုင်စေရန်နှင့် ရေပက်ခံထွက်နိုင်စေရန်အတွက် ရေကစားမဏ္ဍပ်များနှင့် ဖျော်ဖြေရေးမဏ္ဍပ်များတွင်လည်း လုံခြုံရေးများ နေ့စဉ်ချထားပေးလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# ပဲခူးမြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

ပဲခူး ဧပြီ ၁၄

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၌ ၁၃၈၃ ခုနှစ် ဧပြီ ၁၄ ရက် မဟာသင်္ကြန်အကျနေ့တွင် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မဟာသင်္ကြန်အကျနေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး မဟာသင်္ကြန် ဗဟိုမဏ္ဍပ်ရှေ့ ဆေးရုံဟောင်းလမ်းပေါ်ရှိ တိုင်းအဆင့်ဌာနဆိုင်ရာ စတုဒိသာနှင့် ရေကစားမဏ္ဍပ် ၁၆ ခုရှိ လမ်းလျှောက်သင်္ကြန်၌ အများပြည်သူများနှင့်အတူ ပါဝင်ဆင်နွှဲခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ နေ့စဉ်ကျွေးမွေးလှူဒါန်းလျက်ရှိသည့် စတုဒိသာမဏ္ဍပ်၌ စတုဒိသာ လာရောက်သုံးဆောင်နေကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ၁၃၈၃ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ပဲခူးမြို့အတွင်း ဗဟိုမဏ္ဍပ်၊ လမ်းလျှောက်သင်္ကြန်နှင့် အများပြည်သူ မဏ္ဍပ်များဖြင့် နေ့စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး စတုဒိသာမဏ္ဍပ်များ၌လည်း နေ့စဉ်ကျွေးမွေးလှူဒါန်းလျက်ရှိရာ အများပြည်သူ လုံခြုံချမ်းမြေ့ စိတ်အေးချမ်းသာ အတာရေသဘင်ပွဲ ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဗဟိုမဏ္ဍပ်၌ မဟာသင်္ကြန်အကြိုနေ့မှ အတက်နေ့အထိ နိုင်ငံကျော် အနုပညာရှင်/ အဆိုတော်များဖြစ်ကြသည့် မိုးအောင်ရင်၊ ပူစူး၊ အစ္စဏီ၊ ပွင့်နဒီမောင်နှင့် အခြားအနုပညာရှင်အဆိုတော်များဖြင့် စည်ကားသိုက်မြိုက်စွာ သီဆိုဖျော်ဖြေပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၌ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် အကျနေ့ကို ပျော်ရွှင်စွာဆက်လက်ဆင်နွှဲ



နေပြည်တော် ဧပြီ ၁၄

မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အကျနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များ၊ တိုင်းစစ်ဌာနချုပ် အသီးသီးရှိ ရေကစားမဏ္ဍပ်များ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ယိမ်းအကအဖွဲ့များ၊ ခေတ်ပေါ်တေးဂီတအဖွဲ့များ၊ အတာရေသဘင်ပွဲ ဆင်နွှဲသူများဖြင့် စည်ကားသိုက်မြိုက်စွာ ဆက်လက်ဆင်နွှဲလျက်ရှိသည်။

**ကြည့်ရှုအားပေး**

မဟာသင်္ကြန် အကျနေ့တွင် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်ရှိ မလိခမဏ္ဍပ်၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ရှိရေကစားမဏ္ဍပ်များ၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၊ နယ်မြေခံတပ်နယ်အသီးသီး ရှိ ရေကစားမဏ္ဍပ်များ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မြို့နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ရှိ ရေကစားမဏ္ဍပ်၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များနှင့် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်ရှိရေကစားမဏ္ဍပ်များ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်ရှိ ရေကစားမဏ္ဍပ်၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် နယ်မြေခံတပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဗဟိုမဏ္ဍပ်၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် ရေကစားမဏ္ဍပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်ရှိဗဟိုမဏ္ဍပ်၊ မန္တလေးမြို့ရှိ ရေကစားမဏ္ဍပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရေကစားမဏ္ဍပ်တို့၌ အတာရေသဘင်ပွဲ ဆင်နွှဲကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များက သွားရောက်၍ အတာသင်္ကြန်ယိမ်းအက အဖွဲ့များ၏ ယှဉ်ပြိုင်ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ကြသည်။



**စည်ကားသိုက်မြိုက်**

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ချောင်းသာကမ်းခြေ၊ ငွေဆောင်ကမ်းခြေနှင့် ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ငပလီကမ်းခြေတို့၌လည်း လာရောက်အပန်းဖြေ အနားယူနေသော ပြည်သူများဖြင့် စည်ကားလျက်ရှိပြီး စားသောက်ဆိုင်များ၊ ဒေသထွက်ကုန်ရောင်းချနေသော ဈေးဆိုင်များ ဖွင့်လှစ်ထားရှိကာ စည်ကားသိုက်မြိုက် လျက်ရှိသည်။

ထို့ပြင် ရေသဘင်ဆင်နွှဲကြသူများကို စတုဒိသာအကျွေးအမွေးများဖြင့် ဧည့်ခံကျွေးမွေးပြီး ရေသဘင်ဆင်နွှဲ နေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■

# နှစ်သစ်ကူးရုံးပိတ်ရက် မဟာသင်္ကြန်ကာလတွင် အင်းလေးဒေသသို့ လာရောက် လည်ပတ်သူများဖြင့် စည်ကား



ညောင်ရွှေ ဧပြီ ၁၄

နှစ်သစ်ကူးရုံးပိတ်ရက် မဟာသင်္ကြန်ကာလအတွင်း ရှမ်းပြည်နယ် ညောင်ရွှေမြို့နှင့် အင်းလေးကန်တို့တွင် အပန်းဖြေလာရောက်လည်ပတ်သူ ပြည်တွင်း ခရီးသွားဧည့်သည်များဖြင့် စည်ကားလျက်ရှိသည်။

အင်းလေးဒေသသို့ လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များသည် ကန်အတွင်း စက်လှေစီးခြင်း၊ စက်လှေများဖြင့် အင်းလေးဖောင်တော်ဦးဘုရား၊ အလိုတော်ပေါက်ဘုရား၊ အင်းတိန်ဘုရားတို့သို့ သွားရောက်ဖူးမြော်ခြင်းအပြင် နှစ်တစ်ရာကျော် ငါးဖယ်ချောင်း ရှေးဟောင်းဘုန်းတော်ကြီးကျောင်း၊ ရက်ကန်းလုပ်ငန်း၊ ငွေထည်လုပ်ငန်း၊ ရေပေါ်စိုက်ခင်းများ၊ မိုင်းသောက်တံတားတို့သို့ အများဆုံးသွားရောက်လည်ပတ်ကြသည်။

နေမျိုးသူရိန်

## မြန်မာ့ရိုးရာပွဲ

❀ ပိတောက်ပန်းတွေ ပွင့်ပြီနော်
နှစ်စဉ် တူပျော်ပျော်၊
ပိတောက်ချစ်ဖော် မိုးရေဖျန်း
ပိတောက်မွှေးကြိုင်လန်း။

❀ ပိတောက်ပွင့်ပန်းပျော်စံရာ
သည်လ သည်ချိန်ခါ၊
ပွင့်ပါမွှေးပါ ရွှေရောင်လူး
မြန်မာ့နှစ်သစ်ဦး။

❀ သံသာချိုမြူး လွင့်ဝဲပျံ့
တူးပို့တူးပို့သံ၊
ကျေးမွေးညှော်ခံ ကုသိုလ်နှံ့
မြန်မာ့ရိုးရာပွဲ။

❀ ဖေးမကူတွဲ ဖိတ်ကာခေါ်
သက်ကြီးဘိုးဘွားနော်၊
ရေချိုးခေါင်းလျှော် ပြုစုပေး
ကန်တော့ဦးတင်သေး။

❀ ရန်ဘယာဝေး တောင်းဆုခြွေ
ပြုံးပန်းတဝေဝေ၊
သာစေမာစေ အေးစေကြောင်း
သင်္ကြန်တာရေလောင်း။ ။

နှင်းဇာခြည်မြင့် (ရွှေကျွန်းမြေ)

# မန်းရွှေစက်တော်ဘုရားကြီး၌ တည်းခိုဆောင်များ ပြည့်လျှံသည်အထိ ဘုရားဖူးသူများဖြင့် စည်ကား

မင်းဘူး ဧပြီ ၁၄

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်းရှိ သမိုင်းဝင်တန်ခိုးကြီး ပါဒစေတီတော်ဖြစ်သော မန်းရွှေစက်တော်ဘုရားကြီး၌ သင်္ကြန်နှစ်သစ်ကူးရုံးပိတ်ရက်များတွင် တည်းခိုဆောင်များ ပြည့်လျှံသည်အထိ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

"အခုရက်က သင်္ကြန်နှစ်သစ်ကူး ရုံးပိတ်ရက်လည်းဖြစ်၊ နှစ်ဆန်း ၁ ရက်မှာလည်း ခြေတော်ရာတွေက ပိတ်သိမ်းတော့မှာဆိုတော့ ပွဲတော်မပိတ်သိမ်းမီ လာရောက်ဖူးမြော်ကြတာထင်ပါတယ်။ တည်းခိုဆောင်တွေ ပြည့်လျှံသည်အထိပါပဲ" ဟု ရွှေစက်တော်ဂေါပက ဒုဥက္ကဋ္ဌ ဦးထွန်းဝေက ပြောသည်။

မန်းရွှေစက်တော်ဘုရားပွဲတော်ကို နှစ်စဉ် တပို့တွဲလဆန်း ၅ ရက်မှ နှစ်ဆန်း ၁ ရက်အထိ သုံးလတိုင်တိုင် ကျင်းပခဲ့ပြီး ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိကြောင်း၊ ယခုနှစ်တွင် တည်းကျောင်းများမှာ ညအိပ်တည်းခိုခွင့်မပြုဘဲ နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိသာ တည်းခို၍ ဖူးမြော်ခွင့်ပြုထားကြောင်း၊ သင်္ကြန်နှစ်သစ်ကူးရုံးပိတ်ရက်များတွင် ဘုရားဖူးသူများဖြင့် အစည်ကားဆုံးဖြစ်ကြောင်း ရွှေစက်တော်ဂေါပကထံမှ သိရသည်။



ဇေယျာထက်(မင်းဘူး)

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ သင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း တစ်ရက်လျှင် လူဦးရေ ၃၀၀၀၀ ကျော် လာရောက် ဖူးမြော်

ညောင်ဦး ဧပြီ ၁၄

ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်သို့ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြရာ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သမိုင်းဝင် အထင်ကရဘုရားများတွင် သင်္ကြန်တွင်း ရုံးပိတ်ရက်ကာလအတွင်း တစ်ရက်လျှင် လူဦးရေ ၃၀၀၀၀ ကျော်ခန့် လာရောက်ဖူးမြော်လျက်ရှိသည်။

ယခုရက်ပိုင်းတွင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ တစ်ရက်လျှင် လူဦးရေ ၃၀၀၀၀ ကျော်ခန့် လာရောက်ဖူးမြော်လျက်ရှိရာ ဂေါပကအဖွဲ့ထားရှိသည့် ဘုရား ၁၉ ဆူတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ဝင်ရောက်ဖူးမြော်စေကြောင်းလည်း သိရသည်။

ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လေကြောင်းခရီးဖြင့် လည်းကောင်း၊ ကိုယ်ပိုင်ကားများ၊ ခရီးသွားလုပ်ငန်း ကားများဖြင့်လည်းကောင်း လာရောက်ကြကာ သင်္ကြန်အကြိုကာလအတွင်း ခရီးသွား ဘုရားဖူးဧည့်သည် အဝင်များလျက်ရှိရာ အီးဗိုက်၊ မြင်းလှည်း၊ တုတ်တုတ်(ခေါ်) မီနီအိုးဝေများ၊ တိုးကားများ အငှားလိုက်ရပြီး ဝင်ငွေကောင်းနေကြကာ စားသောက်ဆိုင်များတွင်လည်း ဘုရားဖူးသူများ လာရောက်မှုများပြားခြင်းကြောင့် ရောင်းအား ကောင်းကြကြောင်း သိရသည်။

ကိုထိန်

# ကျိုင်းတုံမြို့၌ ရိုးရာမဟာသင်္ကြန် မင်္ဂလာစည်တော် ပို့ဆောင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

ကျိုင်းတုံ ဧပြီ ၁၄

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ (၆၁၁)ကြိမ်မြောက် ရိုးရာမဟာသင်္ကြန် မင်္ဂလာစည်တော် ပို့ဆောင်ပွဲကို ဧပြီ ၁၄ ရက် မွန်းလွဲ ၁ နာရီက စည်ကားသိုက်မြိုက်စွာ ပို့ဆောင်ကျင်းပခဲ့ကြောင်း သိရသည်။



**ပူဇော်ထားရှိ**

အဆိုပါ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ရွှေစည်၊ ငွေစည်၊ ပတ္တမြားနှင့် နန္ဒဘေရီစည်တော်အား ကျိုင်းတုံမြို့လယ် စပ်လုံကတ်အောင်မြေနတ်နန်းတွင် ပူဇော်ထားရှိတီးခတ်ကာ စည်တော်အား တီးခတ်ခြင်းဖြင့် တိုင်းပြည်အေးချမ်းသာယာဝပြောပြီး မိုးကောင်းရေသန့်၊ ဆန်ဆီ၊ စပါး အထွက်ကောင်းမြန်ပြီး ရန်သူဟူသမျှအောင်နိုင်ခြင်း၊ မကောင်းဆိုးဝါး ဘေးအန္တရာယ် ကင်းဝေးပပျောက်ကြောင်း သိရသည်။

အဆိုပါ စည်တော်သည် မင်္ဂလာနှင့် ပြည့်စုံသောစည်တော်ဖြစ်၍ တိုင်းပြည်အေးချမ်းစေရန် သင်္ကြန်အကြတ်နေ့ မွန်းလွဲ ၁ နာရီတိတိတွင် စည်တော်ထားရှိရာ စပ်လုံကတ်အောင်မြေနတ်နန်းမှ ကျိုင်းတုံမြို့ မြောက်အရပ်ရှိ နမ့်ခင်ချောင်းနဘေးလောင့်ကုပ်ဟူသော နေရာတွင် ပို့ဆောင်ပူဇော်ကြသည်။

**စည်ကား**

ထိုသို့ မင်္ဂလာစည်တော်အား ပို့ဆောင်ရာတွင် မြို့မိမြို့ဖများ၊ မြို့သူမြို့သားများက ခြေကျင်၊ ဆိုင်ကယ်များ၊ မော်တော်ကားများဖြင့် လှိုင်မွေလမ်း၊ ကျောက်တိုင်အဝိုင်းပတ်၊ ဘုရားကြီးအဝိုင်းပတ်မှ မိုင်းယန်းလမ်းအတိုင်း နမ့်ခင်ချောင်းသို့ ပို့ဆောင်ရာ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများကလည်း လိုက်ပါပို့ဆောင်ကြကာ လမ်းဘေးဝဲ/ယာ တစ်လျှောက်ရှိ ပြည်သူများက စည်တော်အား ရေပက်ဖျန်း ပူဇော်ကြပြီး လိုက်ပါ ပို့ဆောင်ကြသူများနှင့်အတူ အေးချမ်းပျော်ရွှင်စွာ သင်္ကြန်ရေ ပက်ကစားကြသည်။

ကျိုင်းတုံမြို့၌ အကြတ်နေ့တွင် ဗဟိုမဏ္ဍပ်နှင့် မြို့တွင်းလမ်းတစ်လျှောက် ရေပက်ကစားသူများ၊ မင်္ဂလာစည်တော်ပို့ဆောင်ရာလမ်းတစ်လျှောက်တို့တွင် ရေကစားသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

■

# အရေးကြီးပြီး အလေးမပေးခဲ့သော... ကျေးလက်ကုန်ထုတ်လုပ်မှုအတွက် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း

ခန့်ဇော်(ကျေးလက်)

နိုင်ငံတစ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ (Micro Enterprise–ME)၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်း (Small and Medium Enterprise–SME) တွေရဲ့အခန်းကဏ္ဍဟာ အလွန်အရေးပါကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ SME ကဏ္ဍဟာ နိုင်ငံ GDP ရဲ့ (၃၀~ ၅၃) ရာခိုင်နှုန်း၊ အလုပ်အကိုင်အားဖြင့် (၅၀~၉၅) ရာခိုင်နှုန်းရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ SME တွေကို ကျားကန်ပေးနေတာက အိမ်တွင်းအသေးစားစက်မှုလက်မှုလုပ်ငန်းတွေဖြစ်ပါတယ်။ ME နဲ့ SME တွေ အပြန်အလှန်ချိတ်ဆက်မှီခိုနေရသလို ME တွေဟာ ကျေးလက်ဒေသနေရာအများစုမှာ ရှိနေနိုင်ပါတယ်။ ME တွေကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (SSID) က ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။ SSID က ကြီးကြပ်ဆောင်ရွက်နေတဲ့ ME လုပ်ငန်းတွေဟာ နိုင်ငံစီးပွားရေး၊ အထူးသဖြင့် ကျေးလက်ထုတ်ကုန်ဖွံ့ဖြိုးရေးနဲ့ ကျေးလက်စီးပွားရေးအတွက် အရေးပါသော်လည်း အားပေးမှု အားနည်းနေတာကို တွေ့ရပါတယ်။ ဘာကြောင့် အရေးပါသလဲ၊ ရွာတွေမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေ လုပ်ကြတယ်။ ဘာတွေထုတ်လုပ်ရောင်းချပြီး ဘာတွေဝယ်သုံးကြသလဲ ကြည့်လိုက်ရင် ထုတ်လုပ်တာက စိုက်ပျိုးတာ၊ မွေးမြူတာပဲများပြီး တန်ဖိုးမြင့်ထုတ်ကုန်အထိ မသွားနိုင်သေးပါဘူး။ လူသုံးကုန်၊ စားသောက်ကုန်အများစု ဝယ်သုံးနေကြတယ်။ တကယ်တမ်း လူသုံးကုန်၊ စားသောက်ကုန်အများစုက လုပ်လို့ရတယ်၊ သင်ပေးလို့ရတယ်။ နည်းပညာ၊ ငွေကြေးအများကြီးမလိုအပ်ပါဘူး။ ဒါကို SSID က ဆောင်ရွက်ပေးနိုင်တယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (DRD)၊ သမဝါယမဦးစီးဌာနတို့နဲ့ချိတ်ဆက်ပြီး ချေးငွေအရင်းအနှီးအချို့ ရနိုင်ပါတယ်။ မရောင်းရရင်တောင် ဝယ်မသုံးရအောင်၊ ထွက်ငွေနည်းအောင် အနည်းဆုံးအဆင့်အထိ ထုတ်လုပ်နိုင်တာကို တွေ့ရပါတယ်။

ပြည်ထောင်စုဝန်ကြီးက အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးရေးနဲ့ပတ်သက်ပြီး သင်တန်းတွေနဲ့ရပ်မနေဘဲ ထုတ်လုပ်နိုင်အောင်၊ သုံးနိုင်အောင်အထိ ချိတ်ဆက်ဆောင်ရွက်နမူနာပြဆောင်ရွက်ဖို့ ပြောဆိုနေ၊ လမ်းညွှန်နေပါတယ်။ အခုလိုအားပေးလာတဲ့အချိန်မှာ အဖွဲ့အစည်းကိုလည်း ပြင်ဆင်တိုးချဲ့ပြီး ယခင်ပြည်နယ်/ တိုင်းဒေသကြီးအဆင့်ရှိရာမှ အခု ခရိုင်အဆင့်အထိ ရှိလာပြီမို့ ကျေးလက်ဒေသ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းတွေကို ပိုမိုအားပေးနိုင်မယ်၊ နည်းပညာသင်တန်းတွေ ပိုပေးနိုင်မယ်၊ အရင်းအနှီးချိတ်ဆက်မှုတွေ ပိုလုပ်နိုင်မယ်၊ ချေးငွေချိတ်ဆက်မှုတွေ ပိုလုပ်နိုင်မယ်ဆိုရင် ဒီကဏ္ဍ ရှင်သန်လာမယ်လို့ ယုံကြည်ပါတယ်။ ပြည်နယ်/ တိုင်းဒေသကြီးအားလုံးမှာ စံပြကျေးရွာစီမံကိန်းတွေ Pilot လုပ်နေပါတယ်။ အဲဒီရွာတွေမှာ ကျေးရွာရဲ့ ရှိပြီးစိုက်ပျိုးရေး၊ မွေးမြူရေး အရင်းအမြစ်တွေကို အခြေခံပြီး ကုန်ထုတ်လုပ်မှု ဆောင်ရွက်နိုင်ဖို့ စီမံဆောင်ရွက်ရမှာဖြစ်ပါတယ်။



ယွန်းပညာကောလိပ်(ပုဂံ)တွင် ၂-၂-၂၀၁၉ ရက်နေ့က ကျင်းပခဲ့သည့် ယွန်းပညာပြပွဲ။

### နိုင်ငံအတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ၏ ဖွံ့ဖြိုးမှုအခြေအနေ

အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေနဲ့ ME ပိုင်းကို အဓိကထား လုပ်ကိုင်တာဖြစ်ပြီး အသေးစားနဲ့ အလတ်စားလုပ်ငန်းပေါင်း သိန်းကျော်ရှိနေပါတယ်။ SME မှတ်ပုံတင်ပြီး အဖွဲ့ဝင်ကတ်ထုတ်ပေးထားတဲ့ လုပ်ငန်း ၇၀၀၀၀ ကျော်နဲ့ ME အနေနဲ့ မှတ်ပုံတင်ပြီးလုပ်ငန်းပေါင်း ၁၄၀၀၀ ကျော် ရှိနေပြီဖြစ်ပါတယ်။ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းတွေ စုပေါင်းပြီး အသေးစားမှ တစ်ဆင့် အငယ်စား၊ အလတ်စား၊ အကြီးစားစသဖြင့် တဖြည်းဖြည်း အဆင့်မြှင့်တင်ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ဥပမာ မန္တလေးက အာရှအချိုရည်လုပ်ငန်းဆိုရင် ဌာနက ဖွင့်လှစ်တဲ့ သစ်သီးယိုစုံနှင့် ဖျော်ရည်သင်တန်းတွေကို သင်တန်းသားစေလွှတ်တက်ရောက်စေခဲ့ရာမှ အခုဆိုရင် လုပ်ငန်းကလည်း အသေးစားကနေ အလတ်စားအဆင့်ကို ရောက်ရှိနေတာ တွေ့ရပါတယ်။ ဒီလိုမျိုး အောင်မြင်လာတဲ့၊ အဆင့်မြှင့်တင်ဆောင်ရွက်လာနိုင်တဲ့ လုပ်ငန်းတွေ အများကြီးရှိပါတယ်။ လက်ရှိမှာ မှတ်ပုံတင်ထားတဲ့ လုပ်ငန်းတစ်သိန်းကျော်ရှိနေပြီး လုပ်ငန်းအရေအတွက် ၁၇၀၀၀ ကျော် ကောင်းမွန်စွာ လည်ပတ်လျက်ရှိပါတယ်။

စက်မှုလက်မှုလုပ်ငန်းအနေနဲ့ မြင်းကောင်ရေသုည ဒသမ ၂၅ မှ ၅ အောက်နဲ့ အလုပ်သမားအနေနဲ့ သုံးဦးမှ ကိုးဦးအထိ သတ်မှတ်ထားရှိပြီး SME လုပ်ငန်းအမျိုးအစားအနေနဲ့ ၁၃ မျိုး ခွဲခြားထားရှိပါတယ်။ မှတ်ပုံတင်ထားတဲ့ လုပ်ငန်းအများစုမှာ စားသောက်ကုန်လုပ်ငန်းတွေ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးနဲ့ နေပြည်တော်မှာ ပရိဘောဂလုပ်ငန်းတွေ အများစုရှိပြီး ရန်ကုန်တိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးတို့မှာ စားသောက်ကုန်လုပ်ငန်းတွေကို အများဆုံးမှတ်ပုံတင်ထားရှိတာ တွေ့ရပါတယ်။ စားသောက်ကုန်လုပ်ငန်းကတော့ လုပ်ငန်းအမျိုးအစားအားလုံးရဲ့ ၆၅ ရာခိုင်နှုန်းခန့် ရှိပါတယ်။

### အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းအားဖြင့် လုပ်ငန်းရှင်ဘက်က ရရှိနိုင်သည့်အခွင့်အလမ်း

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှာ မှတ်ပုံတင်မယ်ဆိုရင် မှတ်ပုံတင်ကြေးအနေနဲ့ ငွေကျပ် ၁၀၀၀၀ ပေးသွင်းရမှာဖြစ်ပါတယ်။ စားသောက်ကုန်လုပ်ငန်းတွေအနေနဲ့ မှတ်ပုံတင်ခြင်းအားဖြင့် စူပါမားကတ်တွေမှာ တင်ရောင်းတဲ့အခါ ဌာနက ခတ်ခွဲစိစစ် အတည်ပြုချက်ရရှိပြီးဖြစ်တဲ့အတွက် တရားဝင်ဖြစ်စေတဲ့ အားသာချက်အခွင့်အလမ်းရှိပါတယ်။ သို့ပေမယ့် လုပ်ငန်းတစ်ခုဆိုတာက လုံလောက်တဲ့အရင်းအနှီး၊ နည်းပညာနဲ့ ဈေးကွက်ရှိမှသာ ရေရှည်ရပ်တည်နိုင်မှာ ဖြစ်ပါတယ်။ အသေးစားစက်မှုလက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးလာဖို့ဆိုရင် နိုင်ငံတော်ဘက်က အရင်းအနှီးနဲ့ နည်းပညာပိုင်း ပံ့ပိုးပေးနိုင်ဖို့လိုသလို ဈေးကွက်ဖော်ဆောင်ပေးနိုင်ဖို့လည်း လိုပါတယ်။ လက်ရှိမှာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေနဲ့ အရင်းအနှီးထောက်ပံ့ပေးနိုင်ဖို့ နည်းလမ်းရှာဖွေဆောင်ရွက်ဆဲကာလဖြစ်ပြီး နည်းပညာပိုင်းအရလည်း အဆင့်မီနည်းပညာတွေ ပံ့ပိုးပေးနိုင်ဖို့ လူ့စွမ်းအားအရင်းအမြစ်တွေ မြှင့်တင်နိုင်ဖို့ ဆောင်ရွက်နေတာ တွေ့ရပါတယ်။ ဒါပေမဲ့ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း စတင်လုပ်ကိုင်မယ့်သူတွေအတွက် နည်းပညာပိုင်းအရ ပံ့ပိုးပေးနိုင်မှုရှိတာကို တွေ့ရပါတယ်။ အရင်းအနှီးလိုအပ်ချက်အပိုင်းကိုတော့ အထက်မှာပြောခဲ့သလိုပဲ သမဝါယမဦးစီးဌာနရဲ့ ချေးငွေ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်နေတဲ့ မြစိမ်းရောင်စီမံကိန်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်သွားနိုင်ဖို့ လုပ်ပေးရမှာ ဖြစ်ပါတယ်။ ကုန်စည်ပြပွဲတွေ ပြုလုပ်ပြီး လုပ်ငန်းရှင်တွေကို ကုန်ပစ္စည်းတွေ ပြသရောင်းချစေတဲ့ နည်းလမ်းမျိုးနဲ့ ဈေးကွက်ဖော်ဆောင်ပေးဖို့လည်း လိုပါတယ်။

လုပ်ငန်းမျိုးတူတွေကို စုစည်းပြီး အသင်းအဖွဲ့အနေနဲ့ ဖွဲ့စည်းဆောင်ရွက်ခြင်းအားဖြင့် ပိုမိုအားကောင်းလာစေမှာဖြစ်ပါတယ်။ လုပ်ငန်းတူကိုးခုရှိရင် လုပ်ငန်းမျိုးတူစု ဖွဲ့စည်းလို့ရပါတယ်။ ယွန်းလုပ်ငန်းမှာ ဌာနကဦးဆောင်ပြီး ယွန်းလုပ်ငန်းရှင်အသင်း ဖွဲ့စည်းထားရှိသလို ရက်ကန်းလုပ်ငန်းရှင်များအသင်းကိုလည်း ဖွဲ့စည်းထားရှိပါတယ်။ ဌာနအနေနဲ့ ရက်ကန်းလုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းပြီး လက်ရက်ထည်တွေနဲ့ ယှဉ်ပြိုင်တဲ့ ဖက်ရှင်နဲ့ ဒီဇိုင်းပြိုင်ပွဲတွေ ပြုလုပ်ခဲ့သလို သင်တန်းပေးတာ၊ ဆွေးနွေးပွဲတွေ၊ နှီးနှောဖလှယ်ပွဲတွေနဲ့ စာတမ်းဖတ်ပွဲတွေ ပြုလုပ်တာမျိုးတွေ ဆောင်ရွက်ပေးသင့်ပါတယ်။ သီးခြားဘတ်ဂျက်မရှိတဲ့လုပ်ငန်းတွေကို ကုန်ကျစရိတ်သက်သာစွာ ကျွဲကူးရေပါ ဆောင်ရွက်နိုင်မယ့်နည်းလမ်းတွေကို စဉ်းစားဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

### သင်တန်းဖွင့်လှစ်ပို့ချပေးမှုနှင့် အလုပ်အကိုင်အခွင့်အလမ်း

သင်တန်းအနေနဲ့ ဌာနက ဖွင့်လှစ်ပေးလျက်ရှိရာမှာ ယွန်းပညာသင်တန်း၊ ရက်ကန်းသင်တန်းနဲ့ စားသောက်ကုန်၊ လူသုံးကုန်စက်မှုလက်မှုလုပ်ငန်းဆိုင်ရာသင်တန်းဆိုပြီး သုံးပိုင်းရှိတာ တွေ့ရပါတယ်။

### ရက်ကန်းသင်တန်း

ရက်ကန်းသင်တန်းအနေနဲ့ ၁၀ တန်းအောင်တွေအတွက် ဒီပလိုမာပေးတဲ့သင်တန်း (ပုံမှန်သင်တန်း)နဲ့ အလယ်တန်းအောင်တွေအတွက် သင်တန်း (ကာလတိုသင်တန်း)ဆိုပြီး သင်တန်းနှစ်မျိုးရှိပါတယ်။ ပုံမှန်သင်တန်းမှာ ပညာအရည်အချင်းနဲ့ အသက်ကန့်သတ်ချက်ရှိပြီး ကျောင်းအဆောင်ပေးခြင်းနဲ့ သင်တန်းထောက်ပံ့ကြေးပေးခြင်းတွေ ရှိပါတယ်။ ဆောင်းဒါးရက်ကန်းကျောင်းအနေနဲ့ ပုံမှန်သင်တန်းတွေကို ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှာ သင်တန်းငါးမျိုးဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူဦးရေ စုစုပေါင်း ၃၂ ဦး တက်ရောက်နေကြောင်း သိရပါတယ်။ ဒီပလိုမာဘွဲ့ရရှိသူတွေအနေနဲ့ ရက်ကန်းသင်တန်းကျောင်းမှာ ဆရာ ဆရာမတွေအဖြစ် ပြန်လည်ဝင်ရောက်လုပ်ကိုင်နိုင်သလို ကိုယ်ပိုင်လုပ်ငန်းတွေ လုပ်ကိုင်နိုင်တာလည်း တွေ့ရပါတယ်။ အလယ်တန်းအောင် သင်တန်းဆင်းတွေအနေနဲ့ကတော့ မိတ္ထီလာနဲ့ ရန်ကုန်မှာရှိတဲ့ တပ်မတော် ချည်မျှင်နှင့် အထည်စက်ရုံတွေမှာ လုပ်သားအဖြစ် သွားရောက်လုပ်ကိုင်နိုင်ကြပါတယ်။ ယနေ့အချိန်အထိ စာရင်းအရ ရန်ကုန်မြို့ သမိုင်းနဲ့ မိတ္ထီလာမြို့ရှိ တပ်မတော် ချည်မျှင်နှင့် အထည်စက်ရုံတွေမှာ ၃၀ ရာခိုင်နှုန်း၊ ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံတွေမှာ ၃၅ ရာခိုင်နှုန်း ဝင်ရောက်လုပ်ကိုင်လျက်ရှိတာ သိရပါတယ်။

စာမျက်နှာ ၂၁ သို့ ❖

> အသေးစားစက်မှုလက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးလာဖို့ဆိုရင် နိုင်ငံတော်ဘက်က အရင်းအနှီးနဲ့ နည်းပညာပိုင်း ပံ့ပိုးပေးနိုင်ဖို့လိုသလို ဈေးကွက်ဖော်ဆောင်ပေးနိုင်ဖို့လည်းလိုပါတယ်။ လက်ရှိမှာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေနဲ့ အရင်းအနှီးထောက်ပံ့ပေးနိုင်ဖို့ နည်းလမ်းရှာဖွေဆောင်ရွက်ဆဲကာလဖြစ်ပြီး နည်းပညာပိုင်းအရလည်း အဆင့်မီနည်းပညာတွေ ပံ့ပိုးပေးနိုင်ဖို့ လူ့စွမ်းအားအရင်းအမြစ်တွေ မြှင့်တင်နိုင်ဖို့ ဆောင်ရွက်နေတာတွေ့ရ။ ကုန်စည်ပြပွဲတွေပြုလုပ်ပြီး လုပ်ငန်းရှင်တွေကို ကုန်ပစ္စည်းတွေပြသရောင်းချစေတဲ့ နည်းလမ်းမျိုးနဲ့ ဈေးကွက်ဖော်ဆောင်ပေးဖို့လည်းလို

❖ စာမျက်နှာ ၂၀ မှ

စက်ရက်ကန်း/ လက်ရက်ကန်းနဲ့ ကိုယ်ပိုင်လုပ်ငန်းဆောင်ရွက်သူတွေကို ပညာရပ်ပိုင်းဆိုင်ရာ ကူညီပံ့ပိုးပေးလျက်ရှိတာ တွေ့ရပါတယ်။ အရင်နှစ်တွေကဆိုရင် British Council နဲ့ပူးပေါင်းပြီး ဒီဇိုင်းပညာ အဓိကထားကာ ဒီပလိုမာသင်တန်းသားတွေနဲ့ ဆရာ ဆရာမတွေကို သင်ကြားပေးမှုတွေ ရှိပါတယ်။ ဒီဇိုင်းတီထွင်ထားတာတွေကို ဖက်ရှင်ပြိုင်ပွဲတွေမှာပြသတာနဲ့ ရောင်းချတာတွေ ပြုလုပ်ပါတယ်။ ဒီဇိုင်းပညာရပ်တွေကို လုပ်ငန်းရှင်တွေဆီ ပြန်လည်သင်ကြားပေးတာတွေ ဆောင်ရွက်တယ်လို့ သိရှိရပါတယ်။ လုပ်ငန်းရှင်တွေအနေနဲ့ သဘာဝဆိုးဆေးနှင့် ဒီဇိုင်းပိုင်းတွေကို ပိုမိုဆောင်ရွက်လာနိုင်လို့ ပြည်တွင်း/ ပြည်ပဈေးကွက် ပိုမိုရရှိလာတာ တွေ့ရပါတယ်။ ဖက်ရှင်ဒီပလိုမာကို လုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းပြီး တစ်နှစ်သင်တန်း သင်ရိုးညွှန်းတမ်းတွေနဲ့ ဆောင်ရွက်သွားနိုင်ဖို့ ကြိုးစားနေသလို သုံးလသင်တန်းဖွင့်လှစ်နိုင်ဖို့ ကြိုးစားဆောင်ရွက်လျက်ရှိတာ သိရတဲ့အတွက် အားရကျေနပ်မိပါတယ်။

တစ်နိုင်ငံလုံးအနေနဲ့ ဆောင်းဒါးရက်ကန်း(သိပ္ပံ) အပါအဝင် ရက်ကန်သင်တန်းကျောင်းပေါင်း ၁၄ ကျောင်းရှိပြီး ဒီပလိုမာသင်တန်း ၁၅ ဦး၊ အထည်အလိပ်ကျွမ်းကျင်သင်တန်းသား ၁၁၀၊ လက်ရက်ကန်း သင်တန်း ၇၁ ဦး တက်ရောက်နေကြောင်း သိရှိရပါတယ်။

သုတေသနပိုင်းအနေနဲ့ နှစ်လ တစ်ကြိမ် တီထွင်ဆန်းသစ်မှုတွေကိုစမ်းသပ်ပြီး သုတေသနတွေကို ရုံးချုပ်ကိုတင်ပါတယ်။ Renovation အနေနဲ့ လက်ငင်ချည်၊ ရွှေချည်ငွေချည်ထိုးတွေ၊ ဂျပ်ခုတ်ထည်တွေကိုလည်း သုတေသနပြုလုပ်ကာ ဈေးကွက်ဝင်အထည်တွေဖြစ်ဖို့ စီစဉ်ဆောင်ရွက်နေတာသိရပါတယ်။ ချည်ခိုင်အားနဲ့ ဆေးတာရှည်ခံဖို့ စမ်းသပ်ဆောင်ရွက်နေသလို ရိုးရာမပျက်အောင် တီထွင်ဆန်းသစ်မှုတွေလည်း ဆောင်ရွက်နေပါတယ်။ သင်တန်းကျောင်းဆင်း လက်ရာတွေကိုလည်း ဒီဇိုင်းပြပွဲ၊ ပြိုင်ပွဲတွေပြုလုပ်ပြီး ယှဉ်ပြိုင်စေသလို လုပ်ငန်းရှင်တွေကိုလည်း ယှဉ်ပြိုင်စေပါတယ်။ ဒီလိုဆောင်ရွက်တဲ့အတွက် လုပ်ငန်းရှင်အချင်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း၊ သင်တန်းသူတွေအနေနဲ့ အသိအမြင်ဗဟုသုတနဲ့ လုပ်ငန်းနယ်ပယ်ကို သိရှိနိုင်စေခြင်း စတဲ့အကျိုးကျေးဇူးတွေရရှိစေမှာ ဖြစ်ပါတယ်။ ချည်ခံအားတိုင်းတာတဲ့စက်နဲ့ နေရောင်ခံအားစမ်းတဲ့စက်တွေ ကျောင်းတိုင်းမှာ ရှိပြီး စမ်းသပ်မှုတွေလည်း ဆောင်ရွက်ကြောင်း သိရပါတယ်။

## စားသောက်ကုန်၊ လူသုံးကုန်နှင့် စက်မှုလက်မှုသင်တန်း

စားသောက်ကုန်၊ လူသုံးကုန်နဲ့ စက်မှုလက်မှု သင်တန်းတွေကို ပညာအရည်အချင်းအနေနဲ့ အလယ်တန်းအောင် သတ်မှတ်ထားပါတယ်။ စားသောက်ကုန်သင်တန်းကို သီးနှံအများဆုံးထွက်တဲ့ ရှမ်းပြည်နယ်နဲ့ ပြင်ဦးလွင်တို့မှာ ဒေသနဲ့ ကိုက်ညီတဲ့အတွက် အအောင်မြင်ဆုံး ဖြစ်ပါတယ်။ လူသုံးကုန်အနေနဲ့ ဆပ်ပြာနဲ့ ခေါင်းလျှော်ရည် ပြုလုပ်နည်းသင်တန်းတွေကို သင်ကြားပေးပြီး စက်မှုလက်မှုလုပ်ငန်းအနေနဲ့ သံဂဟေဆက်နည်း၊ ဆိုင်ကယ်ပြင်သင်တန်းနဲ့ အိမ်တွင်းမီးရိုက်သင်တန်းတွေကို သင်ကြားပေးပါတယ်။

စားသောက်ကုန်နဲ့ လူသုံးကုန်ပစ္စည်းတွေကို ဒေသအလိုက် ထုတ်လုပ်ရောင်းချသုံးစွဲနိုင်ဖို့ လွန်စွာအရေးကြီးပါတယ်။ နိုင်ငံတကာက တင်သွင်းနေရတာတွေ လျှော့ချသင့်ပြီး ပြည်တွင်းထုတ်လုပ်မှုကို တိုးမြှင့်သင့်ပါတယ်။ ဥပမာ ဆပ်ပြာ၊ ခေါင်းလျှော်ရည် စတဲ့ ဒေသတွင်းမှာပဲ ထုတ်လုပ်ရသမျှ ဈေးနှုန်းချိုသာစွာရောင်း၊ အနည်းဆုံး အိမ်ရဲ့ လိုအပ်ချက်အဖြစ် နေ့စဉ်သုံးရတာမို့ ဝယ်မသုံးရရင် ထွက်ငွေလျှော့ချနိုင်မှာ ဖြစ်ပါတယ်။ စားသောက်ကုန်လုပ်ငန်းတွေလည်း ဒီအတိုင်းပဲ ဖြစ်ပါတယ်။ ပါကင်ထုပ်ပိုးမှုပုံစံကောင်းကောင်းနဲ့ ပတ်ဝန်းကျင်နိုင်ငံတွေက သွင်းကြပါတယ်။ တချို့စားသောက်ကုန်တွေဆိုရင် အန္တရာယ်အလွန်ရှိတာ တွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်နေတာမို့ ကုန်ကြမ်းအလွယ်တကူရှိပြီး သန့်ရှင်းလတ်ဆတ်အန္တရာယ်ကင်းတဲ့ စားသောက်ကုန်တွေ များများထုတ်ပြီး ပြည်ပတင်သွင်းမှုကို လျှော့ချသင့်ပါတယ်။

## ယွန်းပညာကောလိပ်

ယွန်းပညာကောလိပ်အနေနဲ့ ယွန်းပညာရပ်ကို ရိုးရာမပျက်စေဘဲ ခေတ်မီနည်းပညာတွေနဲ့ ဆောင်ရွက်နေပြီး ဒီပလိုမာ နှစ်နှစ် သင်တန်းနဲ့ ဘွဲ့ရ တစ်နှစ်သင်တန်းဆိုပြီး နှစ်မျိုး ရှိပါတယ်။ ဒီပလိုမာနှစ်နှစ်သင်တန်းပြီးဆုံးတဲ့အခါ သမဝါယမ တက္ကသိုလ်ကို ဆက်ပြီးတက်ရောက်နိုင်မှာ ဖြစ်ပါတယ်။ ပုဂံဒေသရှိ ယွန်းထည်အသင်း၊ ယွန်းထည်တိုက်တွေက လုပ်သားတွေ ယွန်းပညာကို လာရောက်သင်ကြားတာမျိုးလည်း ရှိပါတယ်။ အလုပ်အကိုင်အခွင့်အလမ်း ရရှိမှုအနေနဲ့ တက္ကသိုလ်ဆရာ ဆရာမတွေအဖြစ် ပြန်လည်လုပ်ကိုင်တာ၊ အစိုးရဝန်ထမ်း၊ ပုဂ္ဂလိကဝန်ထမ်းတွေအဖြစ်လုပ်ကိုင်တာ တွေ့ရပါတယ်။ ကျောင်းကထောက်ပံ့ကြေး သုံးသောင်းပေးပေမယ့် ယွန်းပညာသီးသန့်သင်ကြားကာ ကိုယ်ပိုင်လုပ်ငန်းလုပ်သူနည်းပါးပြီး လုပ်ငန်းရှင်တွေဆီမှာပဲ သွားရောက်လုပ်ကိုင်သူတွေရှိတာ တွေ့ရပါတယ်။

တစ်ဖက်မှာလည်း တက္ကသိုလ်၊ ကောလိပ်တို့ရဲ့ အသက်ဖြစ်တဲ့ သုတေသနပိုင်းကို စဉ်းစားကြရမှာ ဖြစ်ပါတယ်။ ယွန်းပညာကောလိပ်အနေနဲ့ နည်းပညာဆိုင်ရာ သုတေသနတွေကို နှစ်ပိုင်း ဆောင်ရွက်နေပါတယ်။ ယွန်းပစ္စည်းကို Innovation လုပ်ပြီး Marketing ဆောင်ရွက်နိုင်တဲ့အပိုင်းနဲ့ အသုံးပြုတဲ့ သစ်စေးနဲ့ အရောင်တွေဟာ လူကို အန္တရာယ်ဖြစ်စေမှု ရှိ၊ မရှိ ဓာတ်ခွဲခန်းမှာ စမ်းသပ်တာတွေ ဆောင်ရွက်ပါတယ်။ သုတေသနရလဒ်အရ ယွန်းပစ္စည်းတွေကို အစားအသောက်ထည့်ရာမှာ အန္တရာယ်ကင်းကင်းနဲ့ အသုံးပြုလို့ရကြောင်း သက်သေပြနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒါပေမဲ့ ယွန်းထည်ပစ္စည်းတွေရဲ့တန်ဖိုးဟာ မြင့်မားနေလို့ သုံးစွဲသူနည်းပါးနေသေးတာ တွေ့ရပါတယ်။ ယွန်းထည်ဆိုးဆေးတွေကို ဂျပန်နိုင်ငံက မှာယူအသုံးပြုပြီး ယွန်းထည်ပစ္စည်းတွေကို အစားအသောက်အန္တရာယ်ကင်းစေဖို့အတွက် သစ်စေးခြောက်စေဖို့ ငါးလခန့် မြေတိုက်သွင်းအခြောက်ခံရလို့ အခြောက်ခံဖို့ သင့်တော်မယ့်အပူချိန်ကို စမ်းသပ်စစ်ဆေး ဆောင်ရွက်နေပါတယ်။ အစားအသောက်အတွက် ဘေးကင်းဖို့ အဓိကဖြစ်လို့ ပါကင်ထုပ်ရာမှာ ယွန်းထည်ပစ္စည်းကို အစားအသောက်တွေ ထည့်ရာမှာ အသုံးပြုနိုင်ကြောင်း အညွှန်းစာရွက် ထည့်ပေးတာတွေပြုလုပ်ဖို့ အကြံပြုချင်ပါတယ်။

## Incubation Center(သင်ကြားလေ့ကျင့်မှုစင်တာ) ဖွင့်လှစ်ထားရှိမှုနှင့် အကျိုးပြုနိုင်မှု

ဌာနက သင်တန်းပေးသော်လည်း လုပ်ငန်းရှင်ထွက်ပေါ်လာမှု နည်းပါးလို့ ဌာနက မူဝါဒပြောင်းပြီး အလုပ်လုပ်ချင်သူတွေကိုသာ ပို့ချပေးတဲ့စနစ်နဲ့ ဆောင်ရွက်နေပြီး အခုမှစတင်လုပ်ကိုင်မယ့် လုပ်ငန်းရှင်တွေကို သင်ကြားပို့ချပေးခြင်းနဲ့ လုပ်ငန်းတိုးချဲ့လုပ်ကိုင်လိုတဲ့ လုပ်ငန်းရှင်တွေကို သင်ကြားပေးခြင်းတို့ ဆောင်ရွက်နေကြောင်း သိရပါတယ်။ လုပ်ငန်းရှင်ဘက်က လိုချင်တဲ့နည်းပညာကိုသာ ဌာနဘက်က သင်ကြားပေးတာနဲ့ နည်းပညာဆိုင်ရာကူညီထောက်ပံ့ပေးတာ၊ အောင်မြင်နေတဲ့ လုပ်ငန်းရှင်တွေဆီကို လေ့လာရေးစေလွှတ်ပေးတာနဲ့ ဌာနရှိ ဓာတ်ခွဲခန်းမှာ စမ်းသပ်ပြီး ကောင်းမွန်ပါက မှတ်ပုံတင်ပေးတာတွေ ဆောင်ရွက်နေပါတယ်။ ပြည်နယ်/ တိုင်းဒေသကြီးတွေမှာ Incubation Center တွေ ဖွင့်လှစ်နေကြောင်း သိရပါတယ်။ Incubation Center ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလမှာ စတင်ခဲ့ပြီး တိုင်းဒေသကြီး/ ပြည်နယ်တွေမှာလည်း ဖွင့်လှစ်သင်ကြားကာ လုပ်ငန်းရှင်တွေ မွေးထုတ်ပေးလျက်ရှိပါတယ်။

> **❝အသေးစားစက်မှုလက်မှုလုပ်ငန်းတွေ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးရေးကို စဉ်းစားကြရမှာ ကျေးလက်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် (Value Added) တန်ဖိုးမြှင့်ထုတ်ကုန်တွေ ဖြစ်လာစေဖို့ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (One Village One Product)ကဲ့သို့ ပုဂ္ဂလိကနဲ့ ပြည်သူ ပူးပေါင်းဆောင်ရွက်တဲ့လုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးလာစေဖို့ မဖြစ်မနေ ထည့်သွင်းစဉ်းစားရမှာဖြစ်❞**

အသေးစားစက်မှုလက်မှုလုပ်ငန်းတွေ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးလာစေဖို့အတွက် နည်းလမ်းအသွယ်သွယ်နဲ့ ဆောင်ရွက်လျက်ရှိသလို ဥပဒေ၊ နည်းဥပဒေနဲ့ မူဝါဒပိုင်းအရလည်း ခိုင်ခိုင်မာမာ ချမှတ်ထားရှိပြီးဖြစ်တာကို တွေ့ရပါတယ်။ ပြည်တွင်းသယံဇာတပစ္စည်းတွေကို ကုန်ကြမ်းမှ ကုန်ချောအဖြစ် ထုတ်လုပ်ခြင်း၊ ရိုးရာလက်မှုပညာတွေ ထိန်းသိမ်းခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်စေခြင်း စတဲ့အခြေခံမူတွေပါဝင်တာ တွေ့ရပါတယ်။ ဒီနေရာမှာ စဉ်းစားရမှာက SME ဥပဒေနဲ့ ဌာနရဲ့ဥပဒေအကြား ကွာဟနေတဲ့အချက်ဖြစ်ပါတယ်။ SME ဥပဒေ ကုန်ထုတ်လုပ်မှုကဏ္ဍမှာ ရင်းနှီးမတည်ငွေနဲ့ လုပ်သားအင်အားပေါ်မူတည် သတ်မှတ်ထားရှိပြီး ဌာနရဲ့ဥပဒေမှာ ထုတ်လုပ်နိုင်စွမ်း (မြင်းကောင်ရေအား)နဲ့ လုပ်သားအင်အားအပေါ်မူတည်ပြီးတော့ သတ်မှတ်ထားရှိတာဖြစ်ပါတယ်။ မြေပြင်နဲ့ကိုက်ညီမှုရှိအောင် ဥပဒေ၊ နည်းဥပဒေကို တဖြည်းဖြည်း ပြင်ဆင်သွားနိုင်ဖို့ စဉ်းစားကြရပါမယ်။ မည်သို့ဆိုစေ ဥပဒေအရ သတ်မှတ်ထားတဲ့အချက်တွေကိုတော့ မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်ဖို့၊ လိုက်နာဆောင်ရွက်ကြဖို့ လိုပါတယ်။

အသေးစားစက်မှုလက်မှုလုပ်ငန်းတွေ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးရေးကို စဉ်းစားကြရာမှာ ကျေးလက်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် (Value Added) တန်ဖိုးမြှင့်ထုတ်ကုန်တွေ ဖြစ်လာစေဖို့ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (One Village One Product)ကဲ့သို့ ပုဂ္ဂလိကနဲ့ ပြည်သူ ပူးပေါင်းဆောင်ရွက်တဲ့လုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးလာစေဖို့ မဖြစ်မနေ ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။

Value Added အနေနဲ့ ဆန်၊ ဂျုံ၊ ပြောင်းနဲ့ စိုက်ပျိုးရေးသီးနှံတွေကို အခြေခံပြီး အရင်နှစ်တွေက ဆောင်ရွက်ခဲ့တာ တွေ့ရပါတယ်။ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး အကောင်အထည်ဖော်နိုင်ဖို့လည်း လျာထားကြိုးပမ်းလျက်ရှိရာ ကျေးရွာတွေအထိ ကွင်းဆင်းပြီး စနစ်တကျဆောင်ရွက်ဖို့ လိုပါတယ်။ လက်ရှိမှာတော့ Value Added အနေနဲ့ ပြည်နယ်/တိုင်းဒေသကြီးရှိ ဒေသထွက်ကုန်တွေအလိုက် သုတေတနတွေ ဆောင်ရွက်နေပါတယ်။ ဥပမာအနေနဲ့ မကွေးတိုင်းဒေသကြီးမှာ ဆီးသီး၊ မန်ကျည်းသီးတွေပေါတာကြောင့် ဌာနက ဆီးသီး၊ မန်ကျည်းသီးဖျော်ရည်သင်တန်းတွေ ပို့ချခဲ့ပြီး လုပ်ငန်းရှင်တွေက ဆီးသီး၊ မန်ကျည်းသီးဖျော်ရည်တွေကို ထုတ်လုပ်ကာ နိုင်ငံခြားအထိ တင်ပို့ပေးနိုင်ပြီဖြစ်ပါတယ်။ ပြင်ဦးလွင်မှာ တစ်ချိန်က မက်မန်းသီးတစ်မျိုးသာ ထုတ်လုပ်နိုင်ပြီး ဌာနက သင်တန်းတွေ ပို့ချပေးလို့ ယိုစုံတွေ ထုတ်လုပ်နိုင်ကာ မက်မန်းလုပ်ငန်းရှင်မှ ယိုစုံလုပ်ငန်းရှင်တွေ ဖြစ်လာတာပါ သိရတဲ့အတွက် အားတက်မိပါတယ်။ အမရပူရရှိ ပန်းပုရုပ်တုလုပ်ငန်းတွေ နိုင်ငံခြားတင်ပို့ဖို့အခက်အခဲရှိလို့ ဌာနက ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ခဲ့ရာ တရုတ်နိုင်ငံကို တင်ပို့ရောင်းချနိုင်တာ တွေ့ရပါတယ်။

စံပြကျေးရွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေဖို့ သင့်တော်တဲ့ကျေးရွာတွေကို ရွေးချယ်ထားပြီး ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ သက်ဆိုင်သူတွေ/ ဌာနဆိုင်ရာတွေနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရင် ပိုမိုခရီးရောက်မှာ ဖြစ်ပါတယ်။ စံပြကျေးရွာတွေ တည်ထောင်နိုင်ပြီး ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှသာ ကျေးလက်ကုန်ထုတ်လုပ်မှုအတွက် အရေးကြီးတဲ့ အိမ်တွင်းစက်မှု လက်မှုလုပ်ငန်းတွေ၊ အသေးစားစက်မှုလက်မှု ကုန်ထုတ်လုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးလာစေမှာ ဖြစ်ပါတယ်။ မူဝါဒပိုင်းဆိုင်ရာအနေနဲ့ကတော့ အဓိကလိုအပ်ချက်ဖြစ်တဲ့ အရင်းအနှီးနဲ့ ဈေးကွက်ပိုင်းကို သမားရိုးကျမဟုတ်တဲ့ အောင်မြင်မှု ကြိုးစားမှု အလိုက်ဖြစ်ဖြစ်၊ သွင်းကုန်လျှော့ချနိုင်မှုအရဖြစ်ဖြစ်၊ တီထွင်ဆန်းသစ်မှုအရ ဖြစ်ဖြစ် သင့်တော်သလို စံသတ်မှတ်ချက်ထားပြီး နည်းလမ်းတွေ ရှာဖွေဖော်ထုတ်ကြဖို့ အကြံပြုတင်ပြလိုက်ရပါတယ်။ ။

**ရည်ညွှန်းကိုးကားချက်**


- **Myanmar Micro, Small, and Medium Enterprise Survey 2019 Descriptive Report**
- **အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ (၂၀၁၅)**
- **အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ နည်းဥပဒေ (၂၀၁၆)**
- **အသေးစားစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေ (၂၀၁၁)**

## မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်၊ မဟာသင်္ကြန်ပွဲတော်နှင့်စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှိုးဆော်ချက်

၁။ မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၄ ရက်နေ့မှ နှောင်းတန်ခူးလပြည့်ကျော် ၁ ရက်နေ့သည် နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းသည့် မဟာသင်္ကြန်အခါတော်ဖြစ်ပါသည်။

၂။ ဤအခါသမယတွင် မြန်မာလူမျိုးတို့သည် သက်ကြီးဝါကြီးများအား ပူဇော်သက္ကာယပြုခြင်း၊ ရှင်ပြုရဟန်းခံအလှူမင်္ဂလာများ ကျင်းပခြင်းနှင့် တိရစ္ဆာန်များဘေးမဲ့လွှတ်ခြင်း စသောမင်္ဂလာအမှုတို့ကို ပြုမြဲဖြစ်ပါသည်။

၃။ ထို့အပြင် နှစ်ဟောင်းတွင် ကိုယ်စိတ်နှစ်ပါးတို့၌ အညစ်အကြေးများရှိခဲ့ပါက ဆေးကြောသန့်စင်သည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး ကြည်လင်သန့်ရှင်း မွှေးပျံ့သင်းသည့် နံ့သာရည်များကို သပြေခက်ဖြင့် ပက်ဖျန်းကြသည့် ဓလေ့အစဉ်အလာလည်းရှိပါသည်။

၄။ သို့သော် လူငယ်တို့သဘာဝ အပျော်လွန်ရာမှ ကြမ်းတမ်းစွာ ရေကစားခြင်းဖြင့် တစ်ဖက်သားကို အနာတရဖြစ်စေခြင်း၊ တစ်ဖက်သား မခံမရပ်နိုင်သည်အထိ နောက်ပြောင်မိခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ယာဉ်အန္တရာယ်ကျရောက်ခြင်း စသည့်အမင်္ဂလာများလည်း သက်ရောက်တတ်ပါသည်။

၅။ ထို့ကြောင့် ၁၃၈၃ ခုနှစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ ကျင်းပသွားရန် ဖြစ်ပါသည် –

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊

(ခ) ပြည်သူများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊

(ဂ) ပြည်သူများသည် မိမိတို့ ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်းလန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်၏တာဝန်များကို စွမ်းအားပြည့်ဆောင်ရွက်နိုင်ကြစေရန်၊

(ဃ) မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တတ်ကြစေရန်။

၆။ သို့ဖြစ်ပါ၍ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သော ရည်ရွယ်ချက်များကို ထိန်းသိမ်းသောအားဖြင့် အောက်ပါတို့ကို ရှောင်ကြဉ်ကြပါရန် နှိုးဆော်အပ်ပါသည် –

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့်နေထိုင်မှု၊ ပြုမူမှုများ ရှောင်ကြဉ်ကြပါရန်၊

(ခ) ဘာသာတရား၏ အဆုံးအမနှင့်မလျော်ညီသည့် ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှုများ ရှောင်ကြဉ်ကြပါရန်၊

(ဂ) သူတစ်ပါးအား ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့် ရေကစားမှု၊ ထိပါးနှောင့်ယှက်မှုများ ရှောင်ကြဉ်ကြပါရန်၊

(ဃ) သူတစ်ပါး သို့မဟုတ် အဖွဲ့အစည်းတို့၏ ဂုဏ်သိက္ခာ ပျက်ပြားထိခိုက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်း စသည့်အပြုအမူများ ရှောင်ကြဉ်ကြပါရန်၊

(င) မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းမြတ်နိုးတတ်သော အများပြည်သူတို့၏ အမြင်အာရုံတွင် အနှောင့်အယှက်ဖြစ်စေတတ်သည့် မြန်မာ့ယဉ်ကျေးမှုလွန် ဝတ်စားဆင်ယင်မှုမျိုးဝတ်ဆင်ခြင်းမှ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်၊

(စ) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကိုချစ်ခင်၍ ပျော်ရွှင်ကြလိုသူများဖြစ်သည်နှင့်အညီ အခြားနိုင်ငံသားများက မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာ မဟာသင်္ကြန်ကို လေးစားတန်ဖိုးထားမှု လျော့ပါးစေသော စရိုက်လက္ခဏာများ၊ အပြောအဆို၊ အဝတ်အစား၊ အစားအစာ၊ အကအခုန်များကို အလွန်အမင်း လိုက်စားပြုမူခြင်း၊ အရက်သေစာကို သိက္ခာကျလောက်အောင် သောက်စားမူးယစ်ခြင်းများ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်။

---

## မြန်မာအသင်းယှဉ်ပြိုင်မည့် ဆီးဂိမ်းအမျိုးသမီး ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ် ထွက်ပေါ်

**ရန်ကုန် ဧပြီ ၁၄**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် (၃၁)ကြိမ်မြောက် ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ထွက်ပေါ်လာပြီဖြစ်သည်။

(၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို မေ ၁၂ ရက်မှ ၂၃ ရက်အထိ ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ဘောလုံးအပါအဝင် အားကစားနည်းအချို့ကို ဖွင့်ပွဲရက်ထက်စော၍ ကျင်းပမည်ဖြစ်သည်။ အမျိုးသမီးဘောလုံးပြိုင်ပွဲကို မေ ၉ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင် ရှစ်သင်းရှိသဖြင့် လေးသင်း နှစ်အုပ်စုခွဲ၍ ယှဉ်ပြိုင်ကစားစေမည်ဖြစ်သည်။

### ယှဉ်ပြိုင်ကစားရမည်

အုပ်စုခွဲဝေထားမှုအရ အုပ်စု(က)တွင် ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ အုပ်စု(ခ)တွင် ထိုင်း၊ မြန်မာ၊ လာအိုနှင့် စင်ကာပူအသင်းတို့ ပါဝင်နေသည်။ အုပ်စုပွဲစဉ်များကို မေ ၉ ရက်မှ ၁၅ ရက်၊ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၁၈ ရက်၊ ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲကို မေ ၂၁ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်းသည် မေ ၁၀ ရက်တွင် လာအိုအသင်း၊ မေ ၁၃ ရက်တွင် ထိုင်းအသင်း၊ မေ ၁၅ ရက်တွင် စင်ကာပူအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

### ပိုမိုကြိုးစားရဖွယ်ရှိနေ

မြန်မာအသင်းသည် အုပ်စုအနေအထားအရ ဆီမီးဖိုင်နယ်တက်ရောက်နိုင်ရန် အခက်အခဲမရှိနိုင်သော်လည်း ဆုတံဆိပ်ရယူနိုင်ရန် ယခင်အကြိမ်များထက် ပိုမိုကြိုးစားရဖွယ်ရှိနေသည်။ ဖိလစ်ပိုင်အမျိုးသမီးအသင်း၏ တိုးတက်လာမှုကြောင့် ဆီးဂိမ်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်သည့်အကြိမ်တိုင်း ဆုတံဆိပ်မလွတ်ခဲ့သည့် မြန်မာအသင်းအနေဖြင့် ဆုတံဆိပ်ရယူနိုင်ရန် ပိုမိုအားထုတ်ရဖွယ်ရှိနေသည်။

မြန်မာအသင်းသည် ဆီးဂိမ်းပြိုင်ပွဲတစ်လျှောက် ငွေတံဆိပ် သုံးကြိမ်၊ ကြေးတံဆိပ် ခုနစ်ကြိမ်ရရှိထားပြီး နောက်ဆုံးယှဉ်ပြိုင်သည့် ၂၀၁၉ ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲတွင် ကြေးတံဆိပ်ရယူနိုင်ခဲ့သည်။

**ကိုညီလေး**

---

## "မြန်မာသက္ကရာဇ် ၁၃၈၃-၁၃၈၄ ခုနှစ် တန်ခူးလဆန်း(၁၃)ရက်နေ့မှ တန်ခူးလဆုတ်(၁) ရက်နေ့အထိ (၂၀၂၂ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ယာဉ်မောင်းသူများမှ သတိပြုရန်အချက်များ"

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းနှင်သူများလိုက်နာရန်–

(၁) မူးယစ်သောက်စားယာဉ်မမောင်းရ။

(၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။

(၃) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။

(၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။

(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်းလုံးဝမပြုရ။

(၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။

(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်)မပါဘဲ မမောင်းရ။

(၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသောယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။

(၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။

(၁၀) ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မှ စီးနင်းခြင်းလုံးဝမပြုရ။

(၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။

(၁၂) ပစ်ကပ်ယာဉ်များ (လိုက်ထရပ်/မီနီပစ်ကပ်)သည် သတ်မှတ်ထားသည့် ဝန်အလေးချိန်(လူဦးရေ)ထက် ပိုမိုတင်ဆောင်မောင်းနှင်ခြင်းမပြုရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

(ဂ) ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ(Alcohol Tester)ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

(ဃ) သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည်ဖြစ်ပါသည်။

(င) ယခုအခါ အချက်အချာကျသော လမ်းဆုံလမ်းခွမီးပွိုင့်များတွင် CCTV Camera များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်း ချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့် ရိုက်ကူးပြီး ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

(စ) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်"

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

---

## အသိပေးနှိုးဆော်ချက်

မြန်မာသက္ကရာဇ် ၁၃၈၃-၁၃၈၄ ခုနှစ် တန်ခူးလဆန်း(၁၃) ရက်နေ့မှ တန်ခူးလဆုတ်(၁) ရက်နေ့အထိ( ၂၀၂၂ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ)မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော်မဟာသင်္ကြန် မဏ္ဍပ်၌ရေကစားခြင်း၊ သင်္ကြန်ယိမ်းအကအလှဖျော်ဖြေခြင်းများဖြင့် ကျင်းပသွားမည်ဖြစ်ရာ မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိလည်းကောင်း၊ ဆူးလေဘုရားလမ်းအား အနော်ရထာလမ်းမှ ကုန်သည်လမ်းအထိလည်းကောင်း နံနက် ၀၇:၀၀ အချိန်မှ ညနေ ၁၈:၀၀ အချိန်အထိ ခေတ္တလမ်းပိတ်ထားမည်ဖြစ်ရာ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် လမ်းလွှဲများမှ သွားလာမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

---

## ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်း တီမောနှင့် စတင်တွေ့ဆုံ

**ရန်ကုန် ဧပြီ ၁၄**

(၃၁)ကြိမ်မြောက် ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ထွက်ပေါ်လာပြီဖြစ်ပြီး မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲအဖြစ် တီမောအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲတွင် အသင်းစုစုပေါင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု(က)တွင် အိမ်ရှင်နှင့် လက်ရှိချန်ပီယံ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ တီမော၊ အုပ်စု(ခ)တွင် ထိုင်း၊ မလေးရှား၊ ကမ္ဘောဒီးယား၊ စင်ကာပူနှင့် လာအိုအသင်းတို့ ပါဝင်နေသည်။ အုပ်စုပွဲစဉ်များကို မေ ၆ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် မေ ၈ ရက်တွင် တီမောအသင်း၊ မေ ၁၀ ရက်တွင် ဖိလစ်ပိုင်အသင်း၊ မေ ၁၃ ရက်တွင် အိမ်ရှင် ဗီယက်နမ်အသင်း၊ မေ ၁၅ ရက်တွင် အင်ဒိုနီးရှားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ရေးအတွက် ဗီယက်နမ်၊ အင်ဒိုနီးရှားတို့နှင့် အဓိကယှဉ်ပြိုင်ရဖွယ်ရှိနေပြီး တီမော၊ ဖိလစ်ပိုင်တို့နှင့်ပွဲများတွင် အမှတ်ပြည့်ရယူထားနိုင်မှသာ ဆီမီးဖိုင်နယ်တက်ရောက်ရန် ဆက်လက်မျှော်လင့်နိုင်မည်ဖြစ်သည်။ မြန်မာအသင်းသည် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲတွင် တစ်အုပ်စုတည်းကျရောက်ခဲ့သည့် အသင်းများအနက် တီမော၊ ဖိလစ်ပိုင်တို့နှင့် ထပ်မံတွေ့ဆုံနေခြင်းဖြစ်ပြီး အင်ဒိုနီးရှားအသင်းနှင့်မူ ဆီမီးဖိုင်နယ်အဆင့်တွင် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၁၉ ရက်၊ ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲကို မေ ၂၂ ရက်တွင် ပြုလုပ်သွားမည်ဖြစ်သည်။

**ကိုညီလေး**

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပြဋ္ဌာန်း

(ယမန်နေ့မှအဆက်)

## နေပြည်တော်ကောင်စီ

ဇယား(၁၃)

(ကျပ်သိန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အမြဲတမ်းရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အကြွေးပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှ ရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | နေပြည်တော်ကောင်စီ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၇၁,၃၆၀ | | ၁၀,၀၀၀ | | | | | | | | | ၈၁,၃၆၀ |
| | ပေါင်း | | ၇၁,၃၆၀ | | ၁၀,၀၀၀ | | | | | | | | | ၈၁,၃၆၀ |

## နေပြည်တော်ကောင်စီ

ဇယား(၁၄)

(ကျပ်သိန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အရေးပေါ် ရန်ပုံငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရရှိငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | နေပြည်တော်ကောင်စီ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၆၈၅,၃၀၄ | ၁,၀၀၀,၀၀၀ | | | ၅၇,၄၅၆,၄၉၁ | | | | | ၅၉,၁၄၁,၇၉၅ |
| | ပေါင်း | | ၆၈၅,၃၀၄ | ၁,၀၀၀,၀၀၀ | | | ၅၇,၄၅၆,၄၉၁ | | | | | ၅၉,၁၄၁,၇၉၅ |

စာမျက်နှာ ၂၄ သို့ ☆

☆ စာမျက်နှာ ၂၃ မှ

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဇယား(၁၅)
(ကျပ်သိန်းပေါင်း)

| စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အမြဲတမ်းသဘောမျိုးရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီ ရငွေ | ချေးငွေ - ထုတ်ချေးငွေ အကျေပြန်ရငွေ | ချေးငွေ - ချေးယူငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှ ရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌက တာဝန်ပေးသူ | ၈၁၅.၉၅၈ | | ၂၆,၃၇၆.၈၂၅ | | ၁၃,၀၀၀.၀၀၀ | ၇၁.၅၀၀ | | | | | | ၄၀,၂၆၄.၂၈၃ |
| | ပေါင်း | | ၈၁၅.၉၅၈ | | ၂၆,၃၇၆.၈၂၅ | | ၁၃,၀၀၀.၀၀၀ | ၇၁.၅၀၀ | | | | | | ၄၀,၂၆၄.၂၈၃ |

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဇယား(၁၆)
(ကျပ်သိန်းပေါင်း)

| စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ချေးငွေ - ထုတ်ချေးငွေ | ချေးငွေ - ချေးယူငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌက တာဝန်ပေးသူ | ၂၀,၂၅၅.၂၈၀ | | ၁၃,၀၀၀.၀၀၀ | ၈,၉၆၄.၇၄၅ | | | | | ၄၂,၂၂၀.၀၂၅ |
| | ပေါင်း | | ၂၀,၂၅၅.၂၈၀ | | ၁၃,၀၀၀.၀၀၀ | ၈,၉၆၄.၇၄၅ | | | | | ၄၂,၂၂၀.၀၂၅ |

စာမျက်နှာ ၂၅ သို့ ☆

☆ စာမျက်နှာ ၂၄ မှ

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဇယား(၁၇)
(ကျပ်သိန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသောဝန်ဆောင်မှုရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ချေးငွေ - ထုတ်ချေးငွေအသွားကိုပြန်ရငွေ | ချေးငွေ - ချေးယူရငွေ | အဖွဲ့အစည်းများအတွင်းရင်းနှီးမြှုပ်နှံမှုရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၁,၈၆၅,၁၅၀.၃၂၂ | | | | | | | | | ၁,၈၆၅,၁၅၀.၃၂၂ |
| | ပေါင်း | | | | ၁,၈၆၅,၁၅၀.၃၂၂ | | | | | | | | | ၁,၈၆၅,၁၅၀.၃၂၂ |

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဇယား(၁၈)
(ကျပ်သိန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ချေးငွေ - ထုတ်ချေးငွေ | ချေးငွေ - ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများအတွင်းရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၇၁၈,၉၅၅.၃၇၅ | | | ၃၃,၂၇၄.၆၀၈ | | | | | ၇၅၂,၂၂၉.၉၈၃ |
| | ပေါင်း | | ၇၁၈,၉၅၅.၃၇၅ | | | ၃၃,၂၇၄.၆၀၈ | | | | | ၇၅၂,၂၂၉.၉၈၃ |

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀ တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၃၄ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၄-၅-၂၀၂၂) ရက်နေ့ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၃-၅-၂၀၂၂) ရက်နေ့ ည (၈:၀၁) နာရီမှ (၁၄-၅-၂၀၂၂) ရက်နေ့ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၈၆၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၀) တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၃၄) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၈၁၁,၅၅၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၂,၄၈၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၅၃) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၁,၁၉၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိ၍ ရောဂါဖြစ်ပွား/ သေဆုံးမှုများအား မျက်ခြည်မပြတ်စောင့်ကြည့်လျက်ရှိရာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုများကို လေ့လာသုံးသပ်ကြည့်ရာတွင် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှုခံယူထားခြင်းဖြင့် ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။
- ထို့ကြောင့် ဦးတည်အုပ်စုများတွင် လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များသည်လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ကာကွယ်ဆေးထိုးနှံထားရှိရန် လိုအပ်ပါသည်။
- ထို့အပြင် သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပါက ရောဂါပြင်းထန်ခြင်းနှင့် သေဆုံးနိုင်ခြေ မြင့်မားခြင်းကြောင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင်လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားသူများအား ကမ္ဘာ့နိုင်ငံအများစုမှ ကွာရန်တင်းဝင်ရောက်ရမှုမှ ဖြေလျှော့ပေးခြင်းအပါအဝင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၄-၅-၂၀၂၂) ရက်နေ့ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၂၅) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၉) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၈၇) ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၈) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၄၃၈) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၅၈) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၀၈၁) ခု | (၁၀) ဦး |
| စုစုပေါင်း | (၅,၈၆၆) ခု | (၂၀) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသနှင့် ဝေးလံခက်ခဲဒေသများတွင် နေထိုင်သူများ အပါအဝင် မည်သူတစ်ဦးတစ်ယောက်မှမကျန်ရစေဘဲ အသက် ၁၈ နှစ်နှင့်အထက် မိဘပြည်သူများ၊ အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများ စသည့် ဦးတည်အုပ်စုအားလုံးကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ကာကွယ်ဆေး မထိုးနှံရသေးသော ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် သွားရောက်ဆက်သွယ်၍ အကြိမ်ပြည့် ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၂၁၉၂၈၈၀ | ၈၀၀၅၂၀၆၁ | ၁၀၁၄၁၁၄ |
| ၂။ | အိန္ဒိယ | ၄၃၁၃၉၀၂၃ | ၄၂၅၀၆၂၂၈ | ၅၂၄၀၆၇ |
| ၃။ | ဘရာဇီး | ၃၀၂၁၀၈၅၃ | ၂၉၁၆၇၅၁၈ | ၆၆၄၇၁၀ |
| ၄။ | ပြင်သစ် | ၂၇၃၁၀၀၅၅ | ၂၄၄၉၂၅၃၄ | ၁၄၃၇၇၇ |
| ၅။ | ဂျာမနီ | ၂၃၁၁၆၄၀၂ | ၁၉၄၄၄၆၀၀ | ၁၃၂၉၀၆ |
| ၆။ | ဗြိတိန် | ၂၁၇၁၅၁၁၆ | ၁၉၉၇၃၉၂၉ | ၁၇၁၀၄၅ |
| ၇။ | ရုရှား | ၁၈၀၄၁၉၂၇ | ၁၇၃၂၁၁၁၆ | ၃၇၂၇၆၆ |
| ၈။ | တောင်ကိုရီးယား | ၁၅၉၇၉၀၆၁ | စိစစ်ဆဲ | ၂၀၃၅၂ |
| ၉။ | အီတလီ | ၁၅၄၆၇၃၉၅ | ၁၄၀၇၈၃၅၀ | ၁၆၁၁၈၇ |
| ၁၀။ | တူရကီ | ၁၄၉၇၈၀၃၁ | ၁၄၆၈၈၄၇၃ | ၉၈၄၉၃ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၃၂၀၅၉၉ | ၈၈၅၆၆၂၇ | ၄၃၀၈၁ |
| ၂။ | အင်ဒိုနီးရှား | ၆၀၃၇၇၄၂ | ၅၈၁၇၉၀၄ | ၁၅၆၇၉၄ |
| ၃။ | မလေးရှား | ၄၄၃၅၆၁၁ | ၄၁၉၆၆၅၆ | ၃၅၃၆၃ |
| ၄။ | ထိုင်း | ၃၉၇၃၀၀၃ | ၃၇၁၆၇၈၉ | ၂၆၅၁၃ |
| ၅။ | ဖိလစ်ပိုင် | ၃၆၈၂၃၅၆ | ၃၅၉၈၂၄၅ | ၅၉၉၃၂ |
| ၆။ | စင်ကာပူ | ၁၁၄၈၆၅၆ | ၁၀၇၉၆၈၇ | ၁၃၀၉ |
| ၇။ | မြန်မာ | ၆၁၂၄၈၀ | ၅၉၁၁၉၂ | ၁၉၄၃၄ |
| ၈။ | လာအို | ၁၉၉၀၀၈ | ၁၉၄၆၀၄ | ၇၀၉ |
| ၉။ | ဘရူနိုင်း | ၁၃၉၄၆၅ | ၁၃၇၁၈၄ | ၂၁၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၀၁၃ | ၁၃၂၇၀၉ | ၃၀၅၅ |

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မေ ၁၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ နှင့်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

**ကာကွယ်ဆေးထိုးနှံပေး**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၉၆၃၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်အထိ (တေဇောဓာတ် လောင်ကျွမ်းခြင်း) စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၁၁-၃-၂၀၂၂)ရက်နေ့မှအဆက်

နန္ဒမထေရ်သည် နတ်သမီးများရလို၍ မြတ်သောအကျင့်ကိုကျင့်သည်။ ဘုရားကလည်း တာဝန်ယူကြောင်း ရဟန်းတို့က ပြောကြားကြလေသည်။

ထို့အပြင် ရဟန်းတော်များက ညီတော်နန္ဒမထေရ်သည် သူရင်းငှားကဲ့သို့ အဆိုးအမနှင့်တူသော နတ်သမီးများကိုရအောင် မြတ်သောအကျင့်ကို ကျင့်သည်ဟူ၍ စွပ်စွဲကဲ့ရဲ့ ပြစ်တင်ပြောကြားလေသည်။ ယင်းအတွက် ဘုရားရှင်ကလည်း တာဝန်ယူကြောင်း ပြောကြားလေသည်။ ထိုကဲ့သို့ ပြောဆိုကြကုန်၏။ နန္ဒမထေရ်သည် ရဟန်းများ၏ စွပ်စွဲပြောဆိုကဲ့ရဲ့သံများကြား၍ ငြီးငွေ့လာသည်။ ရှက်လည်း ရှက်လာသည်။

ထို့ကြောင့် ၎င်းသည် တစ်ဦးတည်း သွားရောက်၍ တရားကိုကျင့်ရာ ကိလေသာများ ကုန်ခန်း၍ ရဟန္တာ ဖြစ်သွားလေသည်။ နန္ဒမထေရ်သည် နောက်တစ်နေ့နံနက်၌ ဘုရားထံသို့သွား၍ သူ နတ်သမီးများကို အလိုမရှိကြောင်း၊ နောင်တော်သင်ပြသည့်အတိုင်း တရားကိုကျင့်ကြံ၍ သံသရာ၏ ဝဋ်အဆုံးသို့ ရောက်ပြီဖြစ်ကြောင်း လျှောက်ထားလေသည်။ ဘုရားရှင်ကလည်း ညီတော်က နတ်သမီးများကို မလိုဟု ပြောဆိုခြင်းကြောင့် သူတာဝန်ခံခြင်း ပြီးဆုံးလေသည်ဟု မိန့်တော်မူလေသည်။

**အင်္ဂုလိမာလ စသော ရသေ့တစ်သောင်းချွတ်ခြင်း**

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌နေစဉ် တစ်နေ့နံနက်၌ မိုးသောက်ယံကို ကြည့်ရှုလေသည်။ ထိုအခါ၌ သဗ္ဗညုတဉာဏ်တော်ကွန်ရက်သို့ ဝင်ရောက်လာသည့် အင်္ဂုလိမာလပုဏ္ဏားကို မြင်သည်။ ၎င်းအား ချွတ်လိုက်လျှင် ရသေ့နှင့် အပေါင်းအပါတပည့်များ ရဟန္တာဖြစ်မည်ကို မြင်တော်မူလေသည်။

အင်္ဂုလိမာလသည် ပသေနဒီကောသလမင်း၏ ဖခင် မဟာကောသလမင်းကြီး၏ ပုရောဟိတ်ပုဏ္ဏား ဖြစ်သည်။ မင်းကြီး (မဟာကောသလမင်းကြီး) နတ်ရွာစံပြီးနောက် ၎င်းသည် မိမိပိုင်ပစ္စည်းဥစ္စာများကို ခုနစ်ရက်ပတ်လုံး စွန့်ကြဲပေးကမ်း၍ ရသေ့ရဟန်း ပြုလေသည်။ သူ့နောက်သို့ တစ်ထောင်သော ယောကျ်ားများသည် လိုက်၍ ရသေ့ပြုလုပ်ကြလေသည်။ ၎င်းသည် ဘုရားမပွင့်မီက ဖြစ်သော အကြောင်းအရာများ ဖြစ်ပါသည်။

ယခု၌ အင်္ဂုလိမာလသည် အင်္ဂတိုင်း၊ မာဂဓတိုင်း၊ ကုရုတိုင်းအကြား၌ နဂါးမင်းကြီးတစ်ဦးတည်း အုပ်စိုးသည့် သဲပုံကြီးအနီး နေထိုင်သည်။ ၎င်းသည် သူ၏



တပည့်များအား ဤတောတောင်အရပ်၌ သစ်ပင်တို့ကို ကိုးကွယ်ရာ၏။ ယင်းသို့ကိုးကွယ်လျှင် ဝဋ်ဆင်းရဲမှလွတ်ကြောင်း ဟောကြားပြောဆိုသည်။ အင်္ဂတိုင်း၊ မာဂဓတိုင်း၊ ကုရုတိုင်းသားတို့ကိုလည်း ဤနည်းအတိုင်း ဟောကြားသည်။ ထိုတိုင်းသားတို့သည် အင်္ဂုလိမာလ၏ အဆုံးအမကိုခံယူလျက် လစဉ် ပုံမှန်လှူဖွယ်ဝတ္ထုတို့ဖြင့် ပူဇော်ကြလေသည်။ ဤသည်ကား ပုဏ္ဏားကြီးအဖြစ်အပျက် အကြောင်းအရာဖြစ်ပါသည်။

ဘုရားရှင်က ၎င်းတို့အား ချေချွတ်ချိန်ကျ၍ သူ၏တပည့်အရှင်မဟာမောဂ္ဂလ္လာန်သည် ဘုရားရှင် စေလွှတ်သည့်အတိုင်း ရသေ့ထံသို့ သွားသည်။ ရသေ့၏နာမည်ကိုခေါ်၍ သူ့အား တစ်ညမျှ တည်းခွင့်ပြုရန် တောင်းခံသည်။ ရသေ့သည် သူ့နာမည်ခေါ်၍ သူ့အား ဤသို့ဆက်ဆံသည်ကို မကျေနပ်သဖြင့် ဒေါသဖြစ်၍ အရှင်မဟာမောဂ္ဂလာန်အား သင့်အတွက်နေရာမရှိဟု ပြန်ပြောလေသည်။ ထိုသို့နေရာမပေးလိုလျှင် နဂါးမင်းအုပ်စိုးသော သဲပုံကြီးတွင် နေခွင့်တောင်းသည်။ ဤသဲပုံက "အဟိဆတ္တ"မည်သော နဂါးမင်းပိုင်သော သဲပုံဖြစ်ကြောင်း၊ မည်သူမျှ သင့်အား နေခွင့်မပြုဝံ့ကြောင်း ပြောပါသည်။ ထိုအခါ အရှင်မဟာမောဂ္ဂလာန်က သင်က ခွင့်ပြုမည်ဆိုပါက သူနေမည်ဖြစ်ကြောင်း ပြောသည်။ အင်္ဂုလိမာလပုဏ္ဏားကလည်း သင့်သဘောအတိုင်း နေလို့ရကြောင်း ပြောလိုက်လေသည်။

နောက်ဆုံး၌ နဂါးမင်းသည် ဒေါသထွက်၍ မီးခိုးလျှံများ လွှတ်သည်။ မထေရ်ကလည်း ပြန်၍ မီးခိုးလျှံများ လွှတ်သည်။ တန်ခိုးပြိုင်ကြသဖြင့် ဤနေရာ၌ လင်းထိန်နေလေသည်။ နဂါးမင်းသည် အရှင်မဟာမောဂ္ဂလာန်အား ကြည်ညိုသွားသည်။ ထို့ကြောင့် "အရှင်မောဂ္ဂလာန်" ထိုင်သည်တွင် သဲပုံကို နဂါးမင်းကကိုယ်ဖြင့် ဝိုင်းပတ်၍ ပါးပျဉ်းဖြင့် မိုးထားလေသည်။ ထိုအခြင်းအရာကို ရသေ့များ လာကြည့်ကြပါသည်။ သူတို့အထင်သည် မထေရ် ရဟန်းသည် နဂါး၏လုပ်ဆောင်ချက်ကြောင့် သေမည်ဟု ထင်ကြပါသည်။ သူတို့ထင်သည့်အတိုင်း မဟုတ်ဘဲ မထေရ်၏တန်ခိုးကြီးပုံကို မြင်ရသောအခါ အံ့သြပြီး အရိုအသေပြု၍ ရှိခိုးပူဇော်ကြလေသည်။

ဤသို့ ဖြစ်သည့်အချိန်၌ ဘုရားရှင် ကြွရောက်လာတော်မူသည်။ အရှင်မဟာမောဂ္ဂလာန်ကလည်း ဘုရားကို ရှိခိုးသည်။ သူ၏ဆရာဖြစ်ကြောင်း ရသေ့တို့အား ပြောလိုက်လေသည်။

ရသေ့ကြီးသည် သူ့တပည့်တောင် ယခုလောက် တန်ခိုးကြီးမားလျှင် သူ့ဆရာသည် ပြောဖွယ်ရာမရှိ အံ့သြသွားသည်။ ဘုရားရှင်အား ရှိခိုးပူဇော်ကြလေသည်။ ထို့နောက် ရသေ့ကြီးအား သူတို့၏ ကျင့်ကြံပုံကို မေးသည်။ ဘုရားရှင်သည် သူတို့၏ မှားယွင်းကိုးကွယ်မှုကို ပြင်၍ ဘုရား၊ တရား၊ သံဃာတို့ကို ဆည်းကပ်ကိုးကွယ်မှသာလျှင် သံသရာဝဋ် ဆင်းရဲမှ လွတ်မည်ဖြစ်ကြောင်း ငါးဂါထာဖြင့် ဟောကြားပါသည်။

ဘုရားရှင်၏ တရားတော်ကို နာကြားပြီးသော် ရသေ့ကြီးနှင့် သူ့တပည့်အားလုံးသည် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာ ဖြစ်သွားကြပါသည်။ သူတို့က ဘုရားရှင်အား ရဟန်းပြုခွင့်တောင်းသည်။ ဘုရားကလည်း "ဧဟိဘိက္ခု" ခေါ်၍ ၎င်းတို့သည် ရသေ့အသွင်မှ ရဟန်းအသွင်သို့ ပြောင်းသွားကြလေသည်။

တိုင်းသုံးတိုင်းမှ ပြည်သူပြည်သားများက သူတို့ ဆရာကို လေ့လာကြပါသည်။ ထိုအခါ ဘုရားရှင်နှင့် ရသေ့ကြီး သူ့တပည့်တို့ကိုတွေ့သည်။ ယင်းပရိသတ် အပေါင်းသည် သူတို့ဆရာရသေ့က ဘုရားရှင်ထက် မြတ်သည်။ ထို့ကြောင့် ဘုရားရှင် ဤနေရာရခြင်းဟု ထင်ကြလေသည်။ ယင်းထင်သည်ကို ဘုရားရှင်က သိ၍ရသေ့ကြီးအား သူ့တပည့်ပြည်သူပြည်သားများကို သူတို့ထင်သည့်ကိစ္စကို ပယ်ဖျောက်ရန် သင်ပင် တာဝန်ယူပါဟု အမိန့်ပေးမြွက်ကြားလေသည်။

ထိုအခါ ရသေ့ကြီးသည် ကောင်းကင်သို့ ပျံတက်၍ ပြန်ဆင်းသည်။ ဆင်းသည့်အခါ ဘုရားရှင် ခြေတော်ရင်းတွင် ဦးခိုက်ရှိခိုးပြသည့်အပြင် ဘုရားရှင်အား ဆရာဖြစ်ကြောင်း သူတို့က တပည့်ဖြစ်ကြောင်း ဆိုသည်။ ဤသို့လုပ်ဆောင်ခြင်း ခုနစ်ကြိမ်တိုင်တိုင် ဆောင်ရွက်လေသည်။ ဤသို့ဖြင့် ဤရဟန်းတစ်ထောင် (ရသေ့မှ ဖြစ်လာသည်) ဖြင့် ဇေတဝန်ကျောင်းတော်သို့ ကြွသွားလေသည်။

**ဝိသာခါ၏အဘိုး**

**မေဏ္ဍကသူဌေးကြီးအကြောင်း**

မေဏ္ဍကသူဌေးသည် ဘဒ္ဒိယမြို့၌ အလွန်ကြွယ်ဝချမ်းသာသော သူဌေးကြီး ဖြစ်ပါသည်။ ၎င်း၌ စန္ဒပဒုမအမည်ရှိ ဇနီးမယား၊ ဓနဉ္စယမည်သောသား၊ သုမနဒေဝီမည်သောဇနီး ဝိသာခါဟူသည့် သူဌေးကြီး၏မြေး ငါးဦး ရှိကြပါသည်။ ထိုသို့သော မိသားစု ငါးဦးသည် အလွန်ချမ်းသာကြွယ်ဝကြပါသည်။ ဤလောကစည်းစိမ်ကို အတူတကွ ချမ်းသာစွာ ခံစားနေကြလေသည်။

၎င်းသူဌေးကြီးသည် လွန်ခဲ့သော (၉၁)ကမ္ဘာ၌ ဝိပဿီဘုရားလက်ထက် ထူးခြားစွာ လှူဒါန်းခဲ့သောဒါနကြောင့် ချမ်းသာပါသည်။ ထိုအချိန်က သူဌေးကြီးသည် ဘုရားရှင်အတွက် ရတနာခုနစ်ပါးဖြင့်ပြီးသော ဂန္ဓကုဋီတိုက်ခမ်းသာလာ တရားဟောအဆောင်၊ ၎င်းအဆောင်အတွင်းတွင် ဆိတ်ရုပ်များ ခံထားသောပလ္လင်နှင့် ခြေတော်ရာတင်ခုံတို့ကို ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ ထို့အပြင် လေးလပတ်လုံး ဘုရားရှင်နှင့် ရဟန်းသံဃာတော်များအား အလှူကြီးကို ပေးလှူခဲ့ပါသည်။

၎င်းသူဌေးကြီး ဤဘဒ္ဒကပ်ကမ္ဘာမှာလည်း ဗာရာဏသီသူဌေးဖြစ်စဉ်က ဒုဗ္ဘိက္ခန္တရကပ်ကြီး ဆိုက်ရောက်ချိန် သူတို့မိသားစုငါးဦး စားရန်ချက်ထားသော တစ်စလယ်ချက်ထမင်းများကို သူတို့ထံသို့ ဆွမ်းခံကြွလာသော ပစ္စေကဗုဒ္ဓါတစ်ပါးအား စေတနာသန့်သန့်ဖြင့် အတုမရှိသောအလှူကို ပေးလှူပြီး သူတို့မစားဘဲ သေကြအံ့ဟူ၍ ရက်ရောစွာ လှူဒါန်းခဲ့ပါသည်။ ယင်းသို့သော စေတနာသဒ္ဓါတရားကြောင့် ထမင်းအိုး၌ ထမင်းပြည့်မြဲ ပြည့်နေလေသည်။ စပါးကျီ၌လည်း စပါးများ ပြည့်လျက်ရှိနေသည်။ သူသည် တော်မွတ်နေသော ပြည်သူပြည်သားများအား စေတနာထက်သန်စွာဖြင့် ပေးကမ်းလှူဒါန်းခဲ့ပါသည်။ ထိုသို့ လှူဒါန်းခဲ့သော ကုသိုလ်ကံစေတနာတို့ကြောင့် ယခု ဂေါတမဘုရား လက်ထက်၌ ဘဒ္ဒိယမြို့တွင် အလွန်ချမ်းသာကြွယ်ဝသော သူဌေးကြီး ဖြစ်လာပါသည်။ မေဏ္ဍကသူဌေးကြီးသည် မိသားစု ငါးဦးနှင့်အတူ ချမ်းသာကြွယ်ဝ၍ ဘုန်းကံကြီးမားလေသည်။

မေဏ္ဍကသူဌေးကြီး၏ ဘုန်းကံသည် အလွန်အံ့မခန်းလောက်ကြီးမားပါသည်။ ၎င်း၏အိမ်နောက်ဖေး၌ ရှစ်ပယ်မျှကျယ်သော အရပ်တို့တွင် နွားများ၏ အရွယ်လောက်ရှိသည့် ရွှေအတိပြီးသည့် ဆိတ်ရုပ်များ ကျောချင်းထိကာ မြေကိုဖောက်လျက် အလိုလိုပေါ်ပေါက်လာပါသည်။ ယင်းဆိတ်တို့၏ ခံတွင်း၌လည်း အဆင်းငါးပါးနှင့် ပြည့်စုံသော ချည်ထွေး၊ ချည်မျှင်များ၊ ထောပတ်သီး စသည့် အဝတ်ပုဆိုးများ ရွှေငွေ စသည့် သုံးမကုန်လောက်အောင် အလိုလိုပါရှိလေသည်။ ထို့ကြောင့် ၎င်းကို မေဏ္ဍက (ဆိတ်သူဌေး) ဟု အမည်တွင်လေသည်။

ဘုရားရှင်သည် အင်္ဂတိုင်း၊ ဥတ္တရတိုင်းများသို့ ဒေသစာရီကြွတော်မူသည်။ ဘဒ္ဒိယမြို့၌ နေကြသော သူဌေးကြီးမေဏ္ဍကမိသားစုသည် သောတာပန်ဖြစ်မည်ကို ဘုရားရှင်က မြင်တော်မူသည်။ ထို့ကြောင့် ဘဒ္ဒိယမြို့သို့ ကြွကာ မြလေးတော၌ နေတော်မူသည်။ (ဆက်လက်ဖော်ပြပါမည်)

မေဏ္ဍကသူဌေးကြီးသည် ဤဘဒ္ဒကပ်ကမ္ဘာမှာလည်း ဗာရာဏသီသူဌေး ဖြစ်စဉ်က ဒုဗ္ဘိက္ခန္တရကပ်ကြီး ဆိုက်ရောက်ချိန် သူတို့မိသားစုငါးဦး စားရန်ချက်ထားသော တစ်စလယ်ချက်ထမင်းများကို သူတို့ထံသို့ ဆွမ်းခံကြွလာသော ပစ္စေကဗုဒ္ဓါတစ်ပါးအား စေတနာသန့်သန့်ဖြင့် အတုမရှိသောအလှူကို ပေးလှူပြီး သူတို့မစားဘဲ သေကြအံ့ဟူ၍ ရက်ရောစွာလှူဒါန်းခဲ့ပါသည်။ ယင်းသို့သော စေတနာသဒ္ဓါတရားကြောင့် ထမင်းအိုး၌ ထမင်းပြည့်မြဲပြည့်နေလေသည်။ စပါးကျီ၌လည်း စပါးများ ပြည့်လျက်ရှိနေသည်။ ထိုသို့လှူဒါန်းခဲ့သော ကုသိုလ်ကံစေတနာတို့ကြောင့် ယခု ဂေါတမဘုရားလက်ထက်၌ ဘဒ္ဒိယမြို့တွင် အလွန်ချမ်းသာကြွယ်ဝသောသူဌေးကြီး ဖြစ်လာ



လီဗာပူးအသင်း ကစားသမားများ အောင်ပွဲခံနေစဉ်။

# လီဗာပူးအသင်းနဲ့ မန်စီးတီးအသင်းတို့ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် တက်လှမ်း

လက်ရှိ ပရီမီယာလိဂ်အမှတ်ပေးဇယား ထိပ်ဆုံးမှာ ဦးဆောင်နေတဲ့ မန်စီးတီးအသင်းနဲ့ လီဗာပူးအသင်းတို့ဟာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်မှာ ပြိုင်ဘက်အသင်းအသီးသီးကို အနိုင်ရရှိခဲ့တာကြောင့် ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခဲ့ပြီဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ကွာတားဖိုင်နယ်အဆင့်မှာ ဘင်ဖီကာအသင်းကို ပထမအကျော့မှာ သုံးဂိုး-တစ်ဂိုးနဲ့အနိုင်ရခဲ့ပြီး ဧပြီ ၁၄ ရက်နံနက်ပိုင်းမှာကစားခဲ့တဲ့ ဒုတိယအကျော့မှာ တစ်ဖက် သုံးဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် နှစ်ကျော့ပေါင်းရလဒ် ခြောက်ဂိုး-လေးဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

ဒုတိယအကျော့မှာ လီဗာပူးအသင်းနဲ့အတူ တစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ၂၀၀၆-၂၀၀၇ ရာသီမှာ ပီတာခရော့ချ်၊ ၂၀၁၇-၂၀၁၈ ရာသီမှာ မိုဟာမက်ဆာလာ၊ ၂၀၁၈-၂၀၁၉ ရာသီမှာ ဖာမီနိုတို့ပြီးရင် လီဗာပူးအသင်းအတွက် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်နှစ်ကျော့စလုံးဂိုးသွင်းယူနိုင်ခဲ့တဲ့ လေးဦးမြောက်ကစားသမားလည်း ဖြစ်လာခဲ့ပါတယ်။

ဒါ့အပြင် လီဗာပူးအသင်းနဲ့အတူ ပွဲထွက်ကစားခဲ့တဲ့ အသက် ၃၆ နှစ်အရွယ် ဂျိမ်းစ်မီနာဟာ ၂၀၁၂-၂၀၁၃ ရာသီမှာ ဝီအက်စ်ဂျီအသင်းနဲ့အတူ အသက် ၃၇ နှစ်အရွယ်မှာ ပွဲထွက်ကစားခဲ့တဲ့ ဒေးဗစ်ဘက်ခမ်းနောက်ပိုင်း ချန်ပီယံလိဂ်မှာပွဲထွက်ကစားခဲတဲ့ အသက်အကြီးဆုံးအင်္ဂလန်ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ဘင်ဖီကာအသင်းကို အနိုင်ရပြီးနောက် ဆီမီးဖိုင်နယ်အဆင့်မှာ ယူရိုပါလိဂ်ဖလားလေးကြိမ်အထိ ဆွတ်ခူးထားတဲ့ နည်းပြအူနိုင်အမ်မရီရဲ့ ဗီလာရီးယဲလ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

မန်စီးတီးအသင်းကတော့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်မှာ အက်သလက်တီကိုမက်ဒရစ်အသင်းကို နှစ်ကျော့ပေါင်းရလဒ် တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်မှာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။ ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ကို ဧပြီ ၂၆ ရက်နဲ့ ၂၇ ရက်တို့တွင်လည်းကောင်း၊ ဒုတိယအကျော့ကို မေ ၃ ရက်နဲ့ ၄ ရက်တို့တွင်လည်းကောင်းကျင်းပမှာဖြစ်ပြီး ဗိုလ်လုပွဲကို မေ ၂၈ ရက်မှာ ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ စတိတ်ဒီဖရန့်၌ ကျင်းပသွားမှာဖြစ်တယ်လို့ သိရပါတယ်။

# ကာမီရွန်နော်ရီးနဲ့ ဒန်အီဗန်တို့ မွန်တီကာလိုမာစတာ တင်းနစ်ပြိုင်ပွဲကို နှုတ်ဆက်ခဲ့ရပြီဖြစ်

ဗြိတိန်ပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမားနှစ်ဦးဖြစ်တဲ့ ကာမီရွန်နော်ရီးနဲ့ ဒန်အီဗန်တို့ဟာ ပြိုင်ဘက်အသီးသီးကို ရှုံးနိမ့်ခဲ့တာကြောင့် မွန်တီကာလိုမာစတာ တင်းနစ်ပြိုင်ပွဲကို လက်ပြနှုတ်ဆက်ခဲ့ရပြီဖြစ်ပါတယ်။

ဗြိတိန် နံပါတ်တစ် တင်းနစ်ကစားသမား ကာမီရွန်နော်ရီးဟာ မွန်တီကာလိုမာစတာတင်းနစ်ပြိုင်ပွဲရဲ့ ဒုတိယအဆင့်မှာ စပိန်တင်းနစ်ကစားသမား ရာမို့စ်ဗီနိုလက်ကို ၆-၄၊ ၂-၆၊ ၆-၄ နဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ ကမ္ဘာ့အဆင့်(၃၇)နေရာမှာရပ်တည်နေတဲ့ ရာမို့စ်ဗီနိုလက်ဟာ ကမ္ဘာ့အဆင့်(၁၀) နေရာမှာရပ်တည်နေတဲ့ ကာမီရွန်နော်ရီးနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ရွှံ့စေးကွင်းပွဲစဉ်လေးပွဲစလုံး အနိုင်ရရှိခဲ့သူလည်း ဖြစ်ပါတယ်။ ဗြိတိန်နံပါတ်နှစ် တင်းနစ်ကစားသမား ဒန်အီဗန်ဟာလည်း မွန်တီကာလိုမာစတာ တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်မှာ ဘယ်လ်ဂျီယံတင်းနစ်ကစားသမား ဒေးဗစ်ဂေါ့ဖင်ကို ၇-၆(၇-၃)၊ ၆-၂ နဲ့ရှုံးနိမ့်ခဲ့တာကြောင့် ပြိုင်ပွဲကနေထွက်ခဲ့ရတာဖြစ်ပါတယ်။ ဒန်အီဗန်ဟာ ပြီးခဲ့တဲ့နှစ်က မွန်တီကာလိုမာစတာတင်းနစ်ပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းခွင့်ရရှိခဲ့သူဖြစ်ပါတယ်။


ဗြိတိန်နံပါတ်တစ် တင်းနစ်ကစားသမား ကာမီရွန်နော်ရီး။

ငွေကြယ် - ရေးသားသည်



# အန်ဒရူးမက်ဒေါ်နယ်ကို သြစတြေးလျ ခရစ်ကက်အသင်းနည်းပြအဖြစ် ခန့်အပ်

သြစတြေးလျအမျိုးသားခရစ်ကက်အသင်းဟာ အန်ဒရူးမက်ဒေါ်နယ်ကို အသင်းရဲ့နည်းပြအဖြစ် ခန့်အပ်လိုက်ပြီ ဖြစ်ပါတယ်။ အန်ဒရူးမက်ဒေါ်နယ်ဟာ ၂၀၁၉ ခုနှစ်ကတည်းက သြစတြေးလျခရစ်ကက်အသင်းရဲ့ နည်းပြအဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး လက်ရှိမှာ သြစတြေးလျအမျိုးသားခရစ်ကက်အသင်းနဲ့အတူ လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့တာ ဖြစ်ပါတယ်။

သြစတြေးလျအမျိုးသားခရစ်ကက်အသင်းက အန်ဒရူးမက်ဒေါ်နယ်ကို ဂျက်စတင်လန်ဂါရဲ့နေရာမှာ အစားထိုးခန့်အပ်ခဲ့တာဖြစ်ပြီး ဂျက်စတင်လန်ဂါဟာ ကာလတိုစာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုဖို့ ငြင်းဆန်ခံခဲ့ရတာကြောင့် ဖေဖော်ဝါရီလအတွင်းက နည်းပြအဖြစ်ကနေ နုတ်ထွက်ခဲ့တာ ဖြစ်ပါတယ်။

# အိုလံပစ်ရွှေတံဆိပ်ဆုခုနစ်ဆု ဆွတ်ခူးထားတဲ့ အမေရိကန်ပြေးခုန်ပစ်မယ် အယ်လ်လီဆင်ဖီးလစ် ရာသီကုန်တွင် အနားယူမည်

အိုလံပစ်အားကစားပြိုင်ပွဲတွေကနေ ရွှေတံဆိပ်ဆုခုနစ်ဆုအထိ ရယူဆွတ်ခူးထားနိုင်ခဲ့တဲ့ အမေရိကန်ပြေးခုန်ပစ်မယ် အယ်လ်လီဆင်ဖီးလစ်ဟာ ရာသီကုန်မှာ ပြေးခုန်ပစ်အားကစားမယ်ဘဝကနေ အနားယူတော့မှာဖြစ်တယ်လို့ သိရပါတယ်။

အသက် ၃၆ နှစ်အရွယ် အမေရိကန်ပြေးခုန်ပစ်မယ် အယ်လ်လီဆင်ဖီးလစ်ဟာ ပြီးခဲ့တဲ့နှစ်က ဂျပန်နိုင်ငံ တိုကျိုမြို့မှာ ကျင်းပခဲ့တဲ့ အိုလံပစ်အားကစားပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး လက်ရှိအချိန်မှာ ပြေးခုန်ပစ်အားကစားမယ်ဘဝကနေ အနားယူတော့မှာဖြစ်လို့ တိုကျိုအိုလံပစ် အားကစားပြိုင်ပွဲဟာ အယ်လ်လီဆင်ဖီးလစ်အတွက် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ အိုလံပစ်ပြိုင်ပွဲလည်း ဖြစ်လာတော့မှာ ဖြစ်ပါတယ်။



ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

"ဟုတ်ကဲ့ခင်ဗျ"

"ဩော် ကိုငှက်ရိုး"

"ဟုတ်ကဲ့ အစ်မကြီး"

"ရှင့်လူကို ပြောလိုက်စမ်းပါ။ ကျွန်မအနေနဲ့ သူရဲ့ ချစ်ခြင်းမေတ္တာကို အစက ဒီထက်မက တန်လိမ့်မယ်ထင်ခဲ့တယ်လို့။ ဒီထက်မက တန်ဖိုးရှိလိမ့်မယ် ယူဆခဲ့တယ်လို့။ အခုတော့ သူတန်ဖိုးဖြတ်လိုက်တာက မဖြစ် စလောက် ကလေးပါလား။ နည်းလွန်းလှချေကလားရှင်။ နောက်တစ်ခုကလည်း သူတောင်းတဲ့ငွေဟာ ကျွန်မဘုရားလည်ဖူးရင် သူတောင်းစားတွေကို စွန့်ကြဲခဲ့တဲ့ငွေလောက်ပဲရှိတယ်ဆိုတာကိုလည်း တစ်ဆိတ်ကျေးဇူးပြုပြီး ပြောပေးစမ်းပါ ကိုငှက်ရိုး"

"ဟုတ်ကဲ့ အစ်မကြီး ပြောလိုက်ပါ့မယ်"

တစ်ဖက်က နှုတ်ဆက်စကားမဆိုဘဲ စကားပြောခွက်ကို ချထားလိုက်သည်။

လာလမ်းအတိုင်း ပြန်ခဲ့စဉ်တွင် သူ၏ခြေလှမ်းများမှာ နှေးကွေးလေးလံနေသည်။ မိမိကိုယ်ကို မြွေနှင့် မီးနှင့် ကစားသူများ ဖြစ်နေလေပြီလားထင်သည်။ ငွေရသည်ကတော့ ဟုတ်ပါပြီ၊ ထိုအတွက် အားထုတ်ရသည်မှာလည်း မည်သို့မျှ ပင်ပန်းခက်ခဲခြင်း မရှိသည်မှာလည်း မှန်ပါပြီ။ သို့စဉ်လျက် ပြဿနာမှာ အလွယ်နှင့်မှပြီးပါ့မလား။ ရှေ့အဖို့တွင် အခက်အခဲများနှင့် ကြုံဆုံရလေမည်လား စသည်ဖြင့် ကိုငှက်ရိုး ရင်လေးစွာတွေးနေမိသည်။

သူသည် ဆိုင်သို့ပြန်ရောက်ခဲ့သည်။

"အဆင်ပြေရဲ့ မဟုတ်လား ကိုငှက်ရိုး"

မောင်မောင်ဦးဆိုသူမေးသည်။

"ပြေပါတယ်"

ကိုငှက်ရိုးသည် တိုတိုပင်အဖြေပေးသည်။ သူ့အနေနှင့် သူစိမ်းရှေ့တွင် ဒေါ်ရေနံ့သာခင်ခင်ကြီးနှင့် ပြောခဲ့သောစကားများကို ပြန်ပြောမပြချင်။ မောင်မောင်ဦးဆိုသူကလည်း ပြောစေချင်ဟန်မရှိ။

သူတို့သည် ဝိုင်းကို အတန်ကြာအထိ ဆက်ကြပြီးနောက် ကိုငှက်ရိုးကပင် စ၍ လူစုခွဲဖို့ပြောသည်။ ဆိုင်မှထွက်ခဲ့သည်။

"သူငယ်ချင်း မင်းပြန်နှင့်ပေတော့။ ငါ သူနဲ့ ခဏလိုက်သွားလိုက်ဦးမယ်"

မောင်မောင်ဦးဆိုသူပြောသည်။ သူ၏အဖော်သည် ဘာမျှမပြောဘဲ ထွက်ခွာသွားသည်။

"သူက ဘယ်သူလဲဗျ"

ကိုငှက်ရိုး စပ်စုမိသေးသည်။

"ကျုပ်ရဲ့ သူငယ်ချင်းတစ်ယောက်ပါဗျာ"

မောင်မောင်ဦးဆိုသူ ခပ်ပေါ့ပေါ့ပြောသည်။

"ဘာဖြစ်လို့ မေးတာလဲဟင်"

ထပ်မေးသည်။

"ဩော်၊ ဒီလူ့ကိုကြည့်ရတာ တစ်ယောက်ယောက်နဲ့တူသလားလို့။ မြင်ဖူးတဲ့လူလားလို့"

စကားပြတ်သွားကြသည်။

အိမ်သို့လျှောက်လာကြရင်း ကိုငှက်ရိုးက ဒေါ်ရေနံ့သာခင်ခင်ကြီးနှင့် ဖုန်းဆက်ခဲ့သည့်အကြောင်းများကို ပြန်ပြောပြသည်။ မောင်မောင်ဦးဆိုသူက ခပ်ပေါ့ပေါ့ပင်။ အရေးမကြီးလှသလို နားထောင်နေသည်။

"သူ့ဆီက ကိုယ်လိုသလောက်ရခဲ့ပြီပဲဗျာ။ သူ့ကိုဆက်ပြီးဒုက္ခမပေးပါနဲ့တော့ပေါ့။ မဟုတ်လား"

စကားအဆုံး၌ ကိုငှက်ရိုးက တရားချမိသေးသည်။

သို့ဖြင့် အိမ်သို့ရောက်လာကြသည်။ မကြာမီမှာပင် မာစီဒီးကား ဆိုက်လာသည်။ ဒရိုင်ဘာလုပ်သူသည် စကားတစ်ခွန်းမျှလည်းမပြော။ သူတို့၏မျက်နှာကိုလည်းမကြည့်၊ သတင်းစာစက္ကူဖြင့်ထုပ်ထားသော အထုပ်တစ်ထုပ်ကို သူတို့နှစ်ယောက်ရှေ့သို့ ဘုံးခနဲပစ်ချလိုက်သည်။ ဘာမပြောညာမပြောနှင့်ပင် ပြန်လည်ထွက်ခွာသွားသည်။

အစသော် ကိုငှက်ရိုးရော မောင်မောင်ဦးဆိုသူပါ ကြောင်နေကြသည်။ အံ့အားသင့်နေကြသည်။ အထုပ်ကိုသာ မျက်တောင်မခတ်တမ်း ငေးနေမိကြသည်။

နောက်မှ မောင်မောင်ဦးဆိုသူက အထုပ်ကို ကောက်ကိုင်သည်။ အပေါ်မှပတ်ထားသောစက္ကူကို ဖြဲကြည့်သည်။ အထဲတွင် နှစ်ဆယ်တန် ငွေစက္ကူများကို တွေ့ရသည်။

ကိုငှက်ရိုးမှာ ဝမ်းသာရမည်လား၊ ဝမ်းနည်းရမည်လားမသိ။ အသိဟူသမျှ တွေနေသည်။ ဝေနေသည်။ တစ်ကိုယ်လုံးပင် တဆတ်ဆတ်တုန်ချင်လာသည်။

မောင်မောင်ဦးဆိုသူက ငွေစက္ကူတစ်ထပ်ကို ထုတ်ယူသည်။ နှစ်ဆယ်တန် ငါးချပ် အခေါက်ဆယ်ခေါက် ရေတွက်လိုက်သည်။ ကိုငှက်ရိုးအား လှမ်းပေးသည်။

ကိုငှက်ရိုးသည် ငွေကိုယူလိုက်သည်။ နည်းသည်များသည်မပြော။ စင်စစ်တွင်လည်း သူ၏တစ်သက်တာ၌ သည်မျှ များပြားသောငွေကို တစုတလုံးတည်း ဆုပ်ဆုပ်ခဲခဲ ရခဲ့ဖူးသည်မဟုတ်။ ငွေနှစ်ထောင်ကို တစ်နေ့တည်းရလိုက်ရသည် ဆိုခြင်းမှာ သူ့အဖို့ ကြီးစွာသော လာဘ်ရွှင်ခြင်းပေတည်း။

မောင်မောင်ဦးဆိုသူ ငွေထုပ်ပိုက်လျက် နှုတ်ဆက်ပြန်သွားသည်။

ကိုငှက်ရိုးကား တစ်ကိုယ်တည်း စိတ်တွက်တွက်လျက် ကျန်ရစ်သည်။ သူသည် အခြားအရာများကို မတွေးတော့။ ငွေနှစ်ထောင်အနက်မှ တစ်ထောင်ကို အိမ်ပြင်မည်။ ကျန်တစ်ထောင်ထဲမှ ငါးရာကို သုံးဖို့ထားမည်။ ငါးရာကိုတော့ မိန်းမက လိုချင်လှပါသည်ဟု တဖွဖွပြောနေသော ယိုးဒယားဘတ်ကြိုး တစ်ကုံး ဝယ်ပေးလိုက်မည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးနှင့်ပတ်သက်၍မူ သူပြောခဲ့သလို တစ်သက်လုံး တစ်ခါမျှမသိဖူးခဲ့သလိုပင် နေတော့မည်ဟု ဆုံးဖြတ်သည်။ လမ်း၌တွေ့လျှင်ပင် နှုတ်မဆက်တမ်းပေါ့။

စင်စစ် သည်အဖြစ်ကြောင့် ဒေါ်ရေနံ့သာခင်ခင်ကြီးနှင့် တစ်ကြိမ်သောကာလတွင် ထပ်မံရင်ဆိုင်ရဦးမည်ဆိုခြင်းကိုလည်း မစဉ်းစားမိ။ မတွေးမိ။

ပစ္စက္ခ၌မူ ကိုငှက်ရိုးသည် သူ့အတွေးနှင့်သူ ကြည်နူးနေပါချေ၏။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ခြံဝင်းအတွင်း၌ ခေါက်တုံ့ခေါက်ပြန်လျှောက်နေသည်။

သူ့ကိုကြည့်ရသည်မှာ စိတ်တည်ငြိမ်နိုင်ပုံမရ။ လှုပ်လှုပ်ရှားရှားဖြစ်နေသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးအား သည်ပုံစံမျိုးဖြင့် တစ်ကြိမ်တစ်ခါမျှ မမြင်ရစဖူး၊ သည်မျှ စိတ်ယောက်ယက်ခတ်နေခြင်းမျိုးကို မတွေ့ရစဖူး။ ထို့ကြောင့် နန်းကိန္နရီအပါအဝင် တစ်အိမ်သားလုံး အနေရကျဉ်းကျပ်နေသည်။ ဘာလုပ်၍ ဘာပြောရမည်လဲ မသိတတ်။

ဒေါ်ရေနံ့သာ ခင်ခင်ကြီး၏ရင်အတွင်း ဝင်ကြည့်မည်ဆိုပါက အဘယ်မျှ ပူလောင်ပြင်းပြနေမည်ကို သိနိုင်မည်။ သူ၏နှလုံးသားမှာ နာကြည်းခြင်း၊ ခံပြင်းခြင်းများဖြင့် တဆတ်ဆတ်ခါနေသည်။ ကြိတ်မနိုင်ခဲမရ ဖြစ်နေသည်။

စင်စစ် ငွေတစ်သောင်းဆိုသည်မှာ သူ့အတွက် ဘာမျှဖြစ်လောက်သော ငွေမဟုတ်၊ ယင်းငွေကို ပေးလိုက်ရသည့်အတွက် သူ့တွင် မည်သို့မျှ ထိခိုက်နစ်နာခြင်းလည်း မဖြစ်ခဲ့။ သို့တိုင်အောင် သည်ငွေတစ်သောင်းမှာ သူသုံးခဲ့ဖူးသည့်ငွေများအနက် နှမြောစရာအကောင်းဆုံးငွေဟု ထင်သည်။

သည်ငွေတစ်သောင်းကို သူ၏ အသည်းနှလုံး တစ်မြှုတစ်မလုံးနှင့် လဲလှယ်လိုက်ရသည့်ငွေဟုထင်သည်။ အချစ်နှင့် လဲလှယ်လိုက်ရသည့်အရာဟု တွက်သည်။ တစ်သက်လုံး ထိန်းသိမ်းချုပ်တည်းခဲ့ရသမျှ အလဟဿပါကလားဟု တွေးသည်။

ရင်ထဲတွင် အခြားမည်သည့်ခံစားရမှုမျှ မရှိတော့။ နာကြည်းခံပြင်းခြင်းဝေဒနာကသာ လွှမ်းမိုးကြီးစိုးနေသည်။ ယင်းဝေဒနာသည် စိတ်အတွေးကိုသာမက လူကိုပါ ယောက်ယက်ခတ်မျှ လှုပ်ရှားစေသည်။ ငွေအပို့ခိုင်းလိုက်သော မာစီဒီးကား ပြန်လာသည်။ ဦးမွန်ကြီးက တံခါးဖွင့်ပေးသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးကို တံခါးအနီးတွင် တွေ့ရသဖြင့် ကားရပ်လိုက်သည်။ ဒရိုင်ဘာသည် မော်တော်ကားတံခါးပေါက်မှ ခေါင်းပြူထွက်လာသည်။

"ပေးခဲ့ပြီလား"

ဒေါ်ရေနံ့သာခင်ခင်ကြီး မေးသည်။

"ဟုတ်ကဲ့"

ဒရိုင်ဘာက ဖြေသည်။

"ဘယ်သူ့ကိုပေးခဲ့တာလဲ"

"ဟိုလူပြက်နဲ့ တခြားလူတစ်ယောက်ကိုပဲ"

ဒါပဲပေါ့။ ပြီးပြီပေါ့။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် တစ်ဝက်မကရှည်သော စီးကရက်ကို လွှင့်ပစ်ရင်းက ပြောလိုက်သည်။

ဒရိုင်ဘာသည် ကားကိုဂိုဒေါင်သို့ အရောက်မောင်းသွားသည်။

ဒေါ်ရေနံ့သာ ခင်ခင်ကြီးသည် ဦးမွန်ကြီးထံလာသည်။ ဦးမွန်ကြီးသည် သူ့ထံမှအမိန့်ကို နာခံရန် အသင့်ဖြစ်နေသည်။

"ဒီမယ် ဦးမွန်ကြီး ကျွန်မပြောတဲ့စကားကို သေသေချာချာနားထောင်စမ်းပါ။ ဒီနေ့ကစပြီး ကျွန်မတို့ အိမ်ခြံဝင်းထဲကို ဘယ်သူစိမ်းမှမဝင်စေနဲ့။ အထူးသဖြင့် ဦးမွန်ကြီး ဟိုတစ်နေ့ကတွေ့ခဲ့ရတယ်ဆိုတဲ့လူ၊ သူ့နာမည် မောင်မောင်ဦး၊ နောက် ကိုငှက်ရိုးဆိုတဲ့လူ၊ အဲဒီလူတွေဆိုရင် ခြံဝင်းထဲ အဝင်ခံဖို့နေနေသာသာ ခြံရိပ်ကိုတောင် မနင်းစေနဲ့။ ဦးမွန်ကြီးကို ကျွန်မ အာဏာကုန်လွှဲအပ်တယ်။ ဦးမွန်ကြီးရဲ့အစွမ်းအစကိုလည်း ကျွန်မမြင်ချင်တယ်။ နောက်တစ်ခုက တကယ်လို့ လက်လွန်ခြေလွန်ဖြစ်သွားပေစေဦး၊ ဘာတစ်ခုမှမပူနဲ့ ဦးမွန်ကြီးဖက်က ကျွန်မ မားမားရပ်မယ်၊ အစစအရာရာ ကျွန်မတာဝန်ယူမယ်။ ဟုတ်ပြီလား ဦးမွန်ကြီး"

ဦးမွန်ကြီးသည် တိုက်ပွဲတစ်ပွဲ တိုက်ရအံ့သော အချိန်၌ စစ်ခေါင်းဆောင်၏အမိန့်ကို ဦးလည်မသုန် နာခံနေသော စစ်သားကောင်းတစ်ယောက်နှယ် ဒေါ်ရေနံ့သာခင်ခင်ကြီး၏စကားကို စေ့စပ်သေချာစွာ နာခံမှတ်သားနေလေသည်။

x x x x x

[၁၁]

ကိုကျော့မောင်နှင့် ကိုငှက်ရိုးတို့နှစ်ယောက် တီးတိုးလုပ်နေကြသည်ကိုလည်း မြင်ရသည်။

ကိုကျော့မောင်က ဖြုန်းစားကြီးဆိုသလို ချေးယူထားသော ငွေငါးထောင်ကိုပြန်ဆပ်သည်။ ကိုကျော့မောင်တွင် သုံးစွဲစရာ လက်ကျန်ငွေလည်း ရှိနေသေးသည်။ ထိုအဖြစ်များအတွက် ကိုမောင်မောင်ဦးမှာ တအံ့တဩကြီးဖြစ်နေရသည်။ ကိုကျော့မောင်နှင့် ကိုငှက်ရိုးတို့တွင် တစ်ခုခုရှိရမည်ဟု တွက်သည်။

သို့ပေမဲ့ ဖွင့်မေး၍ မကောင်းတတ်ဟုတွေးကာ ငွေကိုလက်ခံပြီးနောက် တစ်စုံတစ်ရာမျှ မမေးဘဲ နေခဲ့သည်။ ငွေအကြောင်းနှင့်စပ်လျဉ်း၍ တစ်စွန်းတစ်စမျှမဟဘဲ နေခဲ့သည်။

ယင်းအချိန်တွင် ကိုကျော့မောင်မှာ များစွာ စိတ်လှုပ်ရှားလျက် ရှိလေသည်။

အစသော် ဒေါ်ရေနံ့သာခင်ခင်ကြီးထံမှငွေကို လက်ခံခဲ့ခြင်းအတွက် သူ့မှာ အလေးအနက် တွေးတောစဉ်းစားချက် တစ်ချက်မျှမရှိခဲ့ချေ။ ယင်းငွေကို သည်မျှ မြန်မြန်ဆန်ဆန်ကြီး လက်ခံရရှိလိမ့်မည်ဟုလည်း မတွေးခဲ့။ သည်မျှ များပြားသောငွေကို သည်လို လွယ်လွယ်ကူကူရလိမ့်မည် မထင်ခဲ့။

မည်သို့မျှ မျှော်လင့်ထင်မှတ်ခြင်း မရှိပါဘဲလျက် ငွေကို ရုတ်တရက် လက်ခံရရှိလိုက်လေတော့လည်း အံ့အားသင့်ရသည်မှအပ အခြား ဘာမျှမတွေးတတ်နိုင်။ တွေးဖို့တော့ အချိန်မရလိုက်။

**ဆက်လက်ဖော်ပြပါမည်။**

"ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ခြံဝင်းအတွင်း၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။
သူမကိုကြည့်ရသည်မှာ စိတ်တည်ငြိမ်နိုင်ပုံမရ။ လှုပ်လှုပ်ရှားရှားဖြစ်နေသည်။
ဒေါ်ရေနံ့သာခင်ခင်ကြီးအား သည်ပုံစံမျိုးဖြင့် တစ်ကြိမ်တစ်ခါမျှ မမြင်ရစဖူး၊
သည်မျှ စိတ်ယောက်ယက်ခတ်နေခြင်းမျိုးကို မတွေ့ရစဖူး။
ထို့ကြောင့် နန်းကိန္နရီအပါအဝင် တစ်အိမ်သားလုံး အနေရကျဉ်းကျပ်နေသည်။
ဘာလုပ်၍ ဘာပြောရမည်လဲ မသိတတ်။
ဒေါ်ရေနံ့သာခင်ခင်ကြီး၏ရင်အတွင်း ဝင်ကြည့်မည်ဆိုပါက
အဘယ်မျှ ပူလောင်ပြင်းပြ . . ."**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**




## ဘဝနတ်ထံပျံလွန်တော်မူခြင်း လှိုင်လင်မြို့၊ တပ်ဦးရတနာစည်စာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တသီလာနန္ဒ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် သိက္ခာတော်(၅၇)ဝါ၊ သက်တော် (၇၇)နှစ်၏ ထေရုပ္ပတ္တိအကျဉ်း

ဆရာတော်လောင်းလျာကို ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နေ ခမည်းတော် ဦးဘခင် + မယ်တော် ဒေါ်သောင်းတို့မှ ၁၃၀၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၅) ရက်၊ သောကြာနေ့တွင် သန္ဓေသန့်စင်ဖွား မြင်တော်မူခဲ့သည်။ ဆရာတော်လောင်းလျာသည် သန္ဓေသန့်စင်ဖွားမြင်ပြီးနောက် အသက်(၁၃)နှစ်အရွယ် ကောဇာသက္ကရာဇ် ၁၃၂၀ ပြည့်နှစ်၊ တပေါင်းလကွယ်နေ့တွင် ကွမ်းခြံကုန်းမြို့ ဓမ္မိကာရုံ လယ်တီကျောင်း တိုက် ဆရာတော် ဘဒ္ဒန္တစာရိန္ဒကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့သည်။ "ရှင်သီလာနန္ဒ" ဟု ဘွဲ့တော်နာမတွင်ခဲ့သည်။

ကောဇာသက္ကရာဇ် ၁၃၂၇ ခုနှစ်၊ ကဆုန်လပြည့် စနေနေ့ နံနက် (၉ နာရီ ၁၀ မိနစ်)အချိန်တွင် ရှမ်း ပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့၊ မဟာစည်သာသနာ့ရိပ်သာ ခဏ္ဍသိမ်၌ ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓါစာရကို ကျောက်ထီးတန္တအလေးဂရု ဥပဇ္ဈာယ်ပြုလျက် သီလရှင်ဆရာကြီး ဒေါ်ဝိစာရီ၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဆရာတော်ဘုရားသည် သကျန္တယ်ဇတ် ရဟန်းမြတ်အဖြစ်သို့ ရောက်ရှိ တော်မူခဲ့သည်။ နမ့်ခမ်းမြို့၊ မဟာစည်သာသနာ့ရိပ်သာ ဆရာတော်ဘဒ္ဒန္တဝိသုဒ္ဓါစာရ စသော စာချဆရာတော်များ ထံမှောက်၌ ဆရာတော်ဘုရားသည် သွားရောက် သီတင်းသုံးကာ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပါသည်။

အောင်မြင်ခဲ့သော စာမေးပွဲများ - ပထမငယ်တန်း (၁၃၂၅) ခုနှစ်၊ ပထမလတ်တန်း (၁၃၂၆) ခုနှစ်၊ ပထမကြီးတန်း (၁၃၂၇) ခုနှစ်။

ဆရာတော်ဘုရားသည် ၁၃၂၈ ခုနှစ် (၁၉၉၆) ခုနှစ် မှ ၁၃၄၂ (၁၉၈၀)ခုနှစ်အထိ လားရှိုးမြို့၊ မဟာဗောဓာရုံ ပါဠိတက္ကသိုလ်ကျောင်း၊ နမ့်ခမ်းမြို့၊ မဟာစည် သာသနာ့ရိပ်သာနှင့် မြို့လယ်ကျောင်းတိုက်၊ နမ့်ခမ်းမြို့နယ်၊ မိုင်းဝီတိုက်နယ်၊ လွယ်ဟွမ်ကျေးရွာ၊ ပရဟိတဘုန်းတော်ကြီးကျောင်းတိုက်တို့၌ ရှင်ငယ်၊ ရဟန်းငယ်များ၊ တိုင်းရင်းသားကျောင်းသား၊ ကျောင်းသူများအား လိုအပ်သလို စာပေပညာများကို သင်ကြားပို့ချပေးခဲ့သည်။

၁၉၈၀ ခုနှစ်မှ စ၍ လှိုင်လင်မြို့ ရတနာစည်စာသင်တိုက် သို့ ရောက်ရှိသီတင်းသုံးပြီး မူလကျောင်းကြီး၊ ဓမ္မာရုံ၊ သိမ်၊ ဆွမ်းစားကျောင်း၊ စာချကျောင်းများ ဆောက်လုပ်ပြီး စာသင်သားသံဃာ(၅၀)ကျော်တို့အား ပစ္စည်းလေးပါး လစ်ဟင်းမှုမရှိအောင် စီမံအုပ်ချုပ်လျက် သာသနာအကျိုးသယ်ပိုးခဲ့ပါသည်။

ဆရာတော်သည် ဘာသာ၊ သာသနာအကျိုးသယ်ပိုးဆောင်ရွက်ခဲ့ရာ နိုင်ငံတော်မှ ချီးမြှင့်အပ်နှင်းသည့် "မဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်တော်ကို သာသနာတော်နှစ် ၂၅၄၆၊ ကောဇာသက္ကရာဇ် ၁၃၆၄ ခုနှစ်၊ ပြာသိုလဆန်း (၂) ရက် (၄-၁-၂၀၀၃) တွင်လည်းကောင်း၊ "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့ တံဆိပ်တော်ကို သာသနာတော်နှစ် ၂၅၅၂၊ ကောဇာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် ၊ ပြာသိုလဆန်း(၉)ရက် ၊ (၄-၁-၂၀၀၉)တွင်လည်းကောင်း ဆက်ကပ်ခြင်းခံခဲ့ရပါသည်။

ဆရာတော်ဘုရားသည် အမျိုး၊ ဘာသာ၊ သာသနာ့အကျိုးပြုစာပေများကိုရေးသားရာတွင် "သာကီသီလာနန်" ကလောင်အမည်ဖြင့်လည်းကောင်း၊ "ရတနာစည်သီလ"ကလောင်အမည်ဖြင့်လည်းကောင်း စာစောင်၊ မဂ္ဂဇင်းတို့၌ ကဗျာ၊ ဆောင်းပါးများရေးသားခဲ့ပြီး ၁၉၉၀ ပြည့်လွန်နှစ်များမှစ၍ "ရတနာစည် ဆရာတော်(လှိုင်လင်)" ကလောင်အမည်ဖြင့် သတင်းစာများ၌ တိုင်းကျိုးပြည်ပြု ဆောင်းပါးများရေးသားခဲ့ရာ ယင်းဆောင်းပါးများစုစည်း၍ ပြန်ကြားရေး ဝန်ကြီးဌာနက ဆောင်းပါးပေါင်းချုပ်စာအုပ်အဖြစ် (၃)အုပ်ထုတ်ဝေခဲ့ပြီး စုစုပေါင်းဆောင်းပါးအပုဒ်ရေ (၅၀၀)ကျော်ရှိခဲ့သည်။

ရတနာစည်ဆရာတော်ဘုရားသည် ၁၉၉၇ ခုနှစ်တွင် လှိုင်လင်မြို့၊ ရပ်ကွက်(၄)သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် အဖြစ်ရွေးချယ်တင်မြှောက်ခံရ ပြီး (၁၉၉၅)ခုနှစ်တွင် လှိုင်လင်မြို့နယ် သံဃနာယကအဖွဲ့ဝင် အဖြစ်ရွေးချယ်တင်မြှောက်ခံရကာ (၂၀၀၁)ခုနှစ်မှစ၍ မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်၊ (၂၀၁၀)ခုနှစ်မှစ၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန် ဆောင်ဆရာတော်အဖြစ် ရွေးချယ်တင်မြှောက်ခံရသောကြောင့် သံဃာ့တာဝန်အရပ်ရပ် သာသနာရေး ကိစ္စများကို ကျေပွန်စွာထမ်းဆောင်ခဲ့ပါသည်။ ရတနာစည်ဆရာတော်(လှိုင်လင်)သည် ၁၃၈၃ ခုနှစ် တန်ခူးလဆန်း ၁၀ ရက်၊ (၁၀-၄-၂၀၂၂)တနင်္ဂနွေနေ့ မွန်းလွဲ (၁၂ နာရီ ၂၀ မိနစ်)အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူသွားခဲ့ရာ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၁) ရက်၊ (၁၆-၄-၂၀၂၂) ခုနှစ်၊ မွန်းတည့် (၁၂)နာရီ တွင် အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပသွားမည်ဖြစ်ပါသည်။

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ်(၂၃၈)၊ (အလျား ၄၄ပေx အနံ ၆၀ပေ)၊ ဧရိယာ (၀.၀၆၀)ဧက၊ (၂၆၄၀)စတုရန်းပေ အကျယ်ရှိ နှစ်(၆၀) မြေငှားဂရန်အမျိုးအစား မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်ကို မျက်နှာမူ၍ကြည့်သော် (ညာခြမ်း)၊ (အလျားပေ ၂၂xအနံပေ ၆၀) အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ချမ်းမြေ့သာယာလမ်း၊ အမှတ် (၆၇)ဟုခေါ်တွင်သော မြေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးစိုးဝင်း (CE-၁၀၃၆၁၇)အမည်ပေါက်ကြောင်း၊ ဦးစိုးဝင်းမှာ(၁၀-၉-၂၀၁၅)ရက်တွင် ကွယ်လွန်ခဲ့ပြီး၊ ရောင်းသူများဖြစ်သော (၁)ဒေါ်ရီရီဝင်း[၁၂/လမန(နိုင်)၀၄၂၁၈၁]၊ (၂)ဒေါ်စန်းစန်းဝင်း[၁၄/ဓနဖ(နိုင်)၀၈၃၇၀၈]၊ (၃)ဦးစိုးအောင်မင်း[၁၂/ဗဟန(နိုင်)၀၇၄၈၃၅]၊ (၄)ဦးလှမျိုးအောင် [၁၂/ဗဟန(နိုင်)၀၀၂၄၆၉]နှင့် (၅)ဦးနေမျိုးအောင်[၁၂/ဗဟန(နိုင်)၀၀၃၅၁၉]တို့မှ အမွေဆက်ခံပိုင်ဆိုင်ခဲ့ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဝင်းစိုး[၁၂/ကမရ(နိုင်)၀၅၄၆၇၄]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤမြေနှင့်အိမ်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုငြိမ်း LL.B.,D.B.L.,D.I.L.**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၉၂၈၉**
**အမှတ်(၅၅)၊ အခန်း(၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၃၇၃၀၄၆၊ ၀၉-၅၄၀၆၆၁၁**

## ကန့်ကွက်နိုင်ပါသည်

ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ သံတွဲမြို့နယ်၊ သရက်ပင်ကွင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်-၂၂၃(က)၊ သရက်ပင်ကွင်းကွင်း၊ ဦးပိုင်အမှတ်(၁၆၇/၁၆၈)၊ အကျယ်အဝန်း ဧရိယာ(၁၄.၀၁)ဧက၊ ဥယျာဉ်ခြံမြေအမျိုးအစားမြေကွက်နှင့် မြေကွက်ပေါ်ရှိ သီးပင်စားပင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမှန်တကယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးတင်ဝင်း[၁၁/သတန(နိုင်)၀၂၀၀၂၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းမြမြထွေး(LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၅၉၇/၂၀၁၅)**
**အမှတ်(၇၀၈)၊ ဣန္ဒာ(၁၁)လမ်း၊ (ဌ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-254060150**




## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ စေတနာလမ်း၊ တိုက်အမှတ်(၇) (နှစ်ခန်းတွဲ)၇ထပ်တိုက်၏ပထမထပ်-A(ခေါင်းရင်းခန်း)သည် ၁။ ဒေါ်မြင့်မြင့်[၁၂/ကမရ(နိုင်)၀၄၀၄၉၅]၊ ၂။ ဒေါ်ခင်ဌေး(ခ)ဒေါ်ဌေး[၁၂/ကမရ(နိုင်)၀၄၀၈၀၅]၊ ၃။ ဒေါ်ခင်စောအောင် [၁၂/ကမရ(နိုင်)၀၃၄၈၂၈]ညီအစ်မ(၃)ဦးပိုင်ဆိုင်သော အမွေဆိုင်ဖြစ်ပါသည်။ အမွေဆိုင်(၃)ဦးစလုံး၏ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းများပြုလုပ်ခွင့်မရှိပါ။ ပြုလုပ်ပါက တရားဥပဒေအရ တရားစွဲဆိုမည်ဖြစ်ကြောင်းနှင့်ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်၊ ဒေါ်ခင်စောအောင်တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလာ(LLB)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)KHIN MAR LAR LAW FIRM**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း-၀၉-၅၁၈၀၈၂၀**

## ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ ကန်ထရိုက်တိုက်သစ်၊ အမှတ်(၂၈၀)ရှိ (၂)ခန်းတွဲ ၈ ၁/၂ ထပ်တိုက်၏ ပထမထပ်(၂)လွှာခြေရင်းတိုက်ခန်းတစ်ခန်းနှင့် ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးနေလင်းထွန်း[၁၃/တကန(နိုင်)၁၄၉၆၀၇]ထံမှ ကျွန်ုပ်မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မျိုးသိန်း LL.B,D.B.L,D.I.L,D.A.Psy**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၃၃)**
**အမှတ်(၅၀)၊ အခန်း(D2)ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၈၅၅၅၀၂၅၄**

**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**




## အမှားပြင်ဆင်ချက်

(၁၄-၄-၂၀၂၂)ရက်နေ့ထုတ်ကြေးမုံ သတင်းစာပါ စာမျက်နှာ(၂၅)၏ ပထမကော်လံတွင် ဖော်ပြပါရှိသော "ကန့်ကွက်နိုင်ပါကြောင်း" ကြော်ငြာစာတွင် အိမ်အမှတ်၅၅၂၊ တတိယထပ်အစား ၅၅၁ ဒုတိယထပ် (၃လွှာ)ဟုလည်းကောင်း၊ ဒေါ်တင်မိုးဝင်း အစား ဒေါ်တင်မိုးဝေဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပေးပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရီနွယ်ထွန်း**
**အထက်တန်းရှေ့နေ(စဉ်-၅၀၆၁၁/၂၀၁၈)**

### ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၂-၂၀၂၂ ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ(၃၀)ပါ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/ငွေကြာယံအိမ်ရာ)၊ မြေကွက်အမှတ်(၇၀)နှင့် ဒေါ်စောမြသီရိ (၁၂/အစန(နိုင်)၁၁၂၇၅) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## သင့်သွေးဖြင့် အသက် ကယ်ပါ

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၅ ရပ်ကွက်၊ ကမာရွတ်ဘူတာရုံလမ်း၊ အေးရိပ်မွန်အိမ်ရာ၊ အပိုင်း(၁)၊ တိုက်(၁)၊ ဒုတိယထပ်၊ အခန်း-၂၀၅ နေ ဒေါ်ကျော့စိန် [၁၂/စခန(နိုင်)၀၁၇၇၆၃]၏ သား မောင်ထက်အောင်လှိုင် [၁၂/လမန(နိုင်)၁၄၃၃၁၀]နှင့်ပတ်သက်၍ အမျိုးမျိုးသော စိတ်သောက စိတ်ဒုက္ခများ ကြုံတွေ့ခံစားနေရပါသောကြောင့် ဆက်လက်၍ သည်းခံနိုင်စွမ်းမရှိတော့ပါ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက် သည်။ နောက်နောင် မောင်ထက်အောင်လှိုင်နှင့် ပတ်သက်သည့် စီးပွားရေး၊ လူမှုရေးနှင့်အခြား မည်သည့်ကိစ္စရပ်များကိုမဆို လုံးဝ တာဝန်မယူနိုင်တော့ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ကျော့စိန် [၁၂/စခန(နိုင်)၀၁၇၇၆၃]**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၁) ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ မြေတိုင်းရပ်ကွက် (၁၆/၁)၊ အမှတ်(၉၉၁)၊ ဦးတင်အေး(ဘ)ဦးဝက်[၁၂/ဥကတ(နိုင်)၁၁၇၅၇၁] ကိုင်ဆောင်သူ၏ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၈) ထပ်ခွဲ၊ (RC) တိုက်ခန်းမှ (၅-လွှာ) (ဘီ)၊ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးကျော်လွင်ဦး [၁၂/ဥကတ(နိုင်)၀၃၅၈၉၂] နှင့် ဒေါ်ဝါဝါလှိုင်[၁၂/ဥကတ(နိုင်)၀၄၇၇၉၉] တို့မှ ဦးတင်အေး (ဘ) ဦးဝက်ထံမှ ပိုင်ဆိုင်မှုစာချုပ်စာတမ်းဖြင့် တိုက်ခန်းအား အပြီးအပိုင် ဝယ်ယူထားပြီးဖြစ်ကြောင်းနှင့် အဆိုပါ တိုက်ခန်းအား ပိုင်ရေးဆိုင်ခွင့်ရှိသူများနှင့် အခြားတစ်နည်းနည်းဖြင့် ပတ်သက်ဆက်နွယ်နေသူ မည်သူမဆို ကြေညာသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားများနှင့်အတူ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသော ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဤတိုက်ခန်းကို ဝယ်ယူထားသော ကျွန်ုပ်မိတ်ဆွေများသာ တရားဝင်အပြီးအပိုင် ပိုင်ဆိုင်သူဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**၁။ ဦးကျော်လွင်ဦး[၁၂/ဥကတ(နိုင်)၀၃၅၈၉၂]နှင့်**
**၂။ ဒေါ်ဝါဝါလှိုင်[၁၂/ဥကတ(နိုင်)၀၄၇၇၉၉]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သန္တာထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၀၇)(၁၆-၅-၂၀၁၇)**
**အမှတ်(၁၂၀)၊ ပြည်တော်အေးလမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်။**
**Ph:09-420111442**

# အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓါတ်ဆားဓါတ်များ ဆုံးရှုံးမှုပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင်အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန်လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ၊

(၄) အလင်းပြန်သော အဖြူရောင်(သို့မဟုတ်)အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓါတ်ဆားဓါတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓါတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၈) မိတ်နှင့် ယားဖုများ ထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့်ဓါတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန်အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြား(၂)ဖက်နှင့် ပေါင်ခြံ(၂)ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်းစသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက် ပြသ၍ ကုသမှုခံယူစေပါ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒို့နိုင်ငံဟာ နေရာဒေသအလိုက် ပထဝီအနေအထား၊ တိုင်းရင်းသားလူမျိုးစုများ၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှုစတဲ့ မတူကွဲပြားမှုများစွာနဲ့ သမိုင်းအစဉ်အဆက်မှာ အတူတကွ ပေါင်းစည်းနေထိုင်ခဲ့ကြတာဖြစ်ပြီး ရေမြေပိုင်နက် နယ်နိမိတ်နဲ့ အချုပ်အခြာအာဏာပိုင် တည်တံ့ခိုင်မြဲပြီး ခိုင်မာတဲ့သမိုင်းကြောင်းရှိတဲ့ ပြည်ထောင်စုနိုင်ငံဖြစ်တယ်။

ဒီလိုသမိုင်းကြောင်းအစဉ်အဆက်မှာ တိုင်းရင်းသားများနဲ့ ပေါင်းစည်းနေထိုင်လာခဲ့တဲ့ ပြည်ထောင်စုဖြစ်တဲ့အပြင် ဒို့ရဲ့အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် "ပြည်ထောင်စု (Union)" ဆိုတဲ့စကားကို ရွေးချယ်ပေးခဲ့တာဖြစ်တဲ့အတွက် မိမိတို့အနေနဲ့ အလေးထားအကောင်အထည်ဖော်နေတာဖြစ်တယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမဟာသရေစည်သူ မင်းအောင်လှိုင်၏ (၇၇)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ ရေကစားမဏ္ဍပ်များသို့ သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် မေ ၁၄

မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်အကျနေ့ဖြစ်သော ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ ရေကစားမဏ္ဍပ်များ၌ သင်္ကြန်ချစ်သူပြည်သူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက မဟာသင်္ကြန်ရေသဘင်ပွဲအား ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုရေကစားမဏ္ဍပ်၌ နိုင်ငံကျော်အနုပညာရှင်များနှင့် တေးသံရှင်များ၊ မိသားစုသင်္ကြန် ယိမ်းအကအဖွဲ့များက သီဆိုကပြဖျော်ဖြေကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုရေကစားမဏ္ဍပ်၌ မိသားစုသင်္ကြန်ယိမ်းအကအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးစဉ်။

# သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့၌ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများဆောင်ရွက်မည့် အကြမ်းဖက်အဖွဲ့ဝင်များကို လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ



၂၀၂၂ ခုနှစ် မတ် ၂၃ ရက်တွင် အလုံမြို့နယ် သခင်မြပန်းခြံအနီး၌ YBS ယာဉ်တစ်စီး မီးရှို့ဖျက်ဆီးခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် မေ ၁၄

နိုင်ငံတော်အစိုးရအနေဖြင့် CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက ပြည်သူလူထုကို လုပ်ကြံသတ်ဖြတ်ခြင်းနှင့် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်အတွက် နိုင်ငံတော်အစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် ပြည်သူလူထုပိုင်အဆောက်အအုံများကို အကြောင်းမဲ့ဖောက်ခွဲဖျက်ဆီးခြင်း၊ သင်္ကြန်ကာလအတွင်း အပြစ်မဲ့ပြည်သူများကို ထိတ်လန့်ကြောက်ရွံ့စေရန် ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်နိုင်မှုမရှိစေရေး ဖော်ထုတ်ဖမ်းဆီးခြင်းများ နေ့/ညမပြတ် ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✻

**ယနေ့ ဖတ်စရာ**

**စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ချို့၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ကျောင်းထိုင်ဆရာတော် တစ်ပါးနှင့် ဒုလ္လဘရဟန်းနှစ်ပါးအား သေနတ်များဖြင့် ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်**

စာမျက်နှာ ၁၄

**လီဗာပူးအသင်းနဲ့ မန်စီးတီးအသင်းတို့ ချန်ပီယံလိဂ်ဆီးမီးဖိုင်နယ် တက်လှမ်း**

စာမျက်နှာ ၂၈